# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၂၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၇၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး (၇၇)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား ဂါရဝပြုနှုတ်ဆက်

နေပြည်တော် မတ် ၂၆

(၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများသည်လည်း ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခို နေထိုင်လျက်ရှိသည်။

အဆိုပါ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ယနေ့ညနေပိုင်းတွင် သွားရောက်၍ တွေ့ဆုံဂါရဝပြု နှုတ်ဆက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို တစ်ဦးချင်းလိုက်လံ ဂါရဝပြု နှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေး ဆိုင်ရာ လိုအပ်ချက်များကို မေးမြန်း၍

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ တို့ (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်မည့် အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦးနှင့် ဇနီးတို့အား တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။


**ယနေ့** ဖတ်စရာ

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်း

ဘွဲ့တံဆိပ်များ | စာ - ၅




ကာကွယ်ဆေးထိုးပြီး ခရီးသည်များအတွက် အသွားအလာ စောင့်ကြည့်ကန့်သတ်မှု စင်ကာပူ ဖြေလျှော့ပေးမည်

နိုင်ငံတကာသတင်း | စာ - ၁၇

မုန်တိုင်းကြားက မျိုးချစ်တပ်မတော်နှင့် ပြည်သူများ

ဆောင်းပါး | စာ - ၂၀



မြန်မာ့အလင်း

## မဖြစ်မနေ ကြိုးပမ်းအကောင်အထည်ဖော်

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရမှာ ဒီမိုကရေစီ ဖြစ်သည်။ နိုင်ငံတော်အခြေခံမူများတွင် နိုင်ငံတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးနှင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်ဟူ၍ ပြဋ္ဌာန်းထားသည်။ တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်ခြင်းသည် ဒီမိုကရေစီအနှစ်သာရများကို စောင့်ရှောက်ခြင်းဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ကူညီ ဆောင်ရွက်ရန် တပ်မတော်က ဦးတည်ထားသည်။

နိုင်ငံတော်အစိုးရက တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့ခြင်းနှင့် နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်များမှ ဆက်လက်ဖြစ်ပေါ်လာသည့် မငြိမ်မသက်မှုများ၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ စသည့်အကြောင်းတရားများကြောင့် ပြည်တွင်း၌ စီးပွားရေး တုံ့ဆိုင်းကျဆင်းမှုနှင့် ပြည်တွင်းဝယ်ယူစားသုံးမှုတို့ ကျဆင်းခဲ့သည်။ ယခုအခါ အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု ကျဆင်းသွားခဲ့ပြီဖြစ်သကဲ့သို့ အကြမ်းဖက်မှုများမှာလည်း ငြိမ်းအံ့ဆဲဆဲ မီးတောက်သဖွယ် အခြေအနေသို့ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။ မိမိတို့နိုင်ငံတွင် ရေ၊ မြေ သယံဇာတ ပေါများသည့်အလျောက် စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှုများ မြှင့်တင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ဖြင့် စားနပ်ရိက္ခာ ပေါများဖူလုံပြီး စားသုံးမှုမြင့်မားလာမည်ဖြစ်ရာ တပ်မတော်က ကျရာကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်သွားရန်လည်း ဦးတည်ထားသည်။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အနှစ်နှစ်အလလကပင် လိုချင်တောင့်တခဲ့ကြသည့် တူညီသောဆန္ဒမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးပင်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၂ ခုနှစ်ကိုငြိမ်းချမ်းရေးနှစ်အဖြစ် အလေးထားကြိုးပမ်းလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း ယခုနှစ်ကုန်အထိ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပေးထားကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံမှုများလည်း ပြုလုပ်လျက်ရှိသည်။ လက်ရှိကာလသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလဖြစ်ပြီး လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းဆောင်တာများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းများအားလုံးသည် အချိန်ကာလအကန့်အသတ်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ရာ တပ်မတော်ကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်လျက်ရှိသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ရဲဘော်သုံးကျိပ်တို့ လက်မောင်းသွေးဖောက်သစ္စာရေသောက်၍ ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ၊ အိုင်၊ အေ) မှစတင်ပါက မြန်မာ့တပ်မတော်၏သက်တမ်းမှာ နှစ်ပေါင်း ၈၀ ပြည့်ခဲ့ပြီးဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစတင်ကာ ခေတ်အဆက်ဆက်တွင် နိုင်ငံနှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်ရေးအတွက် တပ်မတော်ကို အဆင့်ဆင့်တည်ဆောက်ခဲ့ရသည်။ မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများနှင့်အညီ မြန်မာ့တပ်မတော်ကိုလည်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်သွားရမည်ဖြစ်ရာ (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များကို အကောင်အထည်ဖော်ခြင်းသည် မျက်မှောက်ကာလ နိုင်ငံ၏ ပကတိအခြေအနေများနှင့်ကိုက်ညီပြီး မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားရမည်သာ ဖြစ်ပါကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## သတိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအား ၂၇.၃.၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံ မီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် (၀၀:၀၅)အချိန်မှ (၁၀:၀၀) အချိန်ထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများ အနေဖြင့် ၎င်းနေ့တွင် နေပြည်တော်-ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံ မီးပွိုင့်မှ နိဗ္ဗာန်လမ်း (မြို့ပတ်လမ်း)အတိုင်း ခွာညိုပန်းအဝိုင်းအထိ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း၊ ကုမုဒြာကြာပန်းအဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ်၊ ပန်းခင်းလမ်း မီးပွိုင့်-ဘောဂသီရိမီးပွိုင့်မှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

## သမိုင်းပေးတာဝန် ကျေပွန်ခဲ့တာ တပ်မတော်ပါ

(တျာချင်း)

★ နွေဦးအစ ကြွေကျရွက်ဝါ
ရာသီနှင်းကြွင်း ပူခြင်းရှိန်လျော့လာ
စစ်ထွက်လို့လာ ဒို့သဟာတစ်သင်း
ရင်တွင်းပျော်လျက် တိုင်းပြည်အတွက်
ပေးဆပ်သက်နှင်းအပ်သည်နှင့်လေး။

★ တိုင်းပြည်လူမျိုး ဂုဏ်မညှိုးစေရာ
လမှာတပေါင်း ရက်ကောင်းကိုရွေးကာ
မတ်လလယ်မှာ စစ်ထွက်လာကြောင်း
ရက်ကောင်းရက်မွန် နှစ်ဆယ့်ခွန်
တစ်ကိုးလေးလွန် ငါးရက်ကယ်နှင့်လေး။

★ ဖက်ဆစ်မျိုးယုတ် တိုက်ထုတ်ဖို့ရာ
ငါတို့တပ်မတော် စစ်တလင်းဖော်ခဲ့တာ
လူထုတွေပါ ပေါင်းကာတိုက်ကြ
ဖက်ဆစ်တွေပြေး ဟိုအဝေး
မနေးအောင်ပွဲရသည်နှင့်လေး။

★ ဒို့ချွေး ဒို့သွေးပေးဆပ်မနေးပါ
တိုက်ရေးကြွယ်ကြွယ် ပရိယာယ်နှင့်သာ
လေးဆယ့်ရှစ်ခါ နှစ်မှာလွတ်လပ်
ပေးအပ်ခဲ့ပြီ ဒို့တိုင်းပြည်
သာစည်ပွားတိုးခဲ့ပြီမို့လေး။

★ ယခုချိန်ခါ ဤကမ္ဘာကြီးမှာ
အင်အားချိန်လျှာညှိမှုရတော့မှာ
တပ်မတော်ဟာ ခိုင်မာတောင့်တင်း
စုံခြင်းလက်နက် တပ်ဆင်လျက်
တိုးတက်အစဉ်ရှိသည်နှင့်လေး။

★ သည်လွတ်လပ်ရေး တည်ရေးခွန့်ရှည်ကြာ
မြဲပါစေကြောင်း ဆုတောင်းပတ္ထနာ
ဂရုပြုကြပါ သူငါခပင်း
စည်းလုံးခြင်းဖြင့် အရင်းတည်
ဒို့များညီညီစုကာပေါင်းသည်နှင့်လေး။

★ လွတ်လပ်ရေးကြီးခွန့်ရှည်ဖို့ ဒို့များကြိုးစားကြပါစို့။
★ နယ်ချဲ့ဖက်ဆစ်တိုက်ထုတ်ပစ် နွံနစ်ရာမှရုန်းထဖို့။

ဘိုမျိုး (ရွှေဘို)

❒ *ရှေ့ဖုံးမှ*

လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ စစ်မှန် စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ လက်တွဲ၍ တက်ညီလက်ညီဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ စတင်သန္ဓေတည်ကတည်းကပင် ရှိခဲ့သည့် တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို ဆက်လက်၍ လက်ဆင့်ကမ်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ စားရေး၊ နေရေး၊ ဝတ်ရေးတို့နှင့် ပတ်သက်၍ အမြဲမပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစားတပ်မတော်အရာရှိကြီးများက တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အခြားသြဝါဒစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်မည့် အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦးနှင့် ဇနီးတို့အား တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

## (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့နေပြည်သူလူထုအား သောက်သုံးရေ ပေးဝေနိုင်မည့် လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၆

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လှိုင်မြစ် -လှော်ကား ရေအားဖြည့်စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်မြို့နေ ပြည်သူလူထုအား သောက်သုံးရေ အဓိကပေးဝေလျက်ရှိသော ရေလှောင်ကန်ကြီးများဖြစ်သော ဂျိုးဖြူ၊ ဖူးကြီး၊ လှော်ကား ရေလှောင်ကန်ကြီးများတွင် မိုးရေစုဆောင်းရရှိမှုများ လျော့နည်းလာ၍ လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရေအရည်အသွေး စမ်းသပ်စစ်ဆေးချက်များအရ လှိုင်မြစ်အတွင်း ရေငန်မရောက်ရှိနိုင်သော



မှော်ဘီမြို့နယ် ကန်ကလေးကျေးရွာအနီး လှိုင်မြစ်မှ ရေကို ရယူ ဆောင်ရွက်ကြောင်း၊ ကန်ကလေး လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် မှော်ဘီမြို့ရှိ ရေသန့်စင်မှုစနစ်သို့ ပင်မရေပေးမြောင်းကြီးဖြင့် ပေးပို့ကြောင်း၊ ရေသန့်စင်မှုစနစ်မှ သန့်စင်ပြီး ရေများအား ဖူးကြီး -လှော်ကား ရေပို့ပိုက်မကြီးသို့ အသစ်ဆက်သွယ်ထားသော 1600 mm အချင်းရှိ HDPE ရေပို့ ပိုက်မကြီးများမှတစ်ဆင့် ရေတွန်းစက်ကြီးများဖြင့် တွန်းပို့ကာ လှော်ကားကန်ထဲသို့ နေ့စဉ် ရေဂါလန် သန်း ၆၀ ဖြည့်တင်းသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေ ပေးဝေရေးအတွက်လည်း မြောင်းလက်တံတစ်လျှောက်ရှိ စိုက်ပျိုးသူများအား များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်း ပြီးစီးပြီဖြစ်၍ ရန်ကုန်မြို့နေ ပြည်သူများ ယခင်ကထက် သောက်သုံးရေ ပိုမိုဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်ပြီး စီမံကိန်းကို ၂၀၂၁ ခုနှစ် မေလမှ စတင်၍ ၂၀၂၂ ခုနှစ် မတ်လမှာ ပြီးစီးအောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့သော ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးညီညီ က စီမံကိန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြသည်။ ထို့နောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက လှိုင်မြစ်-လှော်ကား ရေအားဖြည့်စီမံကိန်းအား ဖဲကြိုးဖြတ်၍လည်းကောင်း၊ ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေတွန်းစက်ရုံရှိ ပထမဆုံးရေတွန်းစက်တစ်လုံးအား စက်ခလုတ်နှိပ်မောင်းနှင်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်မြစ် – လှော်ကား ရေအားဖြည့်စီမံကိန်း လုပ်ငန်းခွင်အား လည်းကောင်း၊ ရေအားဖြည့် စီမံကိန်းပုံစံငယ်နှင့် ဓာတ်ပုံပြခန်းတို့အား လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ကန်ကလေးကျေးရွာရှိ ကန်ကလေး လျှပ်စစ်မြစ်ရေတင် လုပ်ငန်းခွင်နှင့် ကန်ကလေး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် အသုံးပြုနေသော 33/3.3 KV –2.5 MVA လျှပ်စစ်ဓာတ်အားခွဲရုံအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လှိုင်မြစ်မှ ရေအားရယူ၍ ကန်ကလေး လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် မှော်ဘီမြို့ရှိ လှိုင်မြစ်– လှော်ကားရေအားဖြည့်စီမံကိန်းသို့ ပင်မရေပေးမြောင်းကြီးဖြင့် ရေပေးပို့နေမှုအခြေအနေများအား လည်းကောင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံလည်ပတ်နေမှု အခြေအနေများအား လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က လုပ်ငန်းကဏ္ဍအလိုက် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

## မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### ရေချွေတာရေး နည်းလမ်းများ

❒ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။

❒ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

# မြန်မာ-ရုရှားနှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ကဏ္ဍအလိုက်ဆွေးနွေး

**နေပြည်တော် မတ် ၂၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ ညနေ ၄ နာရီတွင် ဥရောပအာရှ စီးပွားရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့၊ ရုရှား-မြန်မာချစ်ကြည်ရေး အသင်းမှ စီမံချက်မန်နေဂျာ Mr. Ilia Nesterov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကျန်းမာရေး ဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အနေဖြင့် ရုရှားနိုင်ငံမှထုတ်လုပ်သည့် Sputnik Light ကာကွယ်ဆေး(၁)သန်းကို အသုံးပြုထိုးနှံခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးကုသရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆေးပညာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် ရုရှားနိုင်ငံနှင့် ယခု ထက်ပိုမို၍ ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့က မြန်မာ-ရုရှားနှစ်နိုင်ငံ ကျန်းမာရေး ကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ရုရှားနိုင်ငံမှ နိုင်ငံတကာအဆင့်မီ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထုတ်လုပ်နေမှုနှင့် အဆိုပါဆေးဝါးများ မြန်မာနိုင်ငံ တွင် မှတ်ပုံတင်ရရှိရေးနှင့် သုံးစွဲနိုင်ရေးကိစ္စ၊ ဆေးဝါး များနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဆေးဝါးများ၊ ဆေးရုံသုံး နှင့် ရောဂါရှာဖွေရေး ပစ္စည်းကိရိယာများ ပူးပေါင်း ထုတ်လုပ်နိုင်ရေးကိစ္စ၊ ဆေးဘက်ဆိုင်ရာ နည်းပညာ နှင့် အထောက်အကူပြုသင်တန်းများ ပူးပေါင်း ဆောင်ရွက်နိုင်ရေးကိစ္စ၊ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသရေးပညာရပ်ဆိုင်ရာ သင်တန်း များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ဆေးတက္ကသိုလ် များနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ အကြား အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နိုင်ရေး နှင့် ဝေးလံခက်ခဲ၍ လျှပ်စစ်မီးမရရှိသည့်ဒေသများရှိ ဆေးရုံနှင့် ကျန်းမာရေးဌာနများတွင် ဆိုလာစနစ်ကို အသုံးပြု၍ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နိုင် ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# (၇၇)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ ဇွဲကပင်ပန်းခြံဖွင့်လှစ်

**ဘားအံ မတ် ၂၆**

(၇၇)နှစ်မြောက် တပ်မတော်နေ့ ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ရုံးကုန်းအဝိုင်းအနီးရှိ ဇွဲကပင် ပန်းခြံဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီခန့်က အဆိုပါပန်းခြံမုခ်ဦးရှေ့၌ ကျင်းပ သည်။

ရှေးဦးစွာ ကရင်ရိုးရာဖားစည် တီး၍ ကြွချီမှုတ်ကာ ပန်းခြံဖွင့်ပွဲ အခမ်းအနားကို စတင်ကျင်းပပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အနားယူ အပန်းဖြေနိုင်ရေး၊ သစ်တော သစ်ပင်နှင့် သဘာဝပတ်ဝန်းကျင် ၏ တန်ဖိုးနှင့် အရေးကြီးပုံကို ပြည်သူလူထုအများစုက သဘော ပေါက် တန်ဖိုးထားတက်စေရန်၊ ရုက္ခဗေဒပညာရှင်များ၊ ပန်း ဝါသနာရှင်များ၊ ခရီးသွား ဧည့်သည်များအတွက် ဆွဲဆောင် မှုရှိသောနေရာတစ်ခု ဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ် ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ Green City , Clean City ဖြစ်စေရေး၊ သဘာဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေ ရေးအတွက် ပြည်နယ်အတွင်းရှိ မြို့နယ်၊ မြို့များ၏ အဝင်အထွက် နေရာများ စိမ်းလန်းစိုပြည်လှပ ရေး၊ သန့်ရှင်းသာယာရေး၊ ရေစီး ရေလာ ကောင်းမွန်ရေးနှင့် အများ ပြည်သူ အနားယူ အပန်းဖြေနိုင် မည့်ပန်းခြံ၊ ကလေးကစားကွင်းနှင့် လျှောက်လမ်းများကို စီမံဆောင် ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် ဇွဲကပင်ပန်းခြံကို အဆင့်မြင့်ပန်းခြံတစ်ခုဖြစ်စေရေး အစဉ်အမြဲ ပြုစုထိန်းသိမ်းစောင့် ရှောက်ပြီး ဆွဲဆောင်မှုရှိသော နေရာတစ်ခုဖြစ်စေရေး ဖန်တီး ဆောင်ရွက်သွားကြဖို့ တိုက်တွန်း လိုကြောင်း ပြောကြားသည်။



ထို့နောက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရား သူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်စီးပွားရေးရာ ဝန်ကြီး ဦးစောခင်မောင်မြင့်၊ သယံဇာတ ရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်း ရေးမှူး ဦးကျော်စိုးနှင့် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး သူရမြင့်သူတို့က ဇွဲကပင် ပန်းခြံအား ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြပြီး(ဝဲပုံ) ပြည်နယ်ဝန်ကြီး ချုပ်က ဇွဲကပင်ပန်းခြံ ဆိုင်းဘုတ် အား စက်ခလုတ်နှိပ် ဖွင့်လှစ် ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်သည် ဇွဲကပင်ပန်းခြံအတွင်းရှိ ကမ္ပည်းမော်ကွန်းအား စက်ခလုတ် နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့ သာရည်များ ပက်ဖျန်းပေးကြကာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြု ဆုများပေးအပ်ချီးမြှင့်၍ ဇွဲကပင် ပန်းခြံအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့် တက်ရောက်လာသူများ သည် ဇွဲကပင်ပန်းခြံအတွင်းရှိ စတိတ်စင်တွင် စင်တင်တေးဂီတ များဖြင့် ဧည့်ခံဖျော်ဖြေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုဆု များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဘားအံမြို့ ဇွဲကပင်ပန်းခြံကို မူလမြေဧရိယာ ၃ ဒသမ ၉ ဧကမှ ၄ ဒသမ ၄ ဧကထိ တိုးချဲ့ပြီး မြေယာရှုခင်း Landscaping ကို အခြေခံ၍ အရိပ်ရသစ်ပင် ၁၅ဝ၊ ရွက်လှပန်းပင် ၆ဝဝဝဝ ခန့်၊ ပန်းအလှပင် ၃ဝဝဝဝ ခန့် စိုက်ပျိုး ထားရှိပြီး ပြည်နယ်၏ အထင်ကရ ဇွဲကပင်တောင် ပုံစံငယ်တစ်ခုအပါ အဝင် ကွန်ကရစ်လျှောက်လမ်း၊ ကားပါကင်၊ ကလေးကစားကွင်း၊ ကျောက်တုံးရေတံခွန်နှင့် ရေပန်း၊ ကျောက်စီမြေထိန်းနံရံ၊ အုတ်စီ ရေမြောင်းများ၊ စတိတ်စင်၊ အုပ်ချုပ်မှုရုံးများ ပါဝင်ကာ စုစုပေါင်းကုန်ကျ ငွေကျပ် ၄၁၆ ဒသမ ၇၉ သန်းဖြင့် ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**မော်လမြိုင် မတ် ၂၆**

မွန်ပြည်နယ်သည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ဆောင်ရွက် နေသည့် ပြည်နယ်တစ်ခုဖြစ်သလို ကျေးလက်နှင့် မြို့ပြဟန်ချက် ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျေးလက်ဒေသနေပြည်သူများ ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အထူးအလေးပေး ဆောင်ရွက် လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်း ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် (၇၇)နှစ် မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင် မြို့ ရိုးဂိုးကျေးရွာ ကုန်ထုတ်လမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ အဆိုပါကုန်ထုတ် လမ်း ဖောက်လုပ်ရခြင်းနှင့် ပတ်သက်၍ ပြည်နယ်ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်း တင်ပြသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ က ကုန်ထုတ်လမ်းအား ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကာ **(ယာပုံ)** လမ်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်က ဒေသနှင့်ကိုက်ညီသည့် ဆောင်းသီးနှံများ ဖြစ်ကြသည့် မြေပဲ၊ နေကြာ၊ နှမ်း ဆီထွက် သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ကို အခြေခံသည့် ကုန်ထုတ်လုပ်မှု များ သိပ္ပံနည်းကျ ခေတ်မီနည်း စနစ်ဖြင့် ပိုမိုတိုးတက်အောင် ကြိုးစား ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး သည်။



မော်လမြိုင်မြို့နယ် ရိုးဂိုး ကျေးရွာ ကုန်ထုတ်လမ်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်နယ် အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၉၈ ဒသမ ၄ဝ၆ သန်းဖြင့် ဆောင် ရွက်ခဲ့ပြီး မြေသားလမ်းနှင့် ဂဝံ ခင်းခြင်း ၇ ဒသမ ၇၃ မိုင်ရှိကာ၊ အကျိုးပြု အိမ်ထောင်စု ၃၂၈ စုနှင့် အကျိုးပြု စိုက်ပျိုးဧက ၅၃ဝ ကို အထောက်အကူပြု ဆောင်ရွက် ပေးနိုင်မည်ဖြစ်ကြောင်း သိရ သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၆ / ၂၀၂၂**
**၁၃၈၃ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၁၁ ရက်**
**( ၂၀၂၂ ခုနှစ် ၊ မတ်လ ၂၇ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူး ဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**

**စည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းထွန်းဦး | ပြည်ထောင်စုတရားသူကြီးချုပ် | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးသာဌေး | ဥက္ကဋ္ဌ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး |
| ၂။ | ဦးအောင်နိုင်ဦး | ပြည်ထောင်စုဝန်ကြီး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒေါက်တာသီတာဦး | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် | ဥပဒေရေးရာဝန်ကြီးဌာန |
| ၄။ | ဦးခင်မောင်ရီ | ပြည်ထောင်စုဝန်ကြီး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၅။ | ဦးမြင့်ကြိုင် | ပြည်ထောင်စုဝန်ကြီး | အလုပ်သမားဝန်ကြီးဌာန |
| ၆။ | ဒေါက်တာညွန့်ဖေ | ပြည်ထောင်စုဝန်ကြီး | ပညာရေးဝန်ကြီးဌာန |
| ၇။ | ဒေါက်တာ မျိုးသိန်းကျော် | ပြည်ထောင်စုဝန်ကြီး | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၈။ | ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း | ပြည်ထောင်စုဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ | ဦးရွှေလေး | ပြည်ထောင်စုဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |

**ဇေယျကျော်ထင်ဘွဲ့**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၂၂၆၁၆ | ဒုတိယဗိုလ်ချုပ်ကြီး | မျိုးသန့်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | လေ ၂၀၈၀ | ဒုတိယဗိုလ်ချုပ်ကြီး | ဇော်ဝင်းမြင့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ကြည်း ၂၅၉၇၁ | ဗိုလ်ချုပ် | စစ်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ကြည်း ၂၃၉၅၇ | ဗိုလ်ချုပ် | နေမျိုးဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ကြည်း ၁၄၇၁၈ | ဗိုလ်ချုပ် | မောင်မြင့်(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်ဇော်သိန်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၂။ | ဦးမျိုးတင့် | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၃။ | ဦးမျိုးမောင် | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၄။ | ဦးကြည်သိန်း | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၅။ | ဦးခင်မောင်ကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၆။ | ဦးတင်ဟုန် | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၇။ | ဒေါ်ခင်မေရီ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၈။ | ဦးသိန်းကိုကို | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၉။ | ဒေါ်သင်းသင်းနွဲ့ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၁၀။ | ဦးစောစံလင်း | အဖွဲ့ဝင် | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး |
| ၁၁။ | ဦးကျော်ဆန်း | အဖွဲ့ဝင် | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး |
| ၁၂။ | ဦးကျော်မင်း | အဖွဲ့ဝင် | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး |
| ၁၃။ | ဦးသန်းထွန်း | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |
| ၁၄။ | ဦးခင်မောင်ဦး | အဖွဲ့ဝင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |
| ၁၅။ | ဦးကျော်မျိုးထွဋ် | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၆။ | ဦးမြင့်ဦး | ဥက္ကဋ္ဌ၊ အခွန်အယူခံခုံအဖွဲ့ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) |
| ၁၇။ | ဦးမောင်မောင်ဝင်း | ဒုတိယဝန်ကြီး | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၈။ | ဦးသန်းအောင်ကျော် | ဒုတိယဝန်ကြီး | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဦးထွန်းအုံ | ဒုတိယဝန်ကြီး | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၂၀။ | ဦးအောင်ကျော်ထွန်း | ဒုတိယဝန်ကြီး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဦးမင်းမင်းဦး | ဒုတိယဝန်ကြီး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၂၂။ | ဦးကိုကိုလွင် | ဒုတိယဝန်ကြီး | စက်မှုဝန်ကြီးဌာန |
| ၂၃။ | ဦးဌေးလှိုင် | ဒုတိယဝန်ကြီး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂၄။ | ဦးဝင်းရှိန် | ဒုတိယဝန်ကြီး | အလုပ်သမားဝန်ကြီးဌာန |
| ၂၅။ | ဒေါက်တာဇော်မြင့် | ဒုတိယဝန်ကြီး | ပညာရေးဝန်ကြီးဌာန |
| ၂၆။ | ပါမောက္ခ ဒေါက်တာအေးထွန်း | ဒုတိယဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၇။ | ဦးမျိုးလှိုင် | ဒုတိယဝန်ကြီး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂၈။ | ဦးမင်းထိန် | ဒုတိယဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၂၉။ | ဦးဇော်အေးမောင် | ဒုတိယဝန်ကြီး | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| ၃၀။ | ဦးရဲနိုင် | အဖွဲ့ဝင် | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၃၁။ | ဦးဝင်းသော် | ဒုတိယဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၃၂။ | ဒေါ်သန်းသန်းဆွေ | ဒုတိယဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၃၃။ | ဦးတူးဂျာ | တရားသူကြီးချုပ် | ကချင်ပြည်နယ်တရားလွှတ်တော် |
| ၃၄။ | ဒေါ်သန်းသန်းအေး | တရားသူကြီးချုပ် | ကယားပြည်နယ်တရားလွှတ်တော် |
| ၃၅။ | ဒေါ်ခင်ဆွေထွန်း | တရားသူကြီးချုပ် | ကရင်ပြည်နယ်တရားလွှတ်တော် |
| ၃၆။ | ဒေါ်ပိုက်ပိုက်အေး | တရားသူကြီးချုပ် | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် |
| ၃၇။ | ဒေါ်လွင်လွင်အေးကျော် | တရားသူကြီးချုပ် | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် |
| ၃၈။ | ဦးစိန်ထွန်း | တရားသူကြီးချုပ် | မကွေးတိုင်းဒေသကြီးတရားလွှတ်တော် |
| ၃၉။ | ဒေါ်ခင်သင်းဝေ | တရားသူကြီးချုပ် | မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် |
| ၄၀။ | ဦးညီညီစိုး | တရားသူကြီးချုပ် | မွန်ပြည်နယ်တရားလွှတ်တော် |
| ၄၁။ | ဒေါ်ဝါဝါထွန်း | တရားသူကြီးချုပ် | ရခိုင်ပြည်နယ်တရားလွှတ်တော် |
| ၄၂။ | ဒေါ်စန္ဒာသွယ် | တရားသူကြီးချုပ် | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |
| ၄၃။ | ဦးကြွယ်ကြွယ် | တရားသူကြီးချုပ် | ရှမ်းပြည်နယ်တရားလွှတ်တော် |
| ၄၄။ | ဦးဝင်းမြင့် | တရားသူကြီးချုပ် | ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် |
| ၄၅။ | ဦးထင်ကျော် | အတွင်းရေးမှူး | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် |

**အလင်္ကာကျော်စွာဘွဲ့**

| | | |
|---|---|---|
| ၁။ | စည်သူဗိုလ်ကလေးတင့်အောင် | အနုပညာရှင် |
| ၂။ | ဦးကျော်ဇင်ညွန့် (တက္ကသိုလ်မြတ်သူ) | စာရေးဆရာအယ်ဒီတာချုပ် |
| ၃။ | ဦးကြည်စိုးထွန်း | ဒါရိုက်တာ၊ စာရေးဆရာ |
| ၄။ | ဦးလေးမြိုင် (လေးမြိုင်) | စာရေးဆရာ |
| ၅။ | ဒေါက်တာခင်မောင်ညွန့် | စာရေးဆရာ |
| ၆။ | ဒေါက်တာသော်ကောင်း | စာရေးဆရာ |
| ၇။ | ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) | စာရေးဆရာ |
| ၈။ | ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) | စာရေးဆရာ |
| ၉။ | ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး) | စာရေးဆရာ |
| ၁၀။ | ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း) | စာရေးဆရာ |
| ၁၁။ | ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်) | စာရေးဆရာ |
| ၁၂။ | ဦးတင်ခ (တက္ကသိုလ်တင်ခ) | စာရေးဆရာ |
| ၁၃။ | ဦးကျောက်ဆောက်သာနိုး (မောင်သာနိုး) | စာရေးဆရာ |
| ၁၄။ | ဦးသန်းထွန်း(သိန်းသန်းထွန်း) | စာရေးဆရာ |
| ၁၅။ | ဦးမြင့်လွင်(ဖိုးကျော့) | စာရေးဆရာ |
| ၁၆။ | ဦးထွန်းရီ(ထွန်းရီ- ရှေးဟောင်းသုတေသီ) | စာရေးဆရာ |
| ၁၇။ | ဦးတင်မောင်မြင့်(တင်မောင်မြင့်) | စာရေးဆရာ |
| ၁၈။ | ဦးထွန်းအောင်ချိန် | စာရေးဆရာ |
| ၁၉။ | မောင်မောင်လတ်(နှောင်) | စာရေးဆရာ |
| ၂၀။ | ဦးစိန်လှိုင်(သူရဇော်) | စာရေးဆရာ |
| ၂၁။ | ဒေါ်ချိုချိုတင်(မစန္ဒာ) | စာရေးဆရာ |
| ၂၂။ | ဦးညွန့်ဝင်း | အနုပညာရှင် |
| ၂၃။ | ဂီတလုလင်မောင်ကိုကို | တေးဂီတပညာရှင် |
| ၂၄။ | ဦးဝင်းဦး | အနုပညာရှင် |
| ၂၅။ | ကောလိပ်ဂျင်နေဝင်း | အနုပညာရှင် |

**သိပ္ပကျော်စွာဘွဲ့**

| | | |
|---|---|---|
| ၁။ | ဒေါက်တာမျိုးသန့်တင် | စာရေးဆရာ |
| ၂။ | ဒေါက်တာကျော်ဝင်း | အတွင်းရေးမှူး၊ မြန်မာ့သမိုင်းအဖွဲ့ |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၃၆၁၁၃ | ဗိုလ်မှူးကြီး | ကျော်မင်းမြတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ကြည်း ၄၉၉၅၀ | ဗိုလ်မှူး | အောင်ကိုကိုထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | တ-၂၆၀၂၅၇ | တပ်ကြပ် | စစ်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**ရဲဗလတံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | ရဲ ၃၄၉၆ | ရဲမှူး | အေးဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ရဲ ၃၆၉၉ | ရဲမှူး | သောင်းမြင့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ရဲ ၄၁၃၁ | ယာယီရဲမှူး | မျိုးမင်းသိန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

*စာမျက်နှာ ၆ သို့*

စာမျက်နှာ ၅ မှ

| | | | | |
|---|---|---|---|---|
| ၄ ။ | ဦးအောင်ကျော်ဆန်း | လက်ထောက်ညွှန်ကြားရေးမှူး | | တမူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၅ ။ | ဦးမျိုးအောင်နိုင် | အင်ဂျင်နီယာမှူး | | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၆ ။ | ရဲ ၅၆၇၁ | ဒုတိယရဲမှူး | ဝင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇ ။ | ရဲ ၆၅၆၁ | ဒုတိယရဲမှူး | ခင်မောင်ထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈ ။ | ရဲ ၇၉၃၆ | ဒုတိယရဲမှူး | ထွန်းထွန်းလင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉ ။ | ဒေါ်ဝင်းပို | လက်ထောက်မန်နေဂျာ | | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၀။ | ကြည်း ၅၆၉၉၁ | ဗိုလ်ကြီး | တင်ဖေ(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | နခတ-၁၀၆၂၃ | ဗိုလ် | စောမြင့်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါ်လှဲ့လှဲ့ | အလယ်တန်းကျောင်းအုပ် | | ပညာရေးဝန်ကြီးဌာန |
| ၁၃။ | လ ၁၇၂၁၅၄ | ရဲအုပ် | ကျော်ညွန့်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၄။ | လ ၂၁၃၈၈၉ | ရဲအုပ် | ဇော်မျိုးထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၅။ | လ ၂၁၄၅၄၈ | ရဲအုပ် | ကျော်ထွေးလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၆။ | လ ၂၁၉၉၆၁ | ရဲအုပ် | လှမျိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇။ | လ ၂၃၈၅၆၆ | ရဲအုပ် | ယာချမ်းမြွေအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈။ | လ ၂၄၀၂၂၂ | ရဲအုပ် | မိုးထက်နိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉။ | လ ၁၆၁၁၈၀ | ဒုတိယရဲအုပ် | ဇော်မင်းညွန့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၀။ | လ ၁၉၆၃၆၅ | ဒုတိယရဲအုပ် | နေအောင်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၁။ | လ ၁၉၈၈၈၀ | ဒုတိယရဲအုပ် | ဝင်းဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၂။ | လ ၂၁၃၈၅၃ | ဒုတိယရဲအုပ် | အောင်မြင့်သူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၃။ | လ ၂၁၅၅၉၆ | ဒုတိယရဲအုပ် | မိုးဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၄။ | လ ၂၁၈၁၂၁ | ဒုတိယရဲအုပ် | ထွန်းထွန်းစိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၅။ | လ ၂၃၂၉၆၁ | ဒုတိယရဲအုပ် | တင်မျိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၆။ | လ ၂၄၁၉၁၃ | ဒုတိယရဲအုပ် | ရန်လင်းမြင့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၇။ | လ ၂၅၁၀၁၆ | ဒုတိယရဲအုပ် | အောင်သူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၈။ | လ ၂၉၄၂၆၀ | ဒုတိယရဲအုပ် | ဝင်းကျော်ဇင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၉။ | ဦးအောင်နိုင်ဦး | ဦးစီးမှူး(မြို့ပြ) | | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၃၀။ | လ ၁၁၉၄၈၀ | ရဲအရာခံ | ဌေးအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၁။ | လ ၁၂၃၂၀၃ | ရဲအရာခံ | ညွန့်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၂။ | လ ၁၇၀၈၄၅ | ရဲအရာခံ | ကိုဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၃။ | လ ၁၈၃၁၂၀ | ရဲအရာခံ | ဟိန်းထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၄။ | လ ၁၉၂၂၆၆ | ရဲအရာခံ | လိန်းဟာကီး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၅။ | လ ၁၉၆၉၈၄ | ရဲအရာခံ | အောင်ဝင်းထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၆။ | လ ၂၃၄၈၉၇ | ရဲအရာခံ | ဇော်လင်းမောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၇။ | ဒေါ်ဌေးငွေ | မူလတန်းကျောင်းအုပ် | | ပညာရေးဝန်ကြီးဌာန |
| ၃၈။ | ဒေါ်သန်းသန်းနု | မူလတန်းကျောင်းအုပ် | | ပညာရေးဝန်ကြီးဌာန |
| ၃၉။ | ဒေါ်ဌေးဌေးမြင့် | အထက်တန်းပြ | | ပညာရေးဝန်ကြီးဌာန |
| ၄၀။ | ဒေါ်အိပိုနိုင်ထွန်း | အထက်တန်းပြ | | ပညာရေးဝန်ကြီးဌာန |
| ၄၁။ | ဦးသန်းအောင် | အလယ်တန်းပြ | | ပညာရေးဝန်ကြီးဌာန |
| ၄၂။ | ဦးထိန်လင်း | အလယ်တန်းပြ | | ပညာရေးဝန်ကြီးဌာန |
| ၄၃။ | ဦးကြည်စိုး | အလယ်တန်းပြ | | ပညာရေးဝန်ကြီးဌာန |
| ၄၄။ | ၄၉၄၁၄၇ | အရာခံဗိုလ် | ကျင်သန်း(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | ဦးဇော်မင်းဦး | ကျွမ်းကျင်(၁)၊ အဆို/အက | | သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန |
| ၄၆။ | ဒေါ်ကြူကြူအေး | အကြီးတန်းစာရေး | | ပုလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၄၇။ | ဦးဖိုးပြုံး | ငွေကိုင်-၃ | | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၄၈။ | ဦးမင်းထွန်းဇော် | တောအုပ် | | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၄၉။ | ဦးအောင်မျိုးထွန်း | ဒုတိယအလယ်တန်းပြ | | ပညာရေးဝန်ကြီးဌာန |
| ၅၀။ | ဒေါ်ဝင်းဝင်းချို | ဒုတိယအလယ်တန်းပြ | | ပညာရေးဝန်ကြီးဌာန |
| ၅၁။ | ဒေါ်မြမြစိုး | ဒုတိယအလယ်တန်းပြ | | ပညာရေးဝန်ကြီးဌာန |
| ၅၂။ | ဒေါ်ညိုညိုဇော် | ဒုတိယအလယ်တန်းပြ | | ပညာရေးဝန်ကြီးဌာန |
| ၅၃။ | ဒေါ်လှလှညွန့် | ဒုတိယမူလတန်းပြ | | ပညာရေးဝန်ကြီးဌာန |
| ၅၄။ | ဒေါ်ခင်သန္တာမြင့် | အထက်တန်းသူနာပြု | | ကျန်းမာရေးဝန်ကြီးဌာန |
| ၅၅။ | ဒေါ်အေးမြင့်မြတ် | အထက်တန်းသူနာပြု | | ကျန်းမာရေးဝန်ကြီးဌာန |
| ၅၆။ | ဦးကျော်ဝင်းလတ် | ဒုလက်ထောက်ကြီးကြပ်ရေးမှူး(မီတာ) | | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၅၇။ | ဦးဉာဏ်ဝင်း | ဒု/လထကြီးကြပ်ရေးမှူး | | ပညာရေးဝန်ကြီးဌာန |
| ၅၈။ | ဦးအောင်ညွန့်ဦး | စျေးခေါင်း(၃) | | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၉။ | ဦးဇင်ကိုကိုလှိုင် | စည်းကမ်းထိန်း(၃) | | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၀။ | လ ၁၃၆၄၂၀ | ရဲတပ်ကြပ်ကြီး | သန့်ဇင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၁။ | လ ၁၃၇၂၆၅ | ရဲတပ်ကြပ်ကြီး | တင်မြင့်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၂။ | လ ၁၅၈၇၀၀ | ရဲတပ်ကြပ်ကြီး | အောင်ကျော်စိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၃။ | လ ၁၆၈၅၈၄ | ရဲတပ်ကြပ်ကြီး | မျိုးသန့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၄။ | လ ၁၇၀၆၆၉ | ရဲတပ်ကြပ်ကြီး | ကျော်စိုးဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၅။ | လ ၁၇၄၄၁၇ | ရဲတပ်ကြပ်ကြီး | အောင်မျိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၆။ | လ ၁၇၈၉၅၇ | ရဲတပ်ကြပ်ကြီး | စိုးနိုင်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၇။ | လ ၁၉၅၁၆၃ | ရဲတပ်ကြပ်ကြီး | ဒေါင်ဂျေခမ်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၈။ | လ ၁၉၈၇၄၅ | ရဲတပ်ကြပ်ကြီး | ခင်မောင်စိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၉။ | လ ၂၁၀၈၅၈ | ရဲတပ်ကြပ်ကြီး | ဆန်းဝင်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၀။ | လ ၂၂၃၄၁၇ | ရဲတပ်ကြပ်ကြီး | ဇော်မင်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၁။ | လ ၂၂၅၈၅၈ | ရဲတပ်ကြပ်ကြီး | သူလင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၂။ | လ ၂၃၂၁၂၉ | ရဲတပ်ကြပ်ကြီး | ကျော်မင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၃။ | လ ၂၄၄၁၀၃ | ရဲတပ်ကြပ်ကြီး | အောင်ဟိန်းထက်ကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇၄။ | ၅၄၂၁၁၁ | တပ်ကြပ် | ခင်မောင်တိုး(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၅။ | တ-၁၂၅၀၂၈ | တပ်ကြပ် | အောင်မြင့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၆။ | တ-၂၃၄၇၃၆ | တပ်ကြပ် | အောင်သူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၇။ | နခ-၁၀၁၉၇၈ | တပ်ကြပ် | စောညွန့်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၈။ | နခ-၁၀၁၉၈၄ | တပ်ကြပ် | စောမောင်ပေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၉။ | နခ-၁၀၁၉၉၁ | တပ်ကြပ် | စောကျော်ပလ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၀။ | နခ-၁၀၅၄၈၉ | တပ်ကြပ် | စောဖားလားဝါး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၁။ | လ ၁၆၁၉၇၀ | ရဲတပ်ကြပ် | အောင်လင်းကြည် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၂။ | လ ၁၆၄၄၉၆ | ရဲတပ်ကြပ် | ဝင်းချို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၃။ | လ ၁၆၆၂၁၇ | ရဲတပ်ကြပ် | မောင်ဌေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၄။ | လ ၁၇၁၂၄၇ | ရဲတပ်ကြပ် | ကျော်လင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၅။ | လ ၁၇၅၂၆၃ | ရဲတပ်ကြပ် | ကျော်မျိုးဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၆။ | လ ၁၈၆၉၉၆ | ရဲတပ်ကြပ် | မင်းမင်းထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၇။ | လ ၂၀၃၃၈၇ | ရဲတပ်ကြပ် | ရန်နိုင်စိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၈။ | လ ၂၂၁၇၃၂ | ရဲတပ်ကြပ် | စိုးမင်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈၉။ | လ ၂၂၁၉၃၁ | ရဲတပ်ကြပ် | ကျော်တင်ထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၀။ | လ ၂၂၃၁၀၄ | ရဲတပ်ကြပ် | ရာဇာဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၁။ | လ ၂၂၅၃၆၆ | ရဲတပ်ကြပ် | မင်းဆွေထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၂။ | လ ၂၃၂၈၄၆ | ရဲတပ်ကြပ် | မြင့်ဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၃။ | လ ၂၃၆၆၆၅ | ရဲတပ်ကြပ် | ရန်နောင်စိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၄။ | လ ၂၄၀၈၈၉ | ရဲတပ်ကြပ် | ကျော်ဇင်ထိုက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၅။ | လ ၂၄၇၁၆၄ | ရဲတပ်ကြပ် | ဇေယျာသိန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၆။ | လ ၂၅၃၂၂၅ | ရဲတပ်ကြပ် | သန့်ဇင်အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၇။ | လ ၂၈၅၃၇၇ | ရဲတပ်ကြပ် | ဖိုးတုတ် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉၈။ | နခ-၁၀၅၄၅၈ | ဒုတိယတပ်ကြပ် | စောလူကပ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉၉။ | နခ-၁၀၅၆၁၅ | ဒုတိယတပ်ကြပ် | စောကျော်စိုးလင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀၀။ | လ ၁၉၂၅၆၀ | ရဲဒုတိယတပ်ကြပ် | ကျော်ဇင်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀၁။ | လ ၂၁၇၉၂၇ | ရဲဒုတိယတပ်ကြပ် | မြတ်ကျော်ဟန် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀၂။ | လ ၂၂၉၅၄၈ | ရဲဒုတိယတပ်ကြပ် | သက်ပိုင်စိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀၃။ | လ ၂၃၀၄၈၆ | ရဲဒုတိယတပ်ကြပ် | ခင်မောင်တိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀၄။ | လ ၂၃၄၀၆၇ | ရဲဒုတိယတပ်ကြပ် | ပြည့်စုံထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀၅။ | လ ၂၄၄၂၃၃ | ရဲဒုတိယတပ်ကြပ် | ထက်စည်သူမောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀၆။ | လ ၂၄၆၅၁၇ | ရဲဒုတိယတပ်ကြပ် | ရဲလင်းစိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀၇။ | လ ၂၄၆၆၃၈ | ရဲဒုတိယတပ်ကြပ် | စိန်သန်းကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀၈။ | လ ၂၄၆၉၇၉ | ရဲဒုတိယတပ်ကြပ် | ဇင်ကိုဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀၉။ | လ ၂၄၈၅၆၁ | ရဲဒုတိယတပ်ကြပ် | စောကြည်လွင်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁၀။ | လ ၂၅၅၄၇၂ | ရဲဒုတိယတပ်ကြပ် | ကျော်ဇေယျ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁၁။ | လ ၂၅၆၂၀၁ | ရဲဒုတိယတပ်ကြပ် | မြင့်နိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁၂။ | လ ၂၅၇၀၆၁ | ရဲဒုတိယတပ်ကြပ် | ဇော်ရဲနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁၃။ | လ ၂၅၉၄၇၂ | ရဲဒုတိယတပ်ကြပ် | နေထက်လင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁၄။ | လ ၂၆၂၅၃၄ | ရဲဒုတိယတပ်ကြပ် | စိုးကျော်သူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁၅။ | လ ၂၆၃၁၆၈ | ရဲဒုတိယတပ်ကြပ် | နိုင်ဝင်းမိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁၆။ | လ ၂၆၃၆၄၁ | ရဲဒုတိယတပ်ကြပ် | ပြည့်စုံတိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁၇။ | လ ၂၆၃၉၅၁ | ရဲဒုတိယတပ်ကြပ် | ဟန်နေဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁၈။ | လ ၂၆၆၇၅၈ | ရဲဒုတိယတပ်ကြပ် | ဝေယံကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁၉။ | လ ၂၆၆၈၈၁ | ရဲဒုတိယတပ်ကြပ် | ဝေအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂၀။ | လ ၂၇၀၃၁၂ | ရဲဒုတိယတပ်ကြပ် | ဇင်မင်းလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂၁။ | လ ၂၇၀၅၄၈ | ရဲဒုတိယတပ်ကြပ် | အောင်ချမ်းမင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂၂။ | လ ၂၇၄၁၈၄ | ရဲဒုတိယတပ်ကြပ် | စိုင်းဟတ်နောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂၃။ | လ ၂၇၅၅၆၂ | ရဲဒုတိယတပ်ကြပ် | ရှိုင်းမိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂၄။ | လ ၂၇၅၆၁၁ | ရဲဒုတိယတပ်ကြပ် | ယေရမိ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂၅။ | လ ၂၇၇၇၉၈ | ရဲဒုတိယတပ်ကြပ် | ကောင်းဆက်နိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂၆။ | လ ၂၇၈၄၂၅ | ရဲဒုတိယတပ်ကြပ် | ရဲဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂၇။ | လ ၂၈၀၇၄၆ | ရဲဒုတိယတပ်ကြပ် | သိန်းမိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂၈။ | လ ၂၈၁၈၉၂ | ရဲဒုတိယတပ်ကြပ် | အောင်ကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

| | | | | |
|---|---|---|---|---|
| ၁၂၉။ | လ ၂၈၂၂၁၄ | ရဲဒုတိယတပ်ကြပ် | ကျော်သီဟအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၃၀။ | လ ၂၈၅၃၇၉ | ရဲဒုတိယတပ်ကြပ် | တင်မောင်ထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၃၁။ | လ ၂၉၀၇၉၈ | ရဲဒုတိယတပ်ကြပ် | ထွန်းထွန်းဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၃၂။ | နခ-၁၀၅၇၁၀ | တပ်သား | စောဖောလဲ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃၃။ | နခ-၁၁၀၃၁၄ | တပ်သား | စိုးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃၄။ | နခ-၁၁၀၃၇၄ | တပ်သား | စောအေးမင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃၅။ | နခ-၁၁၀၈၂၆ | တပ်သား | စောကျော်ကစ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃၆။ | နခ-၁၁၀၈၃၀ | တပ်သား | စောဝါးတူး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃၇။ | နခ-၁၁၀၉၇၁ | တပ်သား | စောဖိုးဒါး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃၈။ | နခ-၁၁၁၀၁၀ | တပ်သား | စောဖိုးငယ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃၉။ | နခ-၁၁၁၀၆၉ | တပ်သား | စောအဝိ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄၀။ | နခ-၁၁၁၀၉၂ | တပ်သား | စောဖားချောင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄၁။ | နခ-၁၁၁၁၈၂ | တပ်သား | တရုတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄၂။ | နခ-၁၁၁၁၈၇ | တပ်သား | ဖားအေးဖိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄၃။ | နခ-၁၁၁၂၀၃ | တပ်သား | စောမိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄၄။ | နခ-၁၁၁၂၃၆ | တပ်သား | စောနော်နော့ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄၅။ | နခ-၁၁၁၂၈၁ | တပ်သား | ဖားချေ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄၆။ | နခ-၁၁၁၃၇၁ | တပ်သား | စောကျော်ခု | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄၇။ | နခ-၁၁၁၄၈၈ | တပ်သား | စောလှအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄၈။ | နခ-၁၁၁၅၃၀ | တပ်သား | စောကလို့ထီး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄၉။ | နခ-၁၁၁၅၃၄ | တပ်သား | စောသိန်းကျော | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅၀။ | နခ-၁၁၁၆၄၁ | တပ်သား | စောကောခု | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅၁။ | နခ-၁၁၁၇၄၇ | တပ်သား | စောထွန်းဝေ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅၂။ | နခ-၁၁၁၈၅၂ | တပ်သား | စောငြိမ်းချမ်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅၃။ | နခ-၁၁၁၈၇၆ | တပ်သား | စောရန်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅၄။ | နခ-၁၁၁၉၉၃ | တပ်သား | စောထွန်းမြင့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅၅။ | နခ-၁၁၂၂၈၆ | တပ်သား | စောဇော်ပိုင်(ခ) မောင်အို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅၆။ | နခ-၁၁၂၄၂၀ | တပ်သား | စောချမူး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅၇။ | နခ-၁၁၂၄၈၈ | တပ်သား | စောအောင်ကိုလတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅၈။ | နခ-၁၁၂၅၈၃ | တပ်သား | စောထုထူး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅၉။ | နခ-၁၁၂၆၇၈ | တပ်သား | စောအောင်ကျော်မိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆၀။ | နခ-၁၁၂၆၈၉ | တပ်သား | စောဇော်လွင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆၁။ | နခ-၁၁၂၈၉၄ | တပ်သား | ထိခေါင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆၂။ | နခ-၁၁၃၂၂၂ | တပ်သား | ကတုံး(ခ)စောဂျစ်တူး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆၃။ | ၉၀၅၀၁၄ | တပ်သား | ကျော်မိုးခိုင် (ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆၄။ | လ ၂၃၃၆၇၆ | ရဲတပ်သား | ဝေဠူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၆၅။ | လ ၂၃၄၁၆၆ | ရဲတပ်သား | ထွန်းနိုင်အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၆၆။ | လ ၂၃၄၉၅၆ | ရဲတပ်သား | စံနိုင်မင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၆၇။ | လ ၂၃၇၇၃၄ | ရဲတပ်သား | အောင်အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၆၈။ | လ ၂၃၉၂၀၅ | ရဲတပ်သား | မင်းထက်ပိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၆၉။ | လ ၂၄၄၁၅၄ | ရဲတပ်သား | အောင်စိုးခိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇၀။ | လ ၂၅၀၈၅၈ | ရဲတပ်သား | ချစ်ကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇၁။ | လ ၂၅၁၁၇၅ | ရဲတပ်သား | ကျော်အောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇၂။ | လ ၂၅၂၉၂၆ | ရဲတပ်သား | မျိုးမြင့်ဆွေ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇၃။ | လ ၂၅၄၄၀၆ | ရဲတပ်သား | ကျူဆန် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇၄။ | လ ၂၅၄၄၂၅ | ရဲတပ်သား | ပိန်လန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇၅။ | လ ၂၅၄၉၀၀ | ရဲတပ်သား | ဥက္ကာကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇၆။ | လ ၂၅၅၀၀၀ | ရဲတပ်သား | ရဲလင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇၇။ | လ ၂၅၇၅၄၄ | ရဲတပ်သား | ဇော်ဝင်းဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇၈။ | လ ၂၆၁၅၅၇ | ရဲတပ်သား | ခိုင်ဇော်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇၉။ | လ ၂၆၂၁၀၂ | ရဲတပ်သား | ဟန်လင်းထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈၀။ | လ ၂၆၃၇၁၆ | ရဲတပ်သား | ဝေဠူကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈၁။ | လ ၂၆၆၈၀၈ | ရဲတပ်သား | အောင်လင်းကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈၂။ | လ ၂၆၆၈၇၄ | ရဲတပ်သား | ငြိမ်းချမ်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈၃။ | လ ၂၆၉၄၇၄ | ရဲတပ်သား | အောင်ကျော်ဌေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈၄။ | လ ၂၆၉၅၀၀ | ရဲတပ်သား | တင်ဆန်းဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈၅။ | လ ၂၇၂၁၇၁ | ရဲတပ်သား | ညီညီအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈၆။ | လ ၂၇၃၇၈၄ | ရဲတပ်သား | ချစ်စန်းကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈၇။ | လ ၂၇၄၅၀၅ | ရဲတပ်သား | ဝေဖြိုးအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈၈။ | လ ၂၇၆၈၀၇ | ရဲတပ်သား | ဆက်နိုင်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈၉။ | လ ၂၇၉၃၉၂ | ရဲတပ်သား | သန်းရွှေ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉၀။ | လ ၂၈၃၃၇၉ | ရဲတပ်သား | တင်ကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉၁။ | လ ၂၈၄၉၃၉ | ရဲတပ်သား | ပိုင်ပိုင်စိုးဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉၂။ | လ ၂၈၇၅၇၉ | ရဲတပ်သား | ဝေယံဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉၃။ | လ ၂၉၀၈၆၅ | ရဲတပ်သား | ဝင်းဇော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉၄။ | လ ၂၉၁၄၀၇ | ရဲတပ်သား | စိုင်းဝေဖြိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉၅။ | လ ၂၉၁၈၁၄ | ရဲတပ်သား | ကျော်ဇင်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉၆။ | လ ၂၉၂၂၆၆ | ရဲတပ်သား | ဇေယျာဖြိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉၇။ | လ ၂၉၂၆၁၀ | ရဲတပ်သား | ရဲရင့်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉၈။ | လ ၂၉၃၃၅၃ | ရဲတပ်သား | နန့်ဟီးယောဆက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉၉။ | လ ၂၉၃၉၈၄ | ရဲတပ်သား | အောင်မွန်ကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၀၀။ | လ ၂၉၄၇၉၆ | ရဲတပ်သား | မျိုးနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

| | | | |
|---|---|---|---|
| ၂၀၁။ | ဦးဇော်မင်း | အငယ်တန်းစာရေး | ကလေးမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂၀၂။ | ဦးဇော်လင်းနိုင် | အငယ်တန်းစာရေး | ကလေးမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂၀၃။ | ဦးမြင့် | အငယ်တန်းစာရေး | ဆားလင်းကြီးမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂၀၄။ | ဒေါ်မျိုးကေသီနွယ် | အငယ်တန်းစာရေး | ဆားလင်းကြီးမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂၀၅။ | ဒေါ်နေခြည်မင်း | အငယ်တန်းစာရေး | ကောလင်းမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂၀၆။ | ဦးအောင်မျိုးခိုင် | အငယ်တန်းစာရေး | မုံရွာမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂၀၇။ | ဦးမျိုးအောင် | အငယ်တန်းစာရေး | ပုလောမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂၀၈။ | ဦးကျော်သူရအောင် | အငယ်တန်းစာရေး (ရပ်/ကျေး) | ရွှေဘိုမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂၀၉။ | ဦးဖိုးကြည် | အငယ်တန်းစာရေး (ရပ်/ကျေး) | စေတုတ္တရာမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂၁၀။ | ဦးထွန်းဝင်းအောင် | အငယ်တန်းစာရေး (ရပ်/ကျေး) | ရေးမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂၁၁။ | ဦးကျော်ဝင်း | အငယ်တန်းစာရေး (ရပ်/ကျေး) | ပင်းတယမြို့နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂၁၂။ | ဦးကျော်နိုင် | ဥယျာဉ်မှူး(၄) | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၂၁၃။ | ဦးထွန်းထွန်းဌေး | ယာဉ်မောင်း-၅ | ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၄။ | ဦးဟိန်းနိုင်စိုး | လုပ်သားမှူး(တွဲချိတ်) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၁၅။ | ဦးထွန်းမြင့်မောင် | ရုံးစောင့် | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၂၁၆။ | ဦးလွင်အောင် | ရုံးအကူ | ပညာရေးဝန်ကြီးဌာန |
| ၂၁၇။ | ဦးမြထွန်း | ရုံးအကူ | ပညာရေးဝန်ကြီးဌာန |
| ၂၁၈။ | ဦးညွန့်လှိုင် | ပုံသေ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၂၁၉။ | ဒေါ်အိမ့်သရဖီဇော် | နေ့စား | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၂၂၀။ | ဦးသောင်းနိုင်ဝင်း | ကျောင်းစောင့်(ပုတ်ပြတ်) | ပညာရေးဝန်ကြီးဌာန |
| ၂၂၁။ | ဦးဇော်ဝင်း | WA ဝန်ထမ်း | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၂၂၂။ | ဦးခင်မောင်ဝင်း | အဖွဲ့ဝင်(၂) | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၂၂၃။ | ဦးအောင်စိုး | အုပ်ချုပ်ရေးမှူး | ရွှေညောင်ပင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် |
| ၂၂၄။ | ဦးစိုးမိုးဇော်(ခ)ကရင် | အုပ်ချုပ်ရေးမှူး | အေးမြသာယာရပ်ကွက်၊ ဖားကန့်မြို့နယ် |
| ၂၂၅။ | ဦးထွန်းမြင့်လွင် | အုပ်ချုပ်ရေးမှူး(ယာယီ) | မရီကထောင်ရပ်ကွက်၊ ဖားကန့်မြို့နယ် |
| ၂၂၆။ | ဦးမောင်ငယ်(ခ)ဦးငယ် | အုပ်ချုပ်ရေးမှူး | မဲသလွတ်ကျေးရွာအုပ်စု၊ ဖာပွန်မြို့နယ် |
| ၂၂၇။ | ဦးထိန်လင်း | အုပ်ချုပ်ရေးမှူး | အမှတ်(၄)ရပ်ကွက်၊ သံတောင်ကြီးမြို့နယ် |
| ၂၂၈။ | ဦးကျော်ဆွေ | အုပ်ချုပ်ရေးမှူး | မြို့ပေါ်ကျေးရွာအုပ်စု၊ ဘုတလင်မြို့နယ် |
| ၂၂၉။ | ဦးအုန်းချို | အုပ်ချုပ်ရေးမှူး | နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့နယ် |
| ၂၃၀။ | ဦးအောင်သန်း | အုပ်ချုပ်ရေးမှူး | အင်တိုင်းကြီးကျေးရွာအုပ်စု၊ ခင်ဦးမြို့နယ် |
| ၂၃၁။ | ဦးကျော်မင်းထွေး | အုပ်ချုပ်ရေးမှူး | ပိတောက်ခေါင်းကျေးရွာအုပ်စု၊ ရွှေဘိုမြို့နယ် |
| ၂၃၂။ | ဦးဆန်းဦး | အုပ်ချုပ်ရေးမှူး | မုတ်စီကျေးရွာအုပ်စု၊ ရေဦးမြို့နယ် |
| ၂၃၃။ | ဦးကျော်ဦး | အုပ်ချုပ်ရေးမှူး | ညောင်ကန်ကျေးရွာအုပ်စု၊ ရွှေဘိုမြို့နယ် |
| ၂၃၄။ | ဦးမြင့်ဌေး | အုပ်ချုပ်ရေးမှူး | မှန်ပင်ကျေးရွာအုပ်စု၊ ဖောင်းပြင်မြို့နယ် |
| ၂၃၅။ | ဦးအောင်နိုင်ဝင်း | အုပ်ချုပ်ရေးမှူး | ဆိပ်ခွန်ကျေးရွာအုပ်စု၊ ရွှေဘိုမြို့နယ် |
| ၂၃၆။ | ဦးကံပိုင် | အုပ်ချုပ်ရေးမှူး | နွယ်ခွေကျေးရွာအုပ်စု၊ ချောင်းဦးမြို့နယ် |
| ၂၃၇။ | ဦးမြင့်အောင် | အုပ်ချုပ်ရေးမှူး | ခိုးသန်းကျေးရွာအုပ်စု၊ မုံရွာမြို့နယ် |
| ၂၃၈။ | ဦးမျိုးလွင်ဦး | အုပ်ချုပ်ရေးမှူး | အမှတ်(၈)ရပ်ကွက်၊ မုံရွာမြို့နယ် |
| ၂၃၉။ | ဦးသိုက်ထွန်း | အုပ်ချုပ်ရေးမှူး | ကျောက်ပြင်သာကျေးရွာအုပ်စု၊ကောလင်းမြို့နယ် |

စာမျက်နှာ ၈ သို့

ငြိမ်းချမ်းရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကော်မတီ ၃ ရပ် ဖွဲ့စည်းခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်သည့်နေရာတွင် တွေ့ဆုံဆွေးနွေးရေးယန္တရားသည် မရှိမဖြစ်လိုအပ်သည့်အတွက် ငြိမ်းချမ်းရေးကော်မတီသည် သက်ဆိုင်ရာ ဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံမှုများ၊ Virtual တွေ့ဆုံမှုများ၊ တရားဝင်တွေ့ဆုံမှုများ ပြုလုပ်ပြီး မပြတ်ထိတွေ့ဆက်ဆံလျက်ရှိပါကြောင်း၊ ထိုသို့ ဆွေးနွေးရာတွင် ဖေဖော်ဝါရီ ၁ ရက်မှစပြီး ယနေ့အထိ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှု Video Conferencing ၁၃ ကြိမ်၊ နေပြည်တော်တွင် တွေ့ဆုံမှု ၂၅ ကြိမ်၊ တိုင်းရင်းသားလက်နက်ကိုင်များရှိရာဒေသတွင် သွားရောက်တွေ့ဆုံမှု ၁၃ ကြိမ် စုစုပေါင်း ယနေ့အထိ ၅၁ ကြိမ် ဆွေးနွေးခဲ့ပါကြောင်း၊ အချို့သော EAO များအနေဖြင့်စေ့စပ်ဆွေးနွေးရေးကိုမသွားဘဲ တိုက်ပွဲဝင်သွားမည်ဟု ထုတ်ဖော်ပြောကြားလာခြင်းသည် ၎င်းတို့၏ ရပ်တည်ချက်သဘောသာဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွက် မငြိမ်းချမ်းသည့် ပတ်ဝန်းကျင်အဖြစ် ဖန်တီးထားလိုသည့် ၎င်းတို့၏ သဘောထားသာ ဖြစ်နိုင်ပါကြောင်း။

ထိုသို့ ဆွေးနွေးရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ လုပ်ဆောင်နိုင်ရေးတို့အတွက် လုပ်ငန်းစဉ်များကို NCA တွင် သဘောတူချမှတ်ထားပြီး ဖြစ်ကြောင်း၊ NCA အရ ရေးဆွဲထားသည့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ စသည့်အစုအဖွဲ့အသီးသီးမှ ပါဝင်သည့် ကိုယ်စားလှယ်များနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပရမည်ဖြစ်ကြောင်း၊ အချို့ တိုင်းရင်းသားလက်နက်ကိုင်များ ပြောဆိုသလို၊ မီဒီယာများလှုံ့ဆော်နေသလို လက်ရှိအနေအထားအရ အစုအဖွဲ့စုံလင်မှုမရှိ၊ လွှတ်တော်နိုင်ငံရေးမရှိ၍ ငြိမ်းချမ်းရေး ပျက်သယောင်ယောင်၊ တိုးတက်မှုများ မရှိသယောင်ယောင် နှပ်ကြောင်းပေး ပြောဆိုနေကြခြင်းရှိပါကြောင်း၊ ငြိမ်းချမ်းရေးပျက်စရာအကြောင်းမရှိပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များရှိရာ ဒေသအထိ မိမိတို့၏ ငြိမ်းချမ်းရေးအဖွဲ့များ သွားရောက်ဆွေးနွေးနိုင်ခြင်းသည်ပင်လျှင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်နေကြောင်း၊ တိုးတက်မှုရှိကြောင်းကို ပြသနေခြင်းဖြစ်ကြောင်း၊ လက်တွေ့ကျသည့် ဆွေးနွေးမှုများ၊ လက်တွေ့ကျသည့် လုပ်ဆောင်မှုရလဒ်များကိုကြည့်လျှင် သိနိုင်ပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးဆောင်ရွက်သည့်နေရာတွင် NCA လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း။

အစိုးရနှင့်တပ်မတော်အနေဖြင့် တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်နိုင်ရန် မြန်မာ့ ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းတွင် တစ်ခါမှမရှိခဲ့ဖူးသည့် လိုက်လျောကမ်းလှမ်းချက်များနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်ကစပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ပစ်ခတ်တိုက်ခိုက်မှုကို ရပ်စဲထားခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ် မတ် ၁ ရက်မှ ယခုနှစ်ကုန်ပိုင်းထိ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို ထပ်မံတိုးမြှင့်ထားပါကြောင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင်လည်း “ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်း” ကြေညာချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ယခင်ကဆွေးနွေးမှုများတွင် အစိုးရနှင့် တပ်မတော်ဘက်က ကြိုတင်ကန့်သတ်ချက်များကြောင့် မအောင်မြင်ဟု ဝေဖန်ပြောကြားခြင်းများရှိကြောင်း၊ ယခု ထိုကြေညာချက်တွင် မိမိတို့အနေဖြင့် ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သမျှ လွတ်လွတ်လပ်လပ်ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွင် ရှားပါးသည့်ဖြစ်စဉ်ဟု ဆိုနိုင်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် အကျိုးရှိစွာအသုံးချနိုင်ရန်လိုအပ်ပါကြောင်း၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အဖွဲ့ ၇ ဖွဲ့နှင့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၄ ဖွဲ့ စုစုပေါင်း ၁၁ ဖွဲ့ တက်ရောက်ခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၁၃ ရက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၊ အစည်းအဝေးခန်းမတွင် ညှိနှိုင်းရေးကော်မတီနှင့် လက်မှတ်ရေးထိုးထားပြီးနှင့် မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆွေးနွေးရာတွင် မိမိတို့အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ထားပြီး အပစ်အခတ်ရပ်စဲရေး လုပ်ထားပါကြောင်း၊ တူညီခြင်းကို လောလောဆယ်ပေါင်းစပ်လုပ်ဆောင်ပြီး မတူညီတာကို ဆက်လက်ညှိနှိုင်းမည်ဆိုပါက မိမိတို့ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရှေ့ပိုရောက်မည်ဖြစ်နိုင်ကြောင်း ဦးတည်ဆွေးနွေးခဲ့ပါကြောင်း။

အချို့နေရာတွင်အချို့သော EAO များသည် အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသည့် NUG ၊ CRPH ၊ PDF များနှင့် ပူးပေါင်းပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည်ကို တွေ့ရပါကြောင်း၊ လက်ရှိအခြေအနေတွင် ပညာရေးနှင့် ပတ်သက်ပြီး အဓိကနှောင့်ယှက်တိုက်ခိုက်နေသည်ကို တွေ့ရပါကြောင်း၊ စာမေးပွဲဖြေဆိုနေသည့် ကာလများအတွင်း စာသင်ကျောင်းများကို အကြမ်းဖက်လာရောက်တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရပါကြောင်း။

ယခင်က မိမိတို့နိုင်ငံတွင် ခေတ်တစ်ခေတ်ကို ရောက်ခဲ့ဖူးသည့် အစွန်းရောက်နိုင်ငံရေးအယူဝါဒများ ဆွဲကိုင်ခဲ့ဖူးသည့် အဖွဲ့အစည်းတစ်ဖွဲ့၏ ပြောကြားချက်အတိုင်း လုပ်ဆောင်နေသည်ကို တွေ့ရပါကြောင်း၊ ထိုအဖွဲ့အစည်း၏ ပြောကြားချက်တွင် “တော်လှန်ရေးကို ဖန်တီးခြင်းဖြင့် တော်လှန်ရေးကို သင်ယူကြ” ဆိုသည့် အဆိုအမိန့်ဖြင့် လုပ်ခဲ့ခြင်းများရှိကြောင်း၊ ထိုသို့ လုပ်ခဲ့ခြင်းကြောင့် အကျိုးဆက်သည်၊ တော်လှန်ရေးကို ဖန်တီးခြင်းဖြင့်

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

တော်လှန်ရေးကို သင်ယူကြဆိုသည့် အမိန့်ကို လိုက်နာရန် အကောင်အထည်ဖော်ခြင်းသည် စာသင်ခန်းများကို အကန့်အသတ်မရှိ ရပ်ဆိုင်းလိုက်ရသည်ကို တွေ့ရကြောင်း၊ ယခုအချိန်တွင်လည်း ထိုကိစ္စမျိုး ဖော်ဆောင်နေသည်ကို တွေ့ရသည်ကို ပြည်သူလူထုကို သတိချပ်စေလိုပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် လက်ရှိအနေအထားတွင် ကိုက်ညီခြင်းများကို ဦးစွာလုပ်မည်ဆိုလျှင် တဖြည်းဖြည်းနှင့် မိမိရည်မှန်းချက်ကို ရောက် လာမည်ဖြစ်ပါကြောင်း၊ စည်းလုံးညီညွတ်သည့် ပြည်ထောင်စုဖြစ်ရန် တောင်းဆိုချက်များ၊ ထိတွေ့မှုများ၊ ဆွေးနွေးမှုများ များများလုပ်လျှင် ဖြစ်လာမည်ဖြစ်ကြောင်း၊ စိတ်ရှည်ရှည်ထားပြီး Emotion နည်းနည်းဖြင့် ဆောင်ရွက်မည်ဆိုလျှင် မိမိလိုချင်သည့်အနေအထား ရောက်ရှိလာမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုမရှိလျှင် အဖြေထွက်လာနိုင်စရာ မရှိပါကြောင်း၊ တိုင်းပြည် ၏အင်အားသည် ပြည်တွင်းမှာသာရှိသည်ကို မိမိတို့ အားလုံးလက်ခံ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ခံဆောင်ရွက်ပါက တိုင်းပြည်ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ပေးပို့ခဲ့သည့် သဝဏ်လွှာတွင်လည်း " တိုင်းရင်းသားပြည်သူများအနေဖြင့် အမိနိုင်ငံတော်ကြီးကို အမှန်တကယ်ချစ်မြတ်နိုးပြီး အချင်းချင်း သံသယစိတ်ကင်းရှင်းစွာဖြင့် အပြန်အလှန် လေးစားညီညွတ်လျက် အနာဂတ် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကောင်းစေတနာအပြည့်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်" ဟု ထည့်သွင်းဖော်ပြထားပြီး ဖြစ်ပါကြောင်း။

မိမိတို့အစိုးရ၏ တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်ရေးအပေါ် ထားရှိသည့် အဓိကခံယူချက်ပင်ဖြစ်ကြောင်း၊ မိမိတို့အားလုံး၏ ရည်မှန်းချက်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံဖြစ်ရမည်ဟု အားလုံးရည်မှန်းထားခြင်းဖြစ်ကြောင်း၊ အားလုံး၏ အခြေခံရည်ရွယ်ချက် ရည်မှန်းချက်တူညီပါကြောင်း၊ ထို့ကြောင့် တူညီခြင်းများကို ညှိနှိုင်းကာ အတူလက်တွဲလုပ်ပြီး မတူညီသည်ကို မည်သို့ဆက်လက်ညှိနှိုင်းဆောင်ရွက်မည်ဆိုသည့် အနေအထားမျိုး ညှိနှိုင်းဆွေးနွေးမှသာ လိုချင်သည့်ပန်းတိုင်ကို ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် NCA စာချုပ်ရရှိရန်အတွက် တစ်နှစ်နှင့်ကိုးလခန့်ကြာမြင့်ခဲ့ပြီး စာချုပ်ချုပ်ရန်အတွက် ပထမဆုံး ၂၁ ဖွဲ့ဖြင့် ဆွေးနွေးခဲ့ပါကြောင်း၊ ၂၁ ဖွဲ့မှ ၁၆ ဖွဲ့၊ ၁၆ ဖွဲ့မှ အမှန်တကယ် လက်မှတ်ထိုးသည့်အခါ ၈ ဖွဲ့ လက်မှတ်ထိုးသည့်အဆင့်၊ ထိုမှ တစ်ဆင့် ၁၀ ဖွဲ့ ဖြစ်လာခြင်းဖြစ်ကြောင်း၊ NCA စာချုပ်ကို အကြောင်းပြုပြီး ညီလာခံအဆင့်ဆင့်ကို ကြိုးပမ်းလာခဲ့ရာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃ ခုကို ရရှိခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃ ခုမှ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများကို ၆.၃.၂၀၂၂ ရက်နေ့တွင် ညှိနှိုင်းရေးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်းပြုလုပ်ရာ သဘောထားစုစည်းချက် ၈ ချက် ရရှိခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အကျိုးဆောင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အကြောင်းတရားများ ညီညွတ်လျှင် အကျိုးတရားများ ဖြစ်ပေါ်လာသည်ဆိုသည့် လောကနိယာမအတိုင်း အစိုးရအနေဖြင့် အကြောင်းတရားများ ညီညွတ်အောင် ဖန်တီးပေးနေခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ကောင်းသောအကျိုးများ ခံစားရစေရေးအတွက် ကောင်းသောအကြောင်းတရားများကို ဖန်တီးပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးဝိုင်းဝန်းပြီး တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် သက်ဆိုင်သူအားလုံး ပါဝင်ကြိုးပမ်းသွားကြရန် အကြောင်းတရားများညီညွတ်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တတိယအချက်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ချက်များကို ပြောလိုပါကြောင်း၊ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ချက်များကို ပြောရခြင်းသည် မကြာသေးမီကာလက မိမိတို့မြန်မာနိုင်ငံတွင် ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း၊ ဆောင်ရွက်ခဲ့သည်များကိုလုပ်နေသည့် ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် ဆက်လက်လုပ်ဆောင်ခြင်းမရှိဘဲ တစ်ဖက်သတ်စွပ်စွဲချက်များဖြင့် မိမိတို့နိုင်ငံကို စွပ်စွဲပြီး စာရင်းထည့်သွင်းခဲ့ခြင်းရှိကြောင်း၊ ထိုကိစ္စများကို သိရှိအောင် ပြောခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (Country Task Force on Monitoring and Reporting–CTFMR) တို့အကြား "အရွယ်မရောက်သေးသည့် ကလေးသူငယ်များ စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းစီမံချက်" ကို ၂၇.၆.၂၀၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး Plan of Action သက်တမ်းကာလ ၁၈ လ ဖြစ်ပါကြောင်း။

၂၇.၁၂.၂၀၁၃ ရက်နေ့တွင် Plan of Action သက်တမ်းကာလ ၁၈ လ ပြည့်မြောက်ခဲ့သော်လည်း လုပ်ငန်းကိစ္စများ မပြီးပြတ်သဖြင့် ၆ လနစ်ကြိမ် သက်တမ်းတိုးမြှင့်ခဲ့ပြီး ဒုတိယအကြိမ် သက်တမ်း ၆ လကုန်ဆုံးသည့် ၂၇.၁၂.၂၀၁၄ ရက် နောက်ပိုင်းမှစ၍ Plan of Action အား ထပ်မံသက်တမ်းတိုးမြှင့်ခြင်းမရှိဘဲ Indicator ၂၁ ချက်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၆.၇.၂၀၁၈ ရက်နေ့တွင် CTFMR နှင့် မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့တို့ ပြုလုပ်သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ Indicator ၂၁ ချက်မှ Indicator ၁၁ ချက်အထိ လျှော့ချကာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

တပ်မတော်အနေဖြင့် ကော်မတီစတင်ဖွဲ့စည်းခဲ့သည့် ၂၀၀၄ ခုနှစ်မှစ၍ CTFMR နှင့် Plan of Action စာချုပ်ကို လက်မှတ်မရေးထိုးမီ ၂၆.၆.၂၀၁၂ ရက်နေ့အထိ အရွယ်မရောက်သေးသူ ကလေးသူငယ် (၅၉၇)ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပေးခဲ့ပါကြောင်း၊ လုပ်ငန်းစတင်ခဲ့သည့် ၂၀၁၂ ခုနှစ် ဇွန်လမှ ယနေ့အချိန်အထိ CTFMR နှင့် ပူးပေါင်းပြီး တပ်မတော်မှ အရွယ်မရောက်မီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့် စစ်သည်(၁၀၂၉)ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုခဲ့ပြီး မိဘရပ်ထံ ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ပါကြောင်း။

ဆက်လက်၍ မှားယွင်းစုဆောင်းခြင်းခံခဲ့ရသည်ဟု စိစစ်တွေ့ရှိရသည့် အသက်မပြည့် စစ်သည် (၂၈) ဦးကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်နှင့် CTFMR တို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ၁၅.၆.၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ၂၀၁၉ ခုနှစ်အတွက် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲပါ ကလေးစစ်သည်စုဆောင်းမှုနှင့် အသုံးပြုမှုစာရင်းမှ မြန်မာ့တပ်မတော်ကို ပယ်ဖျက်ခဲ့ပြီး အပြီးသတ်ပယ်ဖျက်နိုင်ရေး စောင့်ကြည့်ကာလ တစ်နှစ်သတ်မှတ်ပေးခဲ့ပါကြောင်း၊ စောင့်ကြည့်ကာလအတွင်း တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍ၌ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော် ၂၁.၆.၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ မထုတ်ပြန်မီ ကြိုတင်ညှိနှိုင်းခြင်းမရှိဘဲ တစ်ဖက်သတ် ပြန်လည်စာရင်းသွင်းခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မည်သို့စွပ်စွဲသည်ဖြစ်စေ၊ ညှိနှိုင်းမှုမရှိဘဲ ပြန်လည်စာရင်းသွင်းသည်ဖြစ်စေ ၊ တပ်မတော်အနေဖြင့် ကော်မတီ၏ ပုံမှန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီ၏ လုပ်ဆောင်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် CTFMR သို့ အသိပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်တူ ပူးပေါင်းဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံဘက်မှ လမ်းကြောင်းမျိုးစုံဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်ထံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အကြောင်းကြားထားရှိပြီး မြန်မာ့တပ်မတော်အနေဖြင့် မည်သို့ပင်ဆိုစေ မိမိတို့၏ ကတိကဝတ်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နံပါတ်လေး အချက်အနေဖြင့် လတ်တလောပျံ့နှံ့နေသည့် ငွေတုကိစ္စအကြောင်း ပြောလိုပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ကောလာဟလအပေါ် စိုးရိမ်ပူပန်မှုများမဖြစ်ရန် အသိပေးလိုပါကြောင်း၊ လူမှုကွန်ရက်စာမျက်နှာအပေါ်တွင် ငွေစက္ကူအတုရောင်းဝယ်ရေး Facebook Page များဖွင့်ပြီး ကြော်ငြာရောင်းချနေခြင်းကို တွေ့ရပါကြောင်း၊ ငွေစက္ကူအစစ်များကို ဓာတ်ပုံရိုက်ပြီး Page တွင်လိမ်လည်ဖော်ပြထားခြင်းနှင့် ပုံအဟောင်းများ ကူးယူပြီး ဖော်ပြထားခြင်းတွေ့ရပါကြောင်း၊ အင်တာနက်စာမျက်နှာများပေါ်တွင် ငွေစက္ကူအတုများ ရောင်းချခြင်းဆိုသည့် အရောင်းအဝယ်ပြုလုပ်ခြင်းမဟုတ်ဘဲ Online တွင် ယုံကြည်အောင်ပြောဆိုပြီး ကြိုတင်လွှဲပို့သည့် ငွေများကို လိမ်လည်ရယူခဲ့ခြင်းကို တွေ့ရကြောင်း၊ ငွေ ၃၀၀၀၀၀/- (သုံးသောင်းကျပ်) စရန်ငွေတောင်းခံပြီး ငွေရရှိပါက ထပ်မံဆက်သွယ်မရဘဲ ဖုန်းပိတ်ထားခြင်း၊ အကောင့်ဖျက်ပြီးပြေးခြင်းမျိုး လုပ်ဆောင်သည်ကို တွေ့ရကြောင်း၊ ငွေစက္ကူအတုကို မည်သည့်နေရာတွင် ချထားမည်သွားယူပါဆိုသည့်ပုံစံဖြင့် ငွေကြိုလွှဲခိုင်းပြီး ပိတ်သွားခြင်း၊ လိမ်သွားကြခြင်းကို စုံစမ်းသိရှိရပါကြောင်း၊ မိမိပြောလိုသည်မှာ ယခင်ငွေစက္ကူနှင့် ပတ်သက်ပြီး ကောလာဟလများထွက်သည့်အချိန်တွင် ပြောပြီးဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ "ပုဒ်မ ၃၆( င)အရ နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု" ဟု ပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုမရှိဘဲယုံကြည်စွာ သုံးစွဲနိုင်သည်ကို အသိပေးပြောကြားလိုကြောင်း၊ ဗဟိုဘဏ်၏ မှတ်တမ်းများအရ ငွေအတုဖမ်းဆီးရမိမှုအနေဖြင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၁၉ ကြိမ်၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၆ ကြိမ်နှင့် ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ၂၅ ကြိမ် ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ငွေစက္ကူအတု ဖမ်းဆီးရမိမှုပိုများပါကြောင်း၊ Online တွင် ငွေစက္ကူအတုနှင့် လိမ်လည်မှုနှင့် ပတ်သက်ပြီး ၂၀၂၂ ခုနှစ် မတ်လအတွင်း Online လိမ်လည်မှု ၇ မှုအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများနှင့် ပတ်သက်သည့် Video File အချို့ကို ဖွင့်ပြလိုပါကြောင်း၊ NUG ၊ CRPH စသည့် အကြမ်းဖက်အဖွဲ့အစည်းများ ၎င်းတို့၏ လက်အောက်ခံ PDF အမည်ခံအဖွဲ့များ၏ လုပ်ရပ်များစွာထဲက အချိန်ကာလကို ငဲ့ကွက်ပြီး File အချို့ကို ဖွင့်ပြခြင်းဖြစ်ကြောင်း၊ မိမိတို့ထံ အခုလို Video File ပေးပို့သည့်အပြင် ဆက်သွယ်ရေးနည်းလမ်းမျိုးစုံမှ တစ်ဆင့် နောက်ဆုံးလူကိုယ်တိုင်လာပေးသည့်အဆင့်ထိ Video File များစွာရှိကြောင်း၊ ထိုအထဲမှ ၎င်းတို့၏ လုံခြုံရေး၊ ရပ်ရွာလုံခြုံရေး အတွက်

*စာမျက်နှာ ၁၄ သို့*

**"တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်ကစပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ပစ်ခတ်တိုက်ခိုက်မှုကို ရပ်စဲထားခဲ့၊ ၂၀၂၂ ခုနှစ် မတ် ၁ ရက်မှ ယခုနှစ်ကုန်ပိုင်းထိ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို ထပ်မံတိုးမြှင့်ထား၊ ဖေဖော်ဝါရီ ၆ ရက်တွင်လည်း "ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်း" ကြေညာချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရအနေဖြင့် ထုတ်ပြန်ပေးခဲ့၊ ယခင်ကဆွေးနွေးမှုများတွင် အစိုးရနှင့် တပ်မတော်ဘက်က ကြိုတင်ကန့်သတ်ချက်များကြောင့် မအောင်မြင်ဟု ဝေဖန်ပြောကြားခြင်းများရှိ၊ ယခု ထိုကြေညာချက်တွင် မိမိတို့အနေဖြင့် ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သမျှ လွတ်လွတ်လပ်လပ်ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့၊ ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွင် ရှားပါးသည့်ဖြစ်စဉ်ဟု ဆိုနိုင်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အကျိုးရှိစွာအသုံးချနိုင်ရန် လိုအပ်၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အဖွဲ့ ၇ ဖွဲ့နှင့် NCA လက်မှတ် မရေးထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၄ ဖွဲ့ စုစုပေါင်း ၁၁ ဖွဲ့ တက်ရောက်ခဲ့ "**

*စာမျက်နှာ ၁၃ မှ*
သက်သေအထောက်အထားအဖြစ် ထားရှိရန် ပြောခဲ့သည်များ ရှိကြောင်း၊ အချို့ Video File များသည် ကာယကံရှင်ကိုယ်တိုင် ၎င်းတို့ ရွာတွင် ဖြစ်ပျက်နေသည်များ၊ ပြည်ပမီဒီယာများ၊ မီဒီယာများ မည်သို့ လုပ်ကြံသတင်းဖန်တီးထားသည်ကို သိရှိနိုင်ရန် ပေးပို့ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဖွင့်ပြခြင်းဖြစ်ကြောင်း၊ ပထမဦးဆုံး စစ်ကိုင်းတိုင်းဒေသကြီး အင်းမထီးကျေးရွာ ဒုတိယအကြိမ် မီးရှို့ခံရသည့်ဖြစ်စဉ်ဖြစ်ကြောင်း၊ မည်သည့်အဖွဲ့က မည်သို့ဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အင်းမထီးကျေးရွာတွင် ယခင် ၉/၁၀ လပိုင်းကတည်းကပင် အခွန်ကောက်ခြင်း၊ PDF နှင့် ပတ်သက်ပြီး ပေးရခြင်းများကို ပြောထားခြင်းဖြစ်ကြောင်း ပြောကြား၍ အင်းမထီးရွာဖြစ်စဉ်နှင့် ပတ်သက်ပြီး ရွာသားများ၏ ပြောကြားချက်အချို့ပါဝင်သည့် Video File ကို ပြသသည်။

ဆက်လက်၍ နောက်တစ်ခုအနေဖြင့် ပုလဲမြို့နယ် ဇီးဖြူကုန်းရွာဖြစ်စဉ်ကို ဖွင့်ပြမည်ဖြစ်ကြောင်း ပြောကြား၍ ဇီးဖြူကုန်းရွာဖြစ်စဉ်နှင့် ပတ်သက်ပြီး ရွာသားတချို့ ပြောကြားထားသည့် Video File ကို ပြသသည်။ Video File လေးဖိုင်စုစည်းထားပါကြောင်း၊ ပုလဲမြို့နယ် ဇီးဖြူကုန်းရွာ နောက်ခံအကြောင်းအရာတချို့ကိုလည်း ဖြည့်စွက်ပြောကြားလိုပါကြောင်း၊ ထိုကာလထိုအချိန်တွင် ထိုရွာ၌ စည်းလုံးညီညွတ်ပြီး အေးချမ်းစွာနေခြင်းများရှိကြောင်း၊ နိုင်ငံရေးအယူဝါဒမျိုးစုံ၊ ပါတီထောက်ခံသူမျိုးစုံရှိကြောင်း၊ အနီ/အစိမ်း/အပြာ အားလုံးရှိပါကြောင်း၊ စည်းလုံးညီညွတ်မှုအပြည့်ဖြင့် နေခဲ့ခြင်းရှိကြောင်း၊ ဒီမိုကရေစီ၏အနှစ်သာရဖြစ်သည့် လွတ်လပ်စွာကွဲလွဲခွင့်ကို အပြည့်အဝကျင့်သုံးခဲ့သည့် ရွာဟုပြောနိုင်သည့် အနေအထားဖြစ်ကြောင်း၊ အစိမ်းအိမ်ကလျှုလျှင် အနီကူသလို၊ အနီအိမ်က အခက်အခဲရှိလျှင် အစိမ်းကလည်းကူခဲ့သည့် ရာဇဝင်ရှိပါကြောင်း၊ NUG ဆိုသည့် အကြမ်းဖက်အဖွဲ့၏ D-Day ဆိုသည့် ကြေညာချက်ထွက်လာပြီးနောက် ထိုရွာတွင် စည်းလုံးမှု၊ ညီညွတ်မှုများပျက်ပြားပြီး PDF ဟု အမည်တပ်ထားသည့် လက်နက်ကိုင် အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည့်နောက်တွင် ပိုလျှံလျှင် အလှူအတွက် ရည်စူးထားသည့် ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့်ငွေကြေးများသည် PDF အဖွဲ့ကို ဆက်ကြေးပေးရသည့်အဆင့်၊ ရိက္ခာထောက်ပံ့ရသည့်အဆင့်အထိ ရောက်သွားပါကြောင်း၊ ရွာသူ ၊ ရွာသားများ၏ ပြောကြားချက်အရ (၉)လပိုင်းကနေစပြီး ဆက်ကြေးပေးခဲ့ရပါကြောင်း၊ လူငယ်များသည် အိမ်၏တောင်သူအလုပ်နှင့် အခြားအလုပ်များကို ကူညီရမည့်အစား ဒေသအတွက် PDF ထဲကိုဝင်ရမည်ဆိုပြီး ဝင်ရပါကြောင်း၊ မဝင်လျှင် သတ်ဖြတ်သည်အထိ ကျူးလွန်ပါကြောင်း၊ ခြိမ်းခြောက်ပါကြောင်း၊ မဝင်လို၍ မြို့ပေါ်ပြေးလျှင် အိမ်ကလူများကို သတ်မည်ဟု ခြိမ်းခြောက်မှုကြောင့် PDF ထဲဝင်ရသူ မနည်းသည်ကို တွေ့ရပါကြောင်း၊ ဆက်ကြေးပေး PDF ထဲဝင်၍ ၎င်းတို့မိသားစု လုံခြုံမှုမရှိသေးပါကြောင်း။

ယခင် ရန်ငြိုးရန်စရှိခဲ့ဖူးသူက PDF ထဲ ရောက်နေလျှင် ဘယ်အချိန် ဒလန်ဆိုသည့် စွပ်စွဲချက်ဖြင့် အသတ်ခံရမည်ဆိုသည့် စိတ်ပူပင်ရခြင်းမျိုးစုံရှိခဲ့ပါကြောင်း၊ ထိုသို့ နေထိုင်ရခြင်းကြောင့် အချို့ရွာသူ ရွာသားများသည် မခံနိုင်သည့်အဆုံး ပြည်သူ့စစ်အဖွဲ့ငယ်များကို စပြီးဖွဲ့စည်းပါကြောင်း၊ ထိုသို့ဖွဲ့သည့်အချိန်တွင် PDF အဖွဲ့များသည် မကျေမချမ်းဖြစ်ပြီး ပြည်သူ့ စစ်ဖွဲ့သည့်ရွာများကို အင်အားသုံးပြီး တိုက်ခိုက်၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ခဲ့ပါကြောင်း၊ ရွာမီးလောင်ပါက အရင်ဦးအောင် တပ်ကလုပ်သယောင်ထုတ်လွှင့်ခဲ့ခြင်းများ ရှိကြောင်း၊ မီးသည် အစိမ်းအိမ်လောင်သလို အနီအိမ်လည်းလောင်ပါကြောင်း၊ နီ၍ မီးကမလောင်ဘဲ ကွင်းသွားခြင်းမရှိဘဲ အားလုံးလောင်မည်ဖြစ်ပါကြောင်း၊ ဇီးဖြူကုန်းရွာဖြစ်စဉ်တွင် အမှန်တကယ်ခံစားရသည့် ကျေးရွာသားများ၏ Video File ကို ကြည့်ရှုရမည်ဖြစ်ကြောင်း ပြောကြား၍ Video File ကို ပြသသည်။

**❍ နံပါတ်လေး အချက်အနေဖြင့် လတ်တလောပျံ့နှံ့နေသည့် ငွေတုကိစ္စအကြောင်း ပြောလို၊ ပြည်သူလူထုအနေဖြင့် ကောလာဟလအပေါ် စိုးရိမ်ပူပန်မှုများမဖြစ်ရန် အသိပေးလို၊ လူမှုကွန်ရက်စာမျက်နှာအပေါ်တွင် ငွေစက္ကူအတုရောင်းဝယ်ရေး** Facebook Page **များဖွင့်ပြီး ကြော်ငြာရောင်းချနေခြင်းကို တွေ့ရ၊ ငွေစက္ကူအစစ်များကို ဓာတ်ပုံရိုက်ပြီး** Page **တွင် လိမ်လည်ဖော်ပြထားခြင်းနှင့် ပုံအဟောင်းများ ကူးယူပြီး ဖော်ပြထားခြင်း တွေ့ရ၊ အင်တာနက်စာမျက်နှာများပေါ်တွင် ငွေစက္ကူအတုများ ရောင်းချခြင်းဆိုသည့် အရောင်းအဝယ်ပြုလုပ်ခြင်း မဟုတ်ဘဲ** Online **တွင် ယုံကြည်အောင်ပြောဆိုပြီး ကြိုတင်လွှဲပို့သည့် ငွေများကို လိမ်လည်ရယူခဲ့ခြင်းကို တွေ့ရ**

ဆက်လက်၍ PDF အဖွဲ့ဖြစ်ပေါ်လာရန် လှုံ့ဆော်ပေးသည့်၊ PDF အဖွဲ့ကို ညွှန်ကြားပေးနေသည့် အကြမ်းဖက် NUG အဖွဲ့များအနေဖြင့် ထိုကိစ္စနှင့် ပတ်သက်ပြီး တာဝန်ယူမှု တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး ၎င်းတို့ ထိန်းသိမ်းနိုင်ပါသလား၊ EAO ခေါင်းဆောင်တစ်ဦးပြောခဲ့သည်ကို မီဒီယာသမားများနှင့် ကြည့်ရှုနေကြသည့် မိဘပြည်သူများလည်း သိရှိပြီးဖြစ်ကြောင်း၊ အကြောင်းမဲ့ပြောခဲ့ခြင်း မဟုတ်ကြောင်း၊ အတွေ့အကြုံအရ ပြောခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့တပ်က ပြောခဲ့ခြင်းမဟုတ်ကြောင်း၊ နှစ်ပေါင်းများစွာ လက်နက်စွဲကိုင်ပြီး တိုင်းရင်းသားအရေးလုပ်နေသည့် EAO အဖွဲ့ခေါင်းဆောင်တစ်ဦးပြောခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအဖွဲ့များသည် လက်နက်ကိုင်စွဲပြီးလျှင် မည်သူမျှ ထိန်း၍သိမ်း၍ ရမည်မဟုတ်ကြောင်း၊ ဓားပြသာသာဖြစ်သွားမည်ဟု ပြောခဲ့ကြောင်း၊ မှန် မမှန်တွေ့ရမည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပျက်နေသည့် အဖြစ်အပျက်များဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကပြောခဲ့သလို ထိုသို့ခံစားနေရသူများနှင့် ပတ်သက်လာလျှင် ပြည်သူလူထုပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ်ကို အရှိန်မြှင့်တင်ဆောင်ရွက်ပြီး ပြည်သူလူထုကို ကာကွယ်နိုင်ရန် ပြည်သူလူထုပါဝင်သည့် ပြည်သူလူထုကာကွယ်ရေးစနစ်ကို အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဓားပြသာသာဖြစ်နေမည်ကို အကြောင်းမဲ့ပြောခြင်း မဟုတ်ကြောင်း၊ ၁၈.၃.၂၀၂၂ ရက်နေ့ထိ PDF အကြမ်းဖက်သမားများ၏ လုပ်ရပ်ကြောင့် ရွေးဆိုင်လုယက်ခံရမှု တရားခံ **၅၉** ဦး ကျူးလွန်ခဲ့ပြီး တန်ဖိုးငွေ ငွေကျပ် **၁,၆၂၄,၉၇၉,၄၀၀ (၁ ဒသမ ၆ ဘီလီယံ** ကျော်ခန့်) ရှိပါကြောင်း။

သေနတ်ဖြင့် ခြိမ်းခြောက်လုယက်မှု **၁၁** ကြိမ်၊ လူကိုသေစေသည့် ဓား၊ တုတ်နှင့် **၁** ကြိမ် ပါဝင်ပတ်သက်ခဲ့ပါကြောင်း၊ ဘဏ်ဓားပြတိုက်မှု **၁၈** ကြိမ် ဖြစ်ပွားခဲ့ပြီး တရားခံ **၉၇** ဦး ဖမ်းမိခဲ့ပါကြောင်း၊ တန်ဖိုးငွေ **ငွေကျပ် ၁၃,၅၅၁,၆၀၉,၃၆၄ (၁၃ ဒသမ ၅ ဘီလီယံကျော်) ဆုံးရှုံး**ခဲ့ပါကြောင်း၊ အကြမ်းဖက်လုယက်မှုအနေဖြင့် **၄၅** ကြိမ်ဖြစ်ပွားခဲ့ပြီး ငွေကျပ် **၃,၁၃၀,၆၈၃,၉၆၅ (၃ ဒသမ ၁ ဘီလီယံ** ကျော်ခန့်) ဖြင့် လုယက်ကျူးလွန်ခဲ့ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်စဉ် **၁၃** ခုဖြင့် အများဆုံးဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ စို့ကွင်းကျေးရွာမှ သေနတ်ဖြင့်ချိန်ပြီး ငွေကျပ် ၆ သောင်း တန်ဖိုးခန့်ဖြင့် သေနတ်ပစ်ခတ် ဓားပြတိုက်သည့်ဖြစ်စဉ်ရှိသကဲ့သို့ ဆီတင်သဘော်များကိုလည်း ငွေကျပ်သိန်း ၅၀ ခန့်ဖြင့် ဓားပြတိုက်သည့် စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ အောင်ချမ်းသာရွာအနီး ဖြစ်စဉ်များလည်းရှိပါကြောင်း၊ မကွေးတိုင်း၊ ဆိပ်ဖြူကုန်းရွာ၌လည်း တူမီးသေနတ်ကိုင် လူ ၄ ဦးက အထက်တန်းပြဆရာတစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်စဉ်များလည်း ရှိပါကြောင်း၊ လက်နက်များကိုင်ပြီး အကြမ်းဖက်ဓားပြတိုက် လုယက်မှုအချို့သာ ဖြစ်ပါကြောင်း၊ ထို့အပြင် ဝေစုမတည့်သဖြင့် PDF အချင်းချင်း ဒလန်၊ သတင်းပေးဆိုပြီး သတ်ဖြတ်မှုများလည်း ရှိနေပါကြောင်း၊ အစကတည်းက ခံယူချက်စိတ်ဓာတ်မကောင်းသူ၊ မရှိသူများ အချင်းချင်း သတ်ဖြတ်မှုဇာတ်လမ်းများက ပေါ်ပေါက်လာမည်၊ ပေါ်ပေါက်နေဆဲဖြစ်မည်ဆိုသည်ကို မကြာခင် အရှိန်အဟုန်နှင့် လာပါလိမ့်မည်ဖြစ်ကြောင်း၊ ယင်းလုပ်ရပ်များကို ပြည်သူများအနေဖြင့် မိမိတို့နှင့် ပူးပေါင်းပါဝင်ကြပါဟု တိုက်တွန်းလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ရွေးကောက်ပွဲကိစ္စကို ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ရွေးကောက်ပွဲ ၃ ကြိမ် ကျင်းပခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၌ မြို့နယ် ၃၃၀ ရှိသည့်အနက် ၂၀၁၀ ရွေးကောက်ပွဲတွင် မြို့နယ် ၃၂၅ မြို့နယ်၊ ၂၀၁၅ ရွေးကောက်ပွဲတွင် မြို့နယ် ၃၂၃ မြို့နယ်၊ ၂၀၂၀ ရွေးကောက်ပွဲတွင် မြို့နယ် ၃၁၅ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၇ အရ “ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်” ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အနှစ်သာရမှာ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တစ်နိုင်ငံလုံး၊ မည်သည့်နေရာဒေသမှမကျန် ကျင့်သုံးရမည် ဖြစ်ပါကြောင်း၊ ထိုသို့ကျင့်သုံးနိုင်ရန် အခြေခံအချက်က လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများ တစ်နိုင်ငံလုံး၌ ဆောင်ရွက်ပေးနိုင်ရမည် ဖြစ်ပါကြောင်း၊ သို့မှသာ အထွေထွေရွေးကောက်ပွဲ (General Election) ဆိုသည့်အင်္ဂါရပ်နှင့် ပြည့်စုံမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကို လုပ်နိုင်သည့်နေရာလုပ်၊ မလုပ်နိုင်သည့်နေရာကို မလုပ်ဘဲချန်ထားပါက ဒီမိုကရေစီနှင့် အထွေထွေရွေးကောက်ပွဲ၏ အနှစ်သာရများ ယုတ်လျော့သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လာမည့်ရွေးကောက်ပွဲကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း အသိပေးပြောကြားလိုပါကြောင်း ပြောကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ရွှေကျင်မြို့တွင် (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အသိပညာပေး Talk Show ဆောင်ရွက်

**ရွှေကျင် မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အသိပညာပေး (Talk Show) ပြုလုပ်ခြင်းကို မတ် ၂၅ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သဲစုအောင်က ၂၀၂၂ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားပြီး ရွှေကျင်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်းဝင်း (သာထက်အောင်)က တပ်မတော်၏ သမိုင်းအကြောင်းအရာများ၊ တပ်မတော်နေ့ဖြစ်ပေါ်လာပုံ အဆင့်ဆင့်အကြောင်းအရာများ၊ ယနေ့ အချိန်ကာလတွင် တပ်မတော်မှ တာဝန်ယူဆောင်ရွက်နေသည့် လူမှုရေး၊ စီးပွားရေး၊ တပ်မတော်နှင့် ပတ်သက်သော အကြောင်းအရာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် တတိယအကြိမ် ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်မည်

**နေပြည်တော် မတ် ၂၆**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ၂၀၀၉ ခုနှစ်က နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က သဒ္ဓါတရားထက်သန်စွာ လှူဒါန်း၍ တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏ ကြာနုအောက်ခြေအထိ ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့သည်။

စေတီတော်မြတ်ကြီး၏ဖောင်းရစ် သုံးခုအနက် အပေါ်ပိုင်း တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ် ၃ ပေအထိ ဧရိယာ ၂၂၈၀ ဒသမ ၀၃ စတုရန်းပေကို ရွှေစင်ရွှေပြား ၂၅၅၄ ချပ်ဖြင့် လည်းကောင်း၊ ကျန်ရှိနေသော ဒုတိယဖောင်းရစ်ဧရိယာ ၂၂၀၀ ဒသမ ၉၆ စတုရန်းပေကို ရွှေစင်ရွှေပြား ၂၂၃၂ ချပ်ဖြင့် လည်းကောင်း ကပ်လှူပူဇော်ခဲ့ပြီး ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

ယခုအခါ တတိယအကြိမ်အဖြစ် ကျန်သော ပထမဖောင်းရစ်ဧရိယာ ၂၆၀၄ စတုရန်းပေကို ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ရန် စီစဉ်လျက်ရှိရာ တစ်ပေပတ်လည် ရွှေစင်ရွှေပြားတစ်ချပ် (အလေးချိန် တစ်ကျပ်သား) ၏ ကုန်ကျစရိတ်မှာ ငွေကျပ် ၁၆၀၀၀၀၀ ဖြစ်သဖြင့် ပါဝင်လှူဒါန်း ကုသိုလ်ယူနိုင်ကြောင်းနှင့် ကုသိုလ်ပါဝင် လှူဒါန်းလိုပါက နေပြည်တော် သာသနာရေးမှူးရုံး(ဖုန်း) ၀၆၇-၅၅၀၁၈၃၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ (ဖုန်း) ၀၆၇-၂၁၂၁၇၊ ၀၉-၅၁၃၅၆၉၈၊ ၀၉-၂၅၀၇၉ ၇၇၇၂၊ ၀၉-၂၅၀၇၉၇၄၇၁၊ ၀၉-၄၉၂၀၄၁၃၀၊ ၀၉-၄၅၂၄ ၇၈၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့၌ တစ်နှစ်လျှင် တစ်ရက်သာကျင်းပသည့် စော်ဘွားဈေးနေ့ စည်ကားလျက်ရှိ

**ကျိုင်းတုံ မတ် ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ရှမ်းတိုင်းရင်းသားများ၏ ထုံးတမ်းအစဉ်အလာအရ တစ်နှစ်လျှင် တစ်ရက်သာ ကျင်းပသည့် စော်ဘွားဈေးနေ့ကို မတ် ၂၆ ရက်က ပါလျန်မြို့ရိုးတံခါးအနီး စော်ဘွားကြီးအုတ်ဂူရှေ့ လွိုင်မွေလမ်းတွင် ကျင်းပသည်။



စော်ဘွားဈေးနေ့တွင် ဒေသထွက်သီးနှံများ၊ အစားအစာများ၊ တိုင်းရင်းသားရိုးရာ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို ရပ်နီးရပ်ဝေးမှ လာရောက်ဈေးရောင်းချသူများ၊ ဈေးဝယ်သူများ၊ အမှတ်တရဓာတ်ပုံရိုက်သူများဖြင့် စည်ကားလျက်ရှိပြီး ဈေးသို့ လာရောက်သူများက စော်ဘွားအဆက်ဆက် အရိုးအိုးများ မြှုပ်နှံရာ အုတ်ဂူရှစ်ခုတွင် သစ်သီး၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ပူဇော်ပသကြကြောင်း သိရသည်။

ကျိုင်းတုံမြို့တွင် ရှေးခေတ် ထုံးတမ်း အစဉ်အလာမပျက် တစ်နှစ်လျှင် တစ်ရက်သာ ရောင်းချလေ့ရှိသည့် စော်ဘွားဈေးသို့ လာရောက်သူအားလုံးသည် ကောင်းသောမင်္ဂလာနှင့် ပြည့်စုံပြီး ၎င်းဈေးတွင် ရောင်းချသော ပစ္စည်းများကိုဝယ်ယူပါက ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ကောင်းမွန်သည်ဟု ယူဆကာ မြို့သူ မြို့သားများ၊ အနီးပတ်ဝန်းကျင်မှ ကျေးရွာသူ ကျေးရွာသားများ၊ ဧည့်သည်များနှင့် ကလေးများမှစ၍ သက်ကြီးရွယ်အိုများအထိ စော်ဘွားဈေးသို့ လာရောက်လည်ပတ်၍ ဈေးဝယ်ကြကြောင်း သိရသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**

## ဟသ်ာတမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

**ဟသ်ာတ မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲက ဟသ်ာတမြို့ အထက(၁)ကျောင်း ဟသ်ာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ပညာရေးမှူးကိုယ်စား ဆရာမကြီး ဒေါ်စန်းစန်းရီက "စိတ်ဓာတ်ကောင်းမွန်ရေး စည်းကမ်းလိုက်နာရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်စန္ဒာဆွေက "လူငယ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဟသ်ာတခရိုင် အားကစားမှူး ဦးကျော်သန်းက "လူငယ်နှင့် အားကစား"ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဟသ်ာတခရိုင် အားကစားမှူးကအားကစားပစ္စည်းများကို တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်ခဲ့ကြသည့် အထက(၁)ကျောင်းမှ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုဇော်(ဟသ်ာတ)**

## ရွှေတိဂုံစေတီတော်မြတ်ကြီးအား နံနက် ၅ နာရီမှ ည ၇ နာရီအထိ ဖူးမြော်ချိန်တိုးမြှင့်

**ရန်ကုန် မတ် ၂၆**

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စနေ၊ တနင်္ဂနွေနှင့် အများပြည်သူရုံးပိတ်ရက် (အစိုးရရုံးပိတ်ရက်) များတွင် နံနက် ၅ နာရီမှ ည ၇ နာရီအထိ ဖူးမြော်ချိန်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သော်လည်း ရုံးပိတ်ရက်မဟုတ်သည့် ပုံမှန်နေ့ရက်များတွင် နေ့စဉ် နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားခဲ့ပြီး ဖြစ်သည်။

ယခုအခါ ရွှေတိဂုံစေတီတော်မြတ်ကြီးအား မတ် ၂၆ ရက်မှစတင်ပြီး နေ့စဉ်နံနက် ၅ နာရီမှ ည ၇ နာရီအထိ အချိန်တိုးမြှင့် ဖွင့်လှစ်မည်ဖြစ်၍ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ လာရောက်ဖူးမြော်နိုင်ကြောင်း ဂေါပကအဖွဲ့က အသိပေးကြေညာထားသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ပခုက္ကူတက္ကသိုလ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ပခုက္ကူ မတ် ၂၆**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ် လေးထပ်ဆောင်ခန်းမ၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို မတ် ၂၅ ရက် မွန်းလွဲ ၃ နာရီက ကျင်းပသည်။

ဟောပြောပွဲသို့ ပခုက္ကူတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ထွတ်၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာ၊ မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးအောင်နွယ်တို့က ကျောင်းသား ကျောင်းသူများ ထားရှိရမည့် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့် လူငယ်နှင့်အနာဂတ် ခေါင်းစဉ်တို့ဖြင့် လည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းသီတာထွေးက လူငယ်နှင့်ဗလငါးတန်နှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးခေါင်းစဉ်တို့ဖြင့် လည်းကောင်း၊ လူငယ်နှင့်အားကစား၊ ကျောင်းသား ကျောင်းသူများ၏ အားကစားစွမ်းရည်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း ရှင်းလင်းဟောပြောကြပြီး ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါဟောပြောပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ကျောင်းသား ကျောင်းသူ (လူငယ်)များအား ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများ ကြွယ်ဝလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပခုက္ကူတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)**



## မိတ္ထီလာမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

**မိတ္ထီလာ မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မတ် ၂၄ ရက်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရာ မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်နှင့် ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရိုးရာခြင်းနှင့် ကာယကြံ့ခိုင်မှုအားကစားလေ့ကျင့်ခန်း သရုပ်ပြအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်စန်းဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာန မိတ္ထီလာခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်တို့က စိတ်ဓာတ်စည်းကမ်းမှစ၍ လူ့ဘောင်ဆီသို့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ အားကစားပြုလုပ်ခြင်းဖြင့် ရရှိလာသော အကျိုးကျေးဇူးများခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပြီး ခရိုင် အား/ကာမှ ကျောင်းအုပ်ကြီးထံသို့ ကျောင်းအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်း)**

## အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စုနှင့် ကဇူးကိုင်းကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများမှ နေရပ်ပြန်မည့် ယာယီတိုက်ပွဲရှောင်အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းများထောက်ပံ့ပေးအပ်




နေပြည်တော် မတ် ၂၆

ရခိုင်ပြည်နယ် အမ်းမြို့ရှိ တိုက်ပွဲရှောင်စခန်းများတွင် ယာယီနေထိုင်လျက်ရှိသော အမ်းမြို့နယ် ဒါးလက်ကျေးရွာအုပ်စုနှင့် ကဇူးကိုင်းကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများမှ နေရပ်ပြန်မည့် ယာယီတိုက်ပွဲရှောင်အိမ်ထောင်စုဝင်များကို ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အမ်းမြို့ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုက်ပွဲရှောင်အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် အိမ်ထောင်စု ၃၀၇ စုတို့အတွက် ထောက်ပံ့ငွေကျပ် ၁၅၃၅ သိန်းကို ထောက်ပံ့ပေးအပ်ရာ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ ကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူကြသည်။ ယင်းနောက် ပြည်နယ် သယံဇာတရေးရာ ဝန်ကြီး ဦးသန်းထွန်းက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနက ထောက်ပံ့ပေးအပ်သည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုးနှင့် စားသောက်ဖွယ်ရာများကို ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၃၀၇ စုတို့အတွက် ထောက်ပံ့ပေးအပ်သည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ယာယီတိုက်ပွဲရှောင်အိမ်ထောင်စုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ နေရပ်အသီးသီးသို့ ပြန်ကြမည့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စု ၃၀၇ စုအား မိမိတို့ နေရပ်ဒေသများသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့က လိုအပ်သည်များ ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ယာဉ်တစ်စီးဖြင့် နှာခေါင်းစည်း တစ်တန်နှင့် လက်အိတ် ၀ ဒသမ ၄တန်ကို တင်သွင်းခဲ့သည်။

မတ် ၁ ရက်မှ ၂၆ ရက်အတွင်း အပြည်ပြည် ဆိုင်ရာဆိပ်ကမ်းများနှင့် ကုန်သွယ်ရေးစခန်းများမှ ကုမ္ပဏီ ခြောက်ခု၊ ယာဉ်စီးရေ ၁၀ စီးဖြင့် Oxygen အိုးခွံ ၆၈၀၊ OxygenPlant တစ်ခု၊ Oxygen Generator တစ်ခု၊ Oxygen Concentrator အခု ၁၀၀၊ လက်အိတ် ၂၂ တန်နှင့် နှာခေါင်းစည်း တန် ၇၀ တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေးစီစဉ် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

▼*ကျော့ဖုံးမှ*

မြို့နယ် (၂၇)ရပ်ကွက် ဘုရင့်နောင်လမ်းပေါ်တွင် ဖွင့်လှစ်ထားသည့် DENKO စက်သုံးဆီအရောင်းဆိုင်အတွင်းသို့ Probox အမျိုးအစား မော်တော်ယာဉ် အဖြူရောင် တစ်စီးရောက်ရှိလာပြီး အဆိုပါယာဉ်ပေါ်မှ အကြမ်းဖက်သမား ခြောက်ဦးက သေနတ်၊ ဓားများကိုင်ဆောင်၍ ဆီဆိုင်အတွင်းရှိ ဝန်ထမ်းများနှင့် ဆီဖြည့်ရန် လာရောက်သူများကို သေနတ်ပစ်ဖောက် ခြိမ်းခြောက်ကာ ကောင်တာအား ကာရံထားသည့် မှန်များကို ရိုက်ခွဲခဲ့ကြောင်း၊ ထို့နောက် ကောင်တာအတွင်း ထားရှိသည့် ဆီရောင်းချထားသည့် ငွေကျပ်သိန်း ၆၀ ခန့်ကို လုယက်ယူဆောင်၍ ဆီပန့်များအနီးသို့ လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ဖောက်ခွဲကာ ဆီပန့်အား ၎င်းတို့ထံတွင် အသင့်ယူဆောင်လာသည့် မီးတုတ် နှစ်ချောင်းဖြင့် မီးရှို့ဖျက်ဆီး၍ Probox မော်တော်ယာဉ်ဖြင့်ပင် ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများ ထွက်ခွာသွားပြီးနောက် ဆိုင်ဝန်ထမ်းများသည် မီးလောင်လျက်ရှိသည့် ဆီပန့်နှစ်ခုအား မီးသတ်ဆေးဘူးများဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ ဖျက်ဆီးခဲ့မှုကြောင့် ဆီပန့်နှစ်ခု မီးလောင်ပျက်စီးကာ ငွေသိမ်းကောင်တာတွင် ကာရံထားသည့်မှန်များ ကွဲအက်ပျက်စီးခဲ့ကြောင်းနှင့် ဖြစ်စဉ်နေရာမှ အကြမ်းဖက်သမားများ မီးရှို့ရာတွင် အသုံးပြုခဲ့သည့် သစ်သားမီးတုတ် နှစ်ချောင်းနှင့် လက်ပစ်ဗုံး လီဗာတံတစ်ခု၊ 9 MM ကျည်ခွံ လေးခုတို့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဘုရင့်နောင်လမ်းပေါ်ရှိ မြမေတ္တာမွန်စက်သုံးဆီ အရောင်းဆိုင်သို့ ယနေ့နံနက် ၅ နာရီ ၁၀ မိနစ်တွင် အကြမ်းဖက်သမား အမျိုးသား သုံးဦးတို့ ဝင်ရောက်လာပြီး ဝန်ထမ်းများဖြစ်သည့် ဦးစောလွင်ဦး (၄၀)နှစ် (ဘ)ဦးကျော်ငြိမ်း၊ ဦးစိုးမိုးနိုင်(၃၇)နှစ် (ဘ)ဦးမိုးညို့နှင့် ဦးအေးကြိုင်(၃၅)နှစ် (ဘ) ဦးကျော်အေးတို့ သုံးဦးအား နှိုးကာ ဆိုင်အတွင်း သေနတ်တစ်ချက် ပစ်ဖောက်၍ ဆီပန့် သုံးခုအား ဓာတ်ဆီဖျန်းမီးရှို့ခဲ့ကြောင်း၊ ငွေသိမ်းကောင်တာ သုံးခုအနက် ဆိုင်အလယ်ရှိ ငွေသိမ်းကောင်တာအား လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားကြောင်း၊ ဆီပန့်သုံးခု၌ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ဦးစောလွင်ဦးတို့ သုံးဦးနှင့် အနီးပတ်ဝန်းကျင်မှ ပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် ဆိုင်ဝန်ထမ်း သုံးဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆီပန့် သုံးခုနှင့် ငွေသိမ်း ကောင်တာအတွင်းရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၅၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ခြောက်လုံးပြူး သေနတ်တစ်လက်၊ ၎င်းကျည် လေးတောင့်နှင့် ကျည်ခွံတစ်ခုတို့ သိမ်းဆည်း ရရှိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ဖြစ်စဉ်များမှ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် DENKO စက်သုံးဆီအရောင်းဆိုင်မှ ဆီပန့်နှင့်ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုခဲ့သည့် လက်ပစ်ဗုံး လီဗာတံနှင့် 9 MM ကျည်ခွံများ။

● *ကျော့ဖုံးမှ*

တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အီဂျစ်အသင်းနှင့် ဆီနီဂေါအသင်းတို့၏ ဒုတိယအကျော့ကို မတ် ၂၉ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အနိုင်ရရှိမည့်အသင်းသည် နိုဝင်ဘာတွင် ကာတာနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

**အောင်ဇော်**

### ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မတ် ၂၆

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကာကွယ်ဆေးထိုးပြီးခရီးသည်များအတွက် အသွားအလာစောင့်ကြည့်ကန့်သတ်မှု စင်ကာပူ ဖြေလျှော့ပေးမည်

**စင်ကာပူ မတ် ၂၆**

ဧပြီ ၁ ရက်မှစတင်ကာ စင်ကာပူနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအတွက် အသွားအလာစောင့်ကြည့်ကန့်သတ်ခံရမှုကို ဖယ်ရှားပေးတော့မည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံအများအပြားတွင် ပြည်ဝင်ခွင့် ကန့်သတ်ချက်များကို ဖြေလျှော့မှုများပြုလာပြီးနောက် စင်ကာပူနိုင်ငံကလည်း ယခုလိုဖြေလျှော့မှုမျိုး ပြုလုပ်လာခြင်း ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ကိုဗစ်-၁၉ နှင့်အတူ နေထိုင်ခြင်းကဲ့သို့ပုံစံမျိုးထံ လျှောက်လှမ်းနေကြောင်း မတ် ၂၄ ရက်တွင် ဝန်ကြီးချုပ်လီရှန်လွန်းက မိန့်ခွန်းပြောကြားခဲ့သည်။ အဆောက်အအုံပြင်ပတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည့်အမိန့်ကို ဖယ်ရှားပေးမည့်အပြင် လူအများအပြားစုဝေးခွင့်ကိုလည်း ခွင့်ပြုပေးသွားမည်ဟု ၎င်းက ပြောသည်။ နေ့စဉ်ကူးစက်မှုများမှာ လျော့ကျလာပြီဖြစ်ပြီး လူအများအပြားမှာလည်း ကာကွယ်ဆေးထိုးပြီးပြီဖြစ်သည့်အတွက် ယခုလိုဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

ယခုသီတင်းပတ်အတွင်းပင် အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံအတွင်းသို့ဝင်ရောက်မည့် ခရီးသွားများအားလုံး ကာကွယ်ဆေးထိုးပြီးရမည်ဖြစ်ကာ ကိုဗစ်-၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်ကိုလည်း ပြသရမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ယခုလအတွင်း ဘာလီကျွန်းအပါအဝင် အခြားသောနေရာများသို့ သွားလာရာတွင် အသွားအလာစောင့်ကြည့်ကန့်သတ်မှုများကို ဖြေလျှော့ပေးခဲ့ပြီးဖြစ်သည်။

အင်န်အိတ်ချ်ကေ




စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်တွင် ခရီးသွားများကို တွေ့ရစဉ်။

# ဂျာမနီနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်မှု တရားဝင်အချက်အလက်များထက် နှစ်ဆဖြစ်နိုင်ဟုဆို

**ဘာလင် မတ် ၂၆**

ဂျာမနီနိုင်ငံ၏နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုမှာ တရားဝင်စာရင်းထက် နှစ်ဆ ပိုမိုများပြားနိုင်ဖွယ် ရှိသည်ဟု ကျန်းမာရေးဝန်ကြီး ကားလက်တာဘတ်က မတ် ၂၅ ရက်တွင် ပြောသည်။ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း သတင်းမပို့သည်များလည်းရှိရာ အမှန်တကယ်ကူးစက်ခံရသည့် အရေအတွက်မှာ နှစ်ဆဖြစ်နိုင်ကြောင်း၊ ယင်းအချက်သည် ကောင်းသော အခြေအနေတစ်ခု မဟုတ်ကြောင်း ၎င်းက ဆက်ပြောသည်။ ၂၄ နာရီအတွင်း ကူးစက်ခံရမှုနှုန်းမှာ ၂၉၆၄၉၈ ဦးရှိသည်ဟု ရောဘတ်ကိုချ် အင်စတီကျုက ပြောသည်။ သေဆုံးသူ ဦးရေမှာ တစ်နေ့လျှင် ပျမ်းမျှအားဖြင့် ၃၀၀ ဝန်းကျင် ရှိသည်။



ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ရထားစီးခရီးသွားများကို တွေ့ရစဉ်။

နောက်ထပ် ကူးစက်မှုများမှ ရှောင်ရှားရန်အတွက် ကာကွယ်ဆေး မထိုးရသေးသူများလည်း ကာကွယ်ဆေးထိုးရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။

သက်ကြီးရွယ်အို ၉၀ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး စတုတ္ထအကြိမ် မထိုးရသေးချေ။ မတ် ၂၄ ရက်အထိ ကာကွယ်ဆေး အပြည့်ထိုးပြီးသူ ၇၅ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။ သို့သော်လည်း တိုင်းပြည်အတွင်း ကာကွယ်ဆေး မထိုးရသေးသည့် ဦးရေမှာ ၁၉ ဒသမ ၅ သန်း ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ဖိလစ်ပိုင် မီးတောင်ဌာန Taal မီးတောင်နှင့်ပတ်သက်၍ သတိပေးချက်ထုတ်ပြန်

**မနီလာ မတ်၂၆**

ဖိလစ်ပိုင်နိုင်ငံ မီးတောင်ဗေဒနှင့် ငလျင်ဗေဒဌာနသည် မနီလာမြို့အနီးရှိ Taal မီးတောင်နှင့် ပတ်သက်၍ သတိပေးချက် ထုတ်ပြန်ခဲ့သည်။ မီးတောင်မှာ ငြိမ်သက်မှုမရှိဟု မတ် ၂၆ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

သတိပေးမှုအဆင့်ကို အဆင့် ၃ အထိ တိုးမြှင့်ခဲ့သည်။ ပြည်သူများအနေဖြင့်လည်း အဆိုပါမီးတောင်နှင့်ဝေးဝေးတွင် နေထိုင်ကြရန် အင်စတီကျူက တိုက်တွန်းထားသည်။ လေယာဉ်ပျံများလည်း အဆိုပါမီးတောင်ပေါ်မှဖြတ်၍ ပျံသန်းခြင်းမပြုလုပ်ကြရန် သတိပေးထားသည်။

အဆိုပါမီးတောင်မှာ ဖိလစ်ပိုင်နိုင်ငံတွင် လှုပ်ရှားမှုအများဆုံးရှိသည့် မီးတောင်များထဲမှ တစ်ခုဖြစ်သည်။၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းက နောက်ဆုံးလှုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်ကြောင့် အနီးအနားရှိ ကျေးရွာများမှ ဒေသခံ ၃၈၀၀၀၀ မှာ နေရပ်စွန့်ခွာခဲ့ရပြီး ပြည်နယ်အတွင်းရှိ ယာခင်း၊ နေအိမ်နှင့် လမ်းများပျက်စီးခဲ့ရသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၆၆၀ ထပ်မံတွေ့ရှိ

**နယူးဒေလီ မတ် ၂၆**

အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၆၆၀ ထပ်မံတွေ့ရှိခဲ့ရာ မတ် ၂၆ ရက်တွင် စုစုပေါင်းကူးစက်ခံရသူ ဦးရေမှာ ၄၃၀၁၈၀၃၂ ဦးရှိလာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ထို့ပြင်သေဆုံးသူဦးရေမှာလည်း ၄၁၀၀ တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၅၂၀၈၅၅ ရှိလာခဲ့သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံမှ ဆင်းသွားသူ ၂၃၄၉ ဦး တိုးလာခဲ့ပြီး ပြန်လည်ကျန်းမာလာသူ စုစုပေါင်းဦးရေမှာ ၄၂၄၈၀၄၃၆ ဦးအထိ ရှိလာခဲ့သည်။

ဆင်ဟွာ

# အမေရိကန်၊ ယူအေအီး၊ ဘာရိန်းနှင့် မော်ရိုကိုနိုင်ငံတို့မှ ထိပ်တန်းသံတမန်များနှင့် အစည်းအဝေးကို အစ္စရေးက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်

**ဂျေရုဆလင် မတ် ၂၆**

အစ္စရေးနိုင်ငံသည် မတ် ၂၇ ရက် နှင့်၂၈ ရက်တို့တွင် လေးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဟု သိရသည်။

အစ္စရေးနိုင်ငံခြားရေးဝန်ကြီး Yair Lapid၏ ဖိတ်ကြားမှုဖြင့် အမေရိကန်၊ ယူအေအီး၊ ဘာရိန်းနှင့် မော်ရိုကိုနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် အစ္စရေးနိုင်ငံသို့ လာရောက်ကာ သမိုင်းဝင် အစည်းအဝေးပြုလုပ်သွားမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အတွင်း ယူအေအီး၊ ဘာရိန်းနှင့်မော်ရိုကို နိုင်ငံတို့နှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် သဘောတူညီမှုတွင် လက်မှတ် ရေးထိုးခဲ့သည်။

ဆင်ဟွာ



အစ္စရေး နိုင်ငံခြားရေး ဝန်ကြီး Yair Lapid

## မတ် ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၅ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ တစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၂၉ ဦးရှိ

(၂၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၃၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၃၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၀၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၈၈,၂၂၄) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၀,၇၂၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၂၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၆၇,၉၄၅) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၂၉) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂၆–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၇၂) ခု | (၈၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၀) ခု | (၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၅) ခု | (၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၀) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၉၂၇) ခု | (၃၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၅၀၁) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၄၄၅) ခု | (၉၃) ဦး |
| စုစုပေါင်း | (၁၁,၃၀၀) ခု | (၂၃၅) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်းအပါအဝင် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ စသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၆ - ၃ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၆၀၀၈၉၀ | ၆၄၀၇၀၁၆၃ | ၁၀၀၃၁၉၈ |
| ၂။ | အိန္ဒိယ | ၄၃၀၁၈၀၃၂ | ၄၂၄၈၀၄၃၆ | ၅၂၀၈၈၅ |
| ၃။ | ဘရာဇီး | ၂၉၈၀၂၂၅၇ | ၂၈၄၃၃၇၁၃ | ၆၅၈၆၂၆ |
| ၄။ | ပြင်သစ် | ၂၄၇၇၉၈၈၂ | ၂၂၈၇၀၄၃၄ | ၁၄၁၅၆၄ |
| ၅။ | ဗြိတိန် | ၂၀၆၉၁၁၂၃ | ၁၈၇၈၃၁၇၇ | ၁၆၄၄၅၄ |
| ၆။ | ဂျာမနီ | ၂၀၀၁၈၄၆၅ | ၁၅၆၄၆၀၀၀ | ၁၂၈၇၅၇ |
| ၇။ | ရုရှား | ၁၇၇၃၉၄၆၂ | ၁၆၆၀၆၆၉၁ | ၃၆၇၀၁၃ |
| ၈။ | တူရကီ | ၁၄၇၇၅၆၃၄ | ၁၄၄၂၃၇၈၂ | ၉၇၆၆၆ |
| ၉။ | အီတလီ | ၁၄၂၂၉၄၉၅ | ၁၂၈၂၄၄၆၃ | ၁၅၈၅၈၂ |
| ၁၀။ | တောင်ကိုရီးယား | ၁၁၄၉၇၇၁၁ | စိစစ်ဆဲ | ၁၄၆၁၇ |

## ၂၆-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၈၇၆၁၂၅၂ | ၅၀၀၁၅၆၄ | ၄၂၁၉၆ |
| အင်ဒိုနီးရှား | ၅၉၉၅၈၇၆ | ၅၇၀၂၁၆၃ | ၁၅၄၅၇၀ |
| မလေးရှား | ၄၁၀၁၀၈၁ | ၃၈၁၉၂၉၉ | ၃၄၇၁၇ |
| ဖိလစ်ပိုင် | ၃၆၇၆၆၆၅ | ၃၅၇၄၂၉၅ | ၅၈၈၈၄ |
| ထိုင်း | ၃၅၀၃၂၆၄ | ၃၂၂၈၂၈၄ | ၂၄၇၁၈ |
| စင်ကာပူ | ၁၀၆၀၇၂၃ | ၁၀၀၉၄၀၈ | ၁၂၃၉ |
| မြန်မာ | ၆၁၀၇၂၈ | ၅၆၇၉၄၅ | ၁၉၄၂၉ |
| လာအို | ၁၆၄၀၇၈ | ၁၅၁၁၆၃ | ၆၅၄ |
| ကမ္ဘောဒီးယား | ၁၃၃၄၀၂ | ၁၃၁၃၅၁ | ၃၀၅၄ |
| ဘရူနိုင်း | ၁၃၀၆၁၁ | ၁၂၂၉၀၅ | ၂၀၂ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
အိမ်တွင်သာ
နေပါ

# မုန်တိုင်းကြားက မျိုးချစ်တပ်မတော်နှင့် ပြည်သူများ

*ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)*






မြင်ကွင်း (၁)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးအသီးသီးနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံ၊ ပထဝီအနေအထား၊ ရာသီဥတုမျှတကောင်းမွန်၍ နေချင်စဖွယ်ရှိတဲ့ နိုင်ငံ၊ အရှေ့တောင်အာရှမှာ အင်ဒိုနီးရှားနိုင်ငံပြီးရင် ဒုတိယအကြီးဆုံးနိုင်ငံဖြစ်တယ်။ အနောက်တောင်မုတ်သုံလေနဲ့ ပတ်ဝန်းကျင် ပင်လယ်ပြင်တွေကနေဝင်လာတဲ့ မုန်တိုင်းတွေကနေ မိုးရရှိတဲ့အတွက် စိုက်ပျိုးရေးကောင်းမွန်၊ ဆန်ရေစပါး ပေါကြွယ်ဝပြီး လှုနိုင်တန်းနိုင် ကုသိုလ်ကောင်းမှုပြုနိုင်ကာ တိုင်းရင်းသားပြည်သူများ စိတ်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြတယ်။

သဘာဝတရားကြီးက မြန်မာတို့ကို ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ဘုရင် ကိုယ့်သခင်နဲ့ ကောင်းချီးမင်္ဂလာပေးခဲ့တာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့တယ်။ နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းတဲ့၊ အေးချမ်းသာယာတဲ့ အဖိုးတန်ရတနာမြေ၊ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးအသီးသီးတို့ဟာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်လျက် အေးအတူပူအမျှ နေထိုင်ခဲ့ကြတယ်။

မြန်မာတို့ရဲ့ မာန်၊ မြန်မာတို့ရဲ့ ဟန်၊ မြန်မာတို့ရဲ့သတ္တိ ၊ မြန်မာ့သွေးချွေးတို့နဲ့ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ မင်းရဲကျော်စွာ၊ စစ်သူကြီး မဟာဗန္ဓုလ စတဲ့စစ်ဘုရင် စစ်သူရဲကောင်းများ ပေါ်ထွန်းခဲ့ကာ၊ မြန်မာ့အရေးအတွက် ကာကွယ်ခဲ့ကြတာ ရေးအတိတ်သမိုင်းမှာ အထင်အရှားရှိခဲ့တယ်။

မြန်မာ့ရေမြေ တောတောင်အနေအထားဟာ ရာသီဥတု သပ္ပာယမျှတပြီး လွတ်လပ်စွာ နေထိုင်လာခဲ့တဲ့ မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှတို့က ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲပြီး တိုက်ခိုက်သိမ်းပိုက်ခဲ့တယ်။

မြန်မာ့တပ်မတော်ဟာ လွတ်လပ်ရေးနဲ့အတူ ပြည်သူတွေထဲက ပေါက်ဖွားလာသော တပ်မတော်ဖြစ်တယ်။ နိုင်ငံကို အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့ နိုင်ငံအဖြစ် ပေါ်ပေါက်ရေးအတွက် တိုက်ပွဲဝင်ခဲ့တယ်။ လွတ်လပ်ပြီးခေတ်မှာလည်း မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေဖို့ ပြည်တွင်းသောင်းကျန်းသူတွေရဲ့ အန္တရာယ်၊ ပြည်ပ တရုတ်ဖြူကျူးကျော်မှု အန္တရာယ်တွေကို သွေး၊ ချွေးတို့နဲ့ တွန်းလှန်ကာကွယ်ခဲ့တယ်။

မြင်ကွင်း (၂)

ဗိုလ်ချုပ်ဆောင်ဆန်းက ၁၉၄၄ ခုနှစ်မှာ တပ်မတော်နဲ့ပတ်သက်လို့ မိန့်ခွန်း ပြောကြားရာမှာ "ငါတို့တပ်မတော်သည် ပြည်သူများအကြားမှ ပေါက်ဖွားလာ၍ ပြည်သူများ၏ လွတ်လပ်ရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ငါတို့တပ်မတော်သည် ပြည်သူ့တပ်မတော်ဖြစ်သည်" ဟူ၍ ပြောကြားခဲ့တယ်။

**"မျိုးခြားမဟုတ်၊ မွေးထုတ် မြန်မာ၊**
**ပြည်သာယာဖွား၊ ရင်နှစ်သားတို့**
**စိတ်များမခွဲ၊ သွေးမကွဲကြ၊ ရဲသွေးကိုယ်စီ၊ မာန်ထည်ခန့်ညား**
**ပြည်သူ့ကြားမှ ပေါက်ဖွားလာသော တပ်မတော်။**
**တံတားတွေဆောက် လမ်းတွေဖောက်လည်း၊**
**နောက်မှမနေ၊ တွေဝေမှုကင်း**
**တက်ကြွခြင်းနှင့် ရင်းနှီးပြည်သူ၊ ကူညီမှုပေး၊ နွေးထွေးပျူငှာ**
**ချစ်ကြည်ရာတည့်၊ ရှာမှ ရှားသည့် တပ်မတော်။"**

**မောင်မိုးမင်းထွန်း – ဆေးတက္ကသိုလ်(၂)***

မြင်ကွင်း (၃)

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်မှာ မြန်မာနိုင်ငံဟာ လုံးဝလွတ်လပ်တဲ့နိုင်ငံ ဖြစ်လာခဲ့ပါတယ်။

လွတ်လပ်ရေးမရမီ လွတ်လပ်ရေးကာလများအတွင်း အာရှတစ်လွှားက အိန္ဒိယ၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ ဗီယက်နမ်နဲ့ မြန်မာတို့ဟာ ဆိုရှယ်လစ်စနစ်ကို အားကျခဲ့လေရာ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားကို ဆိုရှယ်လစ်ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တရားနဲ့ အစားထိုးတပ်ဆင်ခဲ့ပါတယ်။ ကနဦးအစ အပြောင်းအလဲကို တပ်မတော်ကို ခြေကုပ်ယူ ၊ တော်လှန်ရေးကောင်စီက ဆိုရှယ်လစ်ဒီမိုကရေစီယန္တရားကို မောင်းနှင်ခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းကာ ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံ ထူထောင်ခဲ့ရာ စီမံကိန်းတွေအရ အောင်မြင်မှုလမ်းကြောင်းပေါ်မှာ ရှိခဲ့ကြောင်း တွေ့ရပါတယ်။

ပညာရေးကဏ္ဍမှာလည်း အဆင့်မြင့်ကဏ္ဍအတွက် ဒေသကောလိပ် (Regional Colleges) တွေ ဖော်ဆောင်နိုင်ခဲ့ပါတယ်။ ဒေသအသီးသီးက ပြည်သူလူငယ်တွေ ပညာရေးလက်လှမ်းမီခဲ့တာကို တွေ့ရပါတယ်။ ပညာရေးမှာဖြစ်ဖြစ်၊ လယ်ယာစိုက်ပျိုးရေးနဲ့ စီးပွားရေးမှာပဲဖြစ်ဖြစ် စီမံခန့်ခွဲပြီး အကောင်အထည်ဖော်ရာမှာ အားနည်းခဲ့ပါတယ်။

၁၉၈၈ ခုနှစ်မှာ နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးမှု ပျက်သုဉ်းလာချိန် တစ်ပါတီစနစ်ကို အကြောင်းပြုပြီး ပြည်ထောင်စုပြိုကွဲမယ့် အခြေအနေဆိုးဟာ လက်နက်စွဲကိုင်မှုတွေအထိ မြင့်ခဲ့တော့ မြန်မာ့တပ်မတော်ဟာ အမိနိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအတွက် အမျိုးသားနိုင်ငံရေးထဲ ဒုတိယမ္ပိ၊ တတိယမ္ပိ ရောက်လာခဲ့ရပြန်ပါတယ်။

**"ထက်နဘံ တိမ်ယံကြောက.. တဝေါဝေါ ဟိန်းမြည်သံ..**
**အုန်းခြိမ့်ခြိမ့်ညံ။**
**မုန်တိုင်းရယ်ထန်..မိုးသံလေလား. .**
**ကျောပိုးလွယ် စစ်ခမောက်နဲ့..တစ်မိုးသောက် တစ်နေဝင်..စစ်ရေးကိုင်။**
**ရေပြင်ကျယ် ပင်လယ်ရိုးက..လေတိုးလို့ မိုးဆင်..လှိုင်းထပ်ဘောင်ဘင်**
**အလှမ်းမမြင် ကမ်းခွင်နဲ့ကွာဝေး။"**

**မယဉ်ယဉ်ဝင်း၊ ဥပဒေ ရန်ကုန်တက္ကသိုလ်(လှိုင်)***

**"ဇာတ်ကြောင်း တစ်ခန်း လက်တစ်ကမ်းကာ၊**
**ကြမ်းတမ်းထန်ပြင်း မုန်တိုင်းတွင်းက၊**
**အရေးခင်းနှစ်၊ ရှစ်ဆယ့်ရှစ်တည့်။**
**...လက်သစ်နယ်ချဲ့ ခြေရှုပ်ခဲ့၍၊**
**မင်းမဲ့စရိုက် ထင်တိုင်းမိုက်နှင့်၊**
**လှိုင်းရိုက်လေထန် ပွက်ပွက်ညံသော် ...**
**ရှေ့ရေးရှုမျှော် တပ်မတော်၊ ..."**

**မောင်သိမ်းမြင့် ၊ ဘီအီးဒီ ရန်ကုန်ပညာရေးတက္ကသိုလ်***

တပ်မတော်က လက်ပိုက်ကြည့်နေခဲ့ပါမူ မြန်မာ့အရေး၊ မြန်မာပြည်သူတို့ရဲ့ဘဝ မည်သို့မည်ပုံဖြစ်မည်ကို တွေးဆမြော်မြင်သူ ရှိခဲ့ပါလိမ့်မယ်။ သို့သော် ရှားပါလိမ့်မယ်။ နိုင်ငံရဲ့အရေးဟာ မီးစဉ်ကြည့်က၊ တော်သလို လှော်ကြတာပေါ့၊ ဖြစ်သမျှအကြောင်း အကောင်းချည်းလို့ ခံယူရမယ့်ကိစ္စမဟုတ်သည်ကို သတိမူကာ ရှုမြင်ကြည့်ကြရလိမ့်မယ်။

မြင်ကွင်း (၄)

အင်အား မှန်သမျှ ညီအစ်ကိုအချင်းချင်း စစ်ခင်းရတာနဲ့ အားတွေကုန်၊ ဘဝပျက်ရတာပဲများပါတယ်။ ယမ်းငွေ့တွေဝေ အသက်တွေကြွေ၊ ရပ်ရွာတွေကျေတဲ့ ကာလဟာ အချိန်ကြာခဲ့ပါတယ်။ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ခါးသီးမှု၊ မုန်းတီးမှုအထိ ရောက်ခဲ့လာတော့

*စာမျက်နှာ ၂၁ သို့*

❖ **လွတ်လပ်ရေးမရမီ၊ လွတ်လပ်ရေးရပြီးနဲ့ ယနေ့ကာလအထိကြည့်လျှင် မြန်မာ့တပ်မတော်နဲ့ ပြည်သူတို့ဟာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသလို ဖြစ်နေတာကို တွေ့ရပါမယ်။ ပြည်သူဟာ တပ်မတော်ရဲ့ အရင်းအမြစ်ဖြစ်သလို တပ်မတော်ဟာ ပြည်သူ့အရင်းအမြစ်ဖြစ်စေဖို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံမှာ ပါဝင်နေရခြင်းဖြစ်တာကို တွေ့ရပါလိမ့်မယ်။ ပြည်ပ ပြည်တွင်း သတင်းမီဒီယာနဲ့ အသံလွှင့်ဌာနများက တိမ်သလ္လာဖုံးကွယ်ထားတဲ့အမြင်နဲ့ မြန်မာ့တပ်မတော်ကို အမျိုးမျိုးယိုးမယ်ဖွဲ့စွပ်စွဲတယ်။ ယနေ့အချိန်အခါ လူမှုကွန်ရက်ကတစ်ဆင့် လိုရင်လိုသလို၊ မလိုရင်မလိုသလို ပုံဖော်ပြီးတိုက်ခိုက်နေတာကို ကြုံရ မြင်နေရတယ်။ ဒီအခြေအနေဆိုးက လွတ်မြောက်အောင် တပ်မတော်က မိဘဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမားများနဲ့ နိုင်ငံ့ဝန်ထမ်းများသာမက သာသနာ့ဝန်ထမ်းတွေ၊ ထေရ်ကြီးဝါကြီးများနဲ့ သက်ကြီးရွယ်အိုများ၊ ဆရာသမားများအထိ တတ်စွမ်းနိုင်သမျှ အကာအကွယ်ပေးနေရတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်**

*စာမျက်နှာ ၂၀ မှ*

လမ်းတံတားတွေ ဆုံးရှုံးတာအဓိကမဟုတ်၊ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်းနေလိုတဲ့ဆန္ဒ၊ အမျိုးသားအကျိုးစီးပွား ရှေးရှုတဲ့ဝိသေသ၊ နိုင်ငံတကာအလယ်မှာ ထည်ထည်ဝါဝါနဲ့နေနိုင်တဲ့ လက္ခဏာတွေက အဓိကဖြစ်ကြောင်း နားလည်လာပါတယ်။

ဗလငါးတန်ဖွံ့ဖြိုးရေး၊ တိုင်းရင်းသား ညီအစ်ကိုတွေနဲ့ စည်းလုံးညီညွတ်ရေး၊ ပညာရည်မြင့်မားရေးတို့ဟာ တကယ့်ကိုဦးတည်ရမယ့် အမျိုးသားရေးကိစ္စ၊ လွတ်လပ်ရေးရဲ့ အနှစ်သာရမို့ သဟဇာတဖြစ်တဲ့ စီမံအုပ်ချုပ်မှုကို ရှေးရှုခဲ့တာတွေ့ရပါတယ်။ မည်သည့်အစိုးရမဆို ခြောက်ပြစ်ကင်း သဲလဲစင်မဟုတ်ဆိုတာ ကမ္ဘာ့သမိုင်းကိုကြည့်ရင် တွေ့မြင်ရပါလိမ့်မယ်။

**မြင်ကွင်း (၅)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်တည်ထောင်ရန်၊ နိုင်ငံတော်တည်ဆောက်ရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးမှာ လမ်းပန်းဆက်သွယ်ရေးဟာ အဓိကဖြစ်လို့ တပ်မတော်သားများရဲ့ လုပ်အားနဲ့ အဝေးပြေးလမ်းများ၊ မီးရထားလမ်းများ ဖောက်လုပ်ခဲ့တယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းတွေမှာ တစ်တပ်တစ်အား ပါဝင်ခဲ့ကြတယ်။ တပ်မတော်အထည်ချုပ်စက်ရုံ၊ ဘောလုံးစက်ရုံ၊ ဖိနပ်စက်ရုံ၊ စည်သွတ်ဘူးစက်ရုံတို့ကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခဲ့တယ်။ ကုန်ထုတ်လုပ်ငန်းမှာသာမက တစ်မျိုးသားလုံး လူညွန့်တုံးစေမယ့် မူးယစ်ဆေးဝါးသုံးစွဲမှုကနေ ကာကွယ်ဖို့ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ခဲ့တာကို တွေ့ရပါလိမ့်မယ်။

၂၀၀၀ ပြည့်နှစ်တွေမှာ အမျိုးသားရေး စရိုက်လက္ခဏာတွေ တည့်မတ်လာတာတွေ့ရပါတယ်။ ပညာရေးလက်လှမ်းမီအောင် လူရှိတဲ့နေရာမှာ ကျောင်းဆောက်၊ အရည်အချင်း မြင့်သထက်မြင့်အောင်၊ ပညာတတ်သည်ထက် တတ်အောင်၊ ကျွမ်းကျင်မှု အရည်အသွေးမြင့်သည်ထက်မြင့်အောင်၊ တက္ကသိုလ်ကောလိပ်တွေ တည် ထောင်ခဲ့တာ၊ အမျိုးသားရေးလူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ဆောင်ကြဉ်းပေးခြင်းပါ။ စီးပွားရေးဖွံ့ဖြိုးလာအောင် တိုင်းရင်းသားလုပ်ငန်းရှင်တွေ ပေါ်ပေါက်နိုင်အောင်၊ တောင်ပေါ်မြေပြန့် ညီအစ်ကိုအချင်းချင်း တွေ့နိုင်၊ သွားနိုင်၊ လာနိုင်အောင် အားထည့်လုပ်ဆောင်ခဲ့တာတွေကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။။

ခေတ်မီအင်အား တောင့်တင်းပြီး အရည်အချင်းပြည့်ဝ၍ စွမ်းရည်ထက်မြက်တဲ့ တပ်မတော်ဖြစ်ဖို့ ရည်မှန်းတည်ဆောက်ခဲ့တယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးထိပ်ထားတယ်။

**မြင်ကွင်း (၆)**

တကယ်စင်စစ်တော့ လွတ်လပ်ရေးမရမီ၊ လွတ်လပ်ရေးရပြီးနဲ့ ယနေ့ ကာလအထိကြည့်လျှင် မြန်မာ့တပ်မတော်နဲ့ ပြည်သူတို့ဟာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသလို ဖြစ်နေတာကို တွေ့ရပါမယ်။ ပြည်သူဟာ တပ်မတော်ရဲ့ အရင်းအမြစ်ဖြစ်သလို တပ်မတော်ဟာ ပြည်သူ့အရင်းအမြစ်ဖြစ်စေဖို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံမှာ ပါဝင်နေရခြင်းဖြစ်တာကို တွေ့ရပါလိမ့်မယ်။ ပြည်ပ ပြည်တွင်း သတင်းမီဒီယာနဲ့ အသံလွှင့်ဌာနများက တိမ်သလ္လာဖုံးကွယ်ထားတဲ့အမြင်နဲ့ မြန်မာ့တပ်မတော်ကို အမျိုးမျိုးယိုးမယ်ဖွဲ့စွပ်စွဲတယ်။ ယနေ့ အချိန်အခါ လူမှုကွန်ရက်ကတစ်ဆင့် လိုရင်လိုသလို၊ မလိုရင်မလိုသလို ပုံဖော်ပြီး တိုက်ခိုက်နေတာကို ကြုံရ မြင်နေရတယ်။ ဒီအခြေအနေဆိုးက လွတ်မြောက်အောင် တပ်မတော်က မိဘဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမားများနဲ့ နိုင်ငံ့ဝန်ထမ်းများသာမက သာသနာ့ဝန်ထမ်းတွေ၊ ထေရ်ကြီးဝါကြီးများနဲ့ သက်ကြီးရွယ်အိုများ၊ ဆရာသမားများအထိ တတ်စွမ်းနိုင်သမျှ အကာအကွယ်ပေးနေရတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။

**မြင်ကွင်း (၇)**

မြန်မာတို့ဟာ ရောင့်ရဲတင်းတိမ်ကာ ယဉ်ကျေးသိမ်မွေ့၊ ပျူငှာသူများအဖြစ် သောကကင်းဝေး ဒုက္ခကင်းကင်းနဲ့ ပညာသင်လိုသူ၊ ကုသိုလ်ကောင်းမှုပြုလိုသူ၊ လောကီ လောကုတ္တရာ နှစ်ဖြာသော လူမှုဘဝအတွက် သံသရာအထိ မျှမျှတတနဲ့ နေလိုကြသူများဖြစ်ကြပါတယ်။ အထူးသဖြင့် လောကီဘဝမှာ အသက်ရှင်သမျှကာလပတ်လုံး မည်သည့်ပါတီရဲ့ နိုင်ငံရေးသားကောင်အဖြစ် မနေလိုသူ ဒုနဲ့ဒေးရှိတာကို တွေ့မြင်နိုင်ပါတယ်။

တပ်မတော်သားတွေကလည်း ပါတီနိုင်ငံရေးနဲ့ ကင်းကင်းရှင်းရှင်းနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အမျိုးသားနိုင်ငံရေးနဲ့ အမျိုးသားအကျိုးစီးပွားအတွက် ဦးလည်မသုန် နိုင်ငံရဲ့အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်မယ့် တစ်ခုတည်းသော တပ်မတော်အဖြစ် ရပ်တည်မယ့် နိုင်ငံ့အင်အားပဲဖြစ်တယ်လို့ သုံးသပ် ပြောချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းအရ တွေ့ကြုံခဲ့ရတဲ့ ပြည်တွင်း နိုင်ငံရေးဖြစ်စဉ်များအရ၊ စစ်မှန်တဲ့ဒီမိုကရေစီနဲ့ ပြည်ထောင်စုဖက်ဒရယ်နိုင်ငံတည်ထောင်ရေးနဲ့ တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ ဖွဲ့စည်းပုံအရ ကာလတစ်ခုအထိ ပါဝင်နေရေးကို လက်ခံကြရပေမယ်။

**“ပြည်တွင်းပြည်ပက မမှန်မကန် လုပ်ကြံဖန်တီး စွပ်စွဲချက်တွေနဲ့ တပ်မတော်နဲ့ ပြည်သူမကြည်ဖြူအောင်၊ တပ်မတော်ပြိုကွဲအောင် မုန်တိုင်းတွေထန်နေရာ၊ ဒီမုန်တိုင်းဟာ ခေတ်သစ်ကိုလိုနီကျွန်ပြုမှု အသွင်ဖြစ်နေတာမို့ ပြည်သူတို့ရဲ့ ပင်ကိုမြန်မာ့စိတ်နေစိတ်ထား သဘောထားနဲ့ ခံယူချက်ထိ ရိုက်ခတ်နေတာ တွေ့ရပါတယ်။ ဒီရန်စွယ်မုန်တိုင်းကို ကာကွယ်နိုင်ဖို့ တပ်မတော်စွမ်းပကား မြင့်မားစေရန် အမြဲရှင်သန်ထက်မြက်စေရန် အရေအတွက်ရော အရည်အသွေးပါ အစဉ်တိုးမြှင့်ရန် လိုအပ်ပါလိမ့်မယ်”**

**မြင်ကွင်း (၈)**

အနောက်နိုင်ငံများရဲ့ ပထဝီနိုင်ငံရေးဟာ ဒီမိုကရေစီအကြောင်းပြုတဲ့ စစ်ပွဲပဲဖြစ်ပါတယ်။ ကိုလိုနီနယ်ချဲ့ လက်သစ်စစ်ပွဲတစ်မျိုးပဲဖြစ်ပါတယ်။ ဒီတိုက်ပွဲဟာ စစ်အာဏာရှင် အလိုမရှိဆိုပြီး ဦးတည်တာတွေ့မြင်ရပါတယ်၊ နိုင်ငံအချို့မှာလည်း ဒီသဘောဆောင်တာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွေ့ကြုံခဲ့ရတဲ့ ဖြစ်စဉ်များအရ ပြည်တွင်းငြိမ်းချမ်းရေးအတွက် နိုင်ငံရေးပါတီအပေါင်းဟာ နိုင်ငံနဲ့ ပြည်သူတွေကို ထောက်ထားပြီး လိုအပ်တဲ့ကွက်လပ်တွေမှာ ဖြည့်သွားဖို့ လိုပါလိမ့်မယ်။ မြန်မာနိုင်ငံဟာ မဟာဗျူဟာကျခြင်း၊ သယံဇာတမျိုးစုံ အမယ်စုံပေါကြွယ်ဝခြင်း၊ ဘာသာတရားအပေါင်းရဲ့ တရားတော်များနဲ့အညီ နေထိုင်နိုင်ခြင်းဆိုတဲ့ လက်ဆောင်မွန် လက်ဆောင်ကောင်း၊ ကောင်းခြင်းမင်္ဂလာနဲ့ ပြည့်စုံတာကို တွေ့မြင်ရပါတယ်။ မြန်မာတို့တစ်တွေဟာ မိုးကုပ်စက်ဝိုင်းတစ်ဆုံးထိ လေ့လာစရာတွေဟာ ကိုယ့်ရှေ့မှာရှိနေတာမို့ သင်ယူဖို့ ခရီးဆက်ကြရဦးမယ်။

**မြင်ကွင်း (၉)**

ပြည်တွင်းပြည်ပက မမှန်မကန် လုပ်ကြံဖန်တီး စွပ်စွဲချက်တွေနဲ့ တပ်မတော်နဲ့ ပြည်သူမကြည်ဖြူအောင်၊ တပ်မတော်ပြိုကွဲအောင် မုန်တိုင်းတွေထန်နေရာ၊ ဒီမုန်တိုင်းဟာ ခေတ်သစ်ကိုလိုနီကျွန်ပြုမှု အသွင်ဖြစ်နေတာမို့ ပြည်သူတို့ရဲ့ ပင်ကိုမြန်မာ့စိတ်နေစိတ်ထား သဘောထားနဲ့ ခံယူချက်ထိ ရိုက်ခတ်နေတာတွေ့ရပါတယ်။ ဒီရန်စွယ်မုန်တိုင်းကို ကာကွယ်နိုင်ဖို့ တပ်မတော်စွမ်းပကား မြင့်မားစေရန် အမြဲရှင်သန်ထက်မြက်စေရန် အရေအတွက်ရော အရည်အသွေးပါ အစဉ်တိုးမြှင့်ရန် လိုအပ်ပါလိမ့်မယ်။

ပထဝီနိုင်ငံရေးနဲ့အတူ ပူးတွဲပါလာနိုင်တာကတော့ ပြည်ပစစ်ရေးကူးစက်ကျူးကျော်ခဲ့သည်ရှိသော် ကာကွယ်တားဆီးနိုင်ဖို့ နိုင်ငံရဲ့ ခံနိုင်ရည်အားနဲ့ လျော်ညီတဲ့ လက်နက်အင်အားကို ခေတ်မီနိုင်သမျှ ထူထောင်ထားဖို့လိုအပ်ပါတယ်။ တပ်မတော်အင်အားရှိမှဖြစ်မယ်။ လိုအပ်တဲ့ စစ်လက်နက်တွေနဲ့၊ ဝေဟင်နဲ့ရေပြင်က ကာကွယ်နိုင်ရေး၊ ခေတ်မီအောင် ထူထောင်ခြင်းဖြင့် ပြည်သူတွေ စိတ်ပူစရာမလိုဘဲ တပ်မတော်က ရှေ့တန်းက မားမားမတ်မတ်ရင်ဆိုင်ကာ ကျူးကျော်လာနိုင်တဲ့ ရန်သူရဲ့စစ်ကို တိုက်ထုတ်မယ်ဆိုတဲ့ အဓိပ္ပာယ်ပဲဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူများက စီးပွားရေး၊ စိုက်ပျိုးရေးနဲ့ စက်မှုလုပ်ငန်းတွေ၊ သွားလာရေး ကုန်စည်ပစ္စည်းများ ချောမွေ့စွာနဲ့ သာသနာရေး၊ လူမှုရေးလုပ်နိုင်ရေးအတွက် တပ်မတော်က ရှေ့တန်းက တိုက်ထုတ်ပေးမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

**မြင်ကွင်း (၁၀)**

နိဂုံးချုပ်ရရင်ဖြင့်–

မြန်မာ့မျိုးချစ် တပ်မတော်ဟာ နိုင်ငံရေးအပြောင်းအလဲတိုင်းမှာ တာဝန်ယူခဲ့ကြတဲ့အခါတိုင်းမှာ အသွင်သဏ္ဌာန်အားဖြင့် စစ်အစိုးရဟုခေါ်ဝေါ်သော်လည်း အနှစ်သာရအားဖြင့် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် ပြည်သူ့ဝန်ထမ်းအဆင့်ဆင့်ဖြင့် တာဝန်ယူတာဝန်ခံ အုပ်ချုပ်လျက်ရှိတာကို ယနေ့အချိန်အခါမှာ ပို၍ထင်ရှားစွာ တွေ့ရမှာဖြစ်ပါတယ်။ ပြည်သူ့ကြားကနေ ပေါက်ဖွားခဲ့တဲ့ တပ်မတော်ဟာ လွတ်လပ်ရေးကို ချစ်၊ အမျိုးကိုချစ်တဲ့စိတ်ကြောင့်၊ ပြည်သူတို့နဲ့အတူ ပြည်တွင်းပြည်ပ မုန်တိုင်းကြီးငယ်ကြားမှ ရှန်းကန်လျက်ရှိနေရတာ၊ သမိုင်းတစ်လျှောက် ယနေ့တိုင် ခိုင်ခိုင်မာမာ တောင့်တောင့်တင်းတင်း ရပ်တည်နေတာကို တွေ့မြင်ရပါမယ်။ တပ်မတော်အပါအဝင် နိုင်ငံရေးပါတီများ နိုင်ငံ့ဝန်ထမ်းကြီးများဟာ ၂၁ ရာစုရဲ့ ကျွမ်းကျင်မှု (21st Century Skills) တွေကိုလည်း ပိုပြီးဖြည့်စွက်ထားဖို့၊ မီဒီယာအသီးသီးနဲ့ နိုင်ငံတကာသံရုံးများအပါအဝင်မှာ ညင်သာပျော့ပျောင်း ကျွမ်းကျင်လိမ္မာ ထိရောက်တဲ့ ပြောဆိုဆက်ဆံမှုတွေ ကျင့်သုံးရမှာဖြစ်ပါတယ်။

တပ်မတော်ဟာ နှစ်ပေါင်း ၆၀–၇၀ နီးပါး ကြာခဲ့တဲ့ကာလအတွင်းမှာ ကြည်းတပ်၊ ရေတပ်နဲ့ လေတပ်အင်အား ချို့ချို့တဲ့တဲ့နဲ့ အစိုးရအဆက်ဆက်တိုင်းတွင် ပြည်တွင်း၊ ပြည်ပ စစ်ရန်သူကို အောင်မြင်အောင် ဆင်နွှဲနိုင်ခြင်းဟာ အမျိုးကိုချစ်တဲ့စိတ်ဓာတ်၊ နိုင်ငံကိုချစ်တဲ့စိတ်ကြောင့် ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ တပ်မတော်သားတွေရဲ့ မိသားစုတွေဟာ တိုက်ပွဲကပြန်လာမယ့် စစ်သားကြီးတွေ၊ တပ်ရင်းတပ်ခွဲ၊ ဗိုလ်ကြီး၊ ဗိုလ်မှူးတွေ၊ တပ်မှူးတွေကို စိတ်ပူပင်ညှိုးငယ်စွာနဲ့ စောင့်နေကြတဲ့ မြင်ကွင်းဟာ ရင်နင့်ဖွယ်ရာ ဖြစ်ခဲ့ပါတယ်။ တပ်မတော်မိသားစုဝင်မဟုတ်တဲ့ ပြည်သူတွေထဲက ပြည်သူအချို့ဟာ ကိုယ်ချင်းစာစိတ်နဲ့ကြည့်ဖို့၊ ခွဲခြားပိုင်းခြားနိုင်ဖို့၊ သံသရာတစ်ကွေ့မှာ အခုလို ဆုံတွေ့ရတဲ့ ဘဝကိုချစ်မြတ်နိုးကြဖို့ ဖြစ်ရပါမယ်။

နိုင်ငံတော်အပေါ် ပြည်သူတို့အပေါ်၊ ရဲဘော်ရဲဘက်တွေအပေါ်ထားတဲ့ သစ္စာတရားသစ္စာဓိဋ္ဌာန်လေးချက်ဟာ ဝေဟင်တွင်ပျံဝဲကာ ထာဝရတည်ရှိလျက် မုန်တိုင်းမုန်သမျှ ကျော်လွှားနိုင်မယ့် မြင့်မားတဲ့စိတ်ထားများကို တပ်မတော်နေ့တိုင်း ကြားရသူအပေါင်း နှစ်ထောင်းအားရရှိရပါကြောင်း –

“တပ်ပေါင်း … သစ္စာဓိဋ္ဌာန်လေးချက်… ဆို”

- ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်။
- ငါတို့သည် ကျဆုံးလေပြီးသော တပ်မတော်သားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်။
- ငါ့အား အထက်မှပေးအပ်သော အမိန့်နှင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။
- ငါ့နိုင်ငံတော် ငါ့နိုင်ငံသား ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏။


ကျမ်းကိုး

- Myanmar: Facts and Figures; Ministry of Information, Myanmar, March, 2000
- ဗမာ့တော်လှန်ရေးသမိုင်း၊ ဗိုလ်မှူးဘသောင်း (မောင်သုတ) မတ်လ ၁၉၉၁ ခုနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန
- ၂၀ ရာစု မြန်မာနိုင်ငံ၊ အမျိုးသား လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဇန်နဝါရီလ ၂၀၀၂ ခုနှစ်
- ဦးသန့်၏ ဘဝ အတွေ့အကြုံများ မောင်ရွှေခေတ်။ ရန်ကုန်ပန်းဝေဝေ စာပေ၊ ၂၀၁၃ ခုနှစ်
- မကြန် သမိုင်းရှာပုံတော်ခရီး နှင့်အခြားစာတမ်းများ မြရတနာစာပေ၊ စာစဉ်(၁) ၂၀၀၂ ခုနှစ်
- မီနာမီကီကန်း၊ အိဇုမိယ တတ်စုရော၊ သမိုင်းသုတေသန စာစဉ်(၁)၊ စာတည်း ဦးကျော်အောင်၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ အထက်တန်းပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
- ကြေးမုံသတင်းစာ၊ စာ ၁–၈၊ အောက်တိုဘာ ၁၆၊ ၂၀၁၈
- *၁၉၉၃ ခုနှစ်၊ ၄၈ ခုနှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာစောင် စာစီစာကုံးနှင့် ကဗျာ (တက္ကသိုလ်နှင့်၊ အခြေခံပညာအဆင့်) တက္ကသိုလ်များ ပုံနှိပ်တိုက်



# TikTok က မြန်မာဖန်တီးသူသုံးဦးနှင့်ပူးပေါင်း၍ ဒစ်ဂျစ်တယ်အသိပညာစင်တာကို စတင်မိတ်ဆက်ထား

**ရန်ကုန် မတ် ၂၆**

ဗီဒီယိုများဖန်တီးမျှဝေသည့် ထိပ်တန်းလူမှုကွန်ရက်တစ်ခုဖြစ်သော TikTok သည် သုံးစွဲသူများအတွက် ဒစ်ဂျစ်တယ်အသိပညာစင်တာ(Digital Literacy Hub) အသစ်တစ်ခုကို မတ် ၁ ရက်က စတင်မိတ်ဆက်ခဲ့ပြီး အဆိုပါ အသိပညာစင်တာတွင် မြန်မာနိုင်ငံအတွင်းမှ အသုံးပြုသူများအတွက် အသိပညာပေးမှုကို မြန်မာနိုင်ငံရှိ TikTok ဖန်တီးသူများဖြစ်သည့် နော်အေး၊ ဝေဖြိုးအောင်နှင့် Tဇော် တို့နှင့် ပူးပေါင်း၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။




TikTok သုံးစွဲသူများအား ဒစ်ဂျစ်တယ်ကမ္ဘာ၏ အကျိုးကျေးဇူးများ ခံစားနိုင်ရန်နှင့် အခြား အွန်လိုင်း အသုံးပြုသူများကိုလည်း ကာကွယ်နိုင်ရန်အတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာ Features များကို အသုံးချမှု အားသန်စေရန် TikTok မှ ဒစ်ဂျစ်တယ်ကျန်းမာရေးဆိုင်ရာ အကြံဉာဏ်များနှင့် အကြံပြုချက်များကို အမြဲမျှဝေပေးလျက်ရှိသည့် ပြည်တွင်းမှ ဖန်တီးသူသုံးဦးနှင့် ပူးပေါင်းခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ လုပ်ဆောင်နေဆဲ ကြိုးပမ်းမှုများနှင့်အတူ ဒစ်ဂျစ်တယ်အသိပညာစင်တာကို စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၊ ဆိုက်ဘာကျန်းမာရေး၊ အသက်မပြည့်သေးသူများ လုံခြုံဘေးကင်းရေး၊ အန္တရာယ်ရှိသော အွန်လိုင်းစိန်ခေါ်မှုများနှင့် အခြား ဒစ်ဂျစ်တယ်ပိုင်းနှင့်သက်ဆိုင်သည့် ပညာပေးအကြောင်းအရာများကို ရရှိနိုင်မည့် နေရာတစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးစင်တာ ဝက်ဘ်စာမျက်နှာတွင် အွန်လိုင်းမှတစ်ဆင့် အမြတ်ထုတ်ခံရခြင်း၊ မူးယစ်ဆေးဝါးနှင့် ထိတွေ့ခြင်း၊ အသက်မပြည့်သေးသူများ အွန်လိုင်းမှ အန္တရာယ်ပြုခံရနိုင်ခြင်း စသည်တို့မှ ကာကွယ်နိုင်ရန်အတွက် "တွေးပြီးမှတင်ပါ" ခေါင်းစဉ်ဖြင့် အသုံးပြုသူများ သိရှိ သတိပြုသင့်သည့် အချက်များကို သရုပ်ဖော်ပုံများ၊ ဗီဒီယိုများ၊ ပဟေဠိမေးခွန်းများနှင့် ဇာတ်လမ်းအခြေခံ သင်ယူမှုအကြောင်းအရာများ အသုံးပြု၍ ဖော်ပြထားသည်။

"TikTok ဟာ စစ်မှန်တဲ့ ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်တွေကို ဖန်တီးပေးဖို့ ရည်ရွယ်ချက်နဲ့ ကျွန်မတို့ရဲ့ ဘေးကင်းလုံခြုံရေးဆိုင်ရာ အထောက်အကူအရင်းအမြစ်တွေကို အမြဲအားဖြည့်လုပ်ဆောင်နေပါတယ်။ အခု မိတ်ဆက်လိုက်တဲ့ ဒစ်ဂျစ်တယ်အသိပညာစင်တာဟာ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်တွေ၊ စိန်ခေါ်မှုတွေနဲ့ အံဝင်ခွင်ကျဖြစ်အောင် အရေးကြီးတဲ့ ဒစ်ဂျစ်တယ်အချက်အလက်တွေ၊ ကျန်းမာရေးဆိုင်ရာအရင်းအမြစ်တွေကို ပြည်တွင်းလူမှုအသိုင်းအဝိုင်းနဲ့ ပိုမိုနီးစပ်သွားစေဖို့ ဖန်တီးသူတွေနဲ့အတူ ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု TikTok ၏ မြန်မာနိုင်ငံ Public Policy Manager ဖြစ်သူ မကြူကြူသိန်းက ပြောကြားသည်။

TikTok တွင် အန္တရာယ်ရှိနိုင်သော အွန်လိုင်းစိန်ခေါ်မှုများ(Online Challenges)နှင့် အသိုက်အဝန်း၏စည်းကမ်းကို ချိုးဖောက်မှုရှိနိုင်သည့် Hashtags များကို ချက်ချင်းထုတ်ဖော် အသိပေးနိုင်သည့် နည်းပညာများကို အားဖြည့်လုပ်ဆောင်ထားသလို အသက် ၁၆ နှစ်အောက် အသုံးပြုသူများကို ကန့်သတ်သည့် Privacy-by-design လုပ်ဆောင်ချက်များကိုလည်း တိုးမြှင့်လုပ်ဆောင်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံအတွက် TikTok ၏ ဒစ်ဂျစ်တယ် အသိပညာစင်တာအကြောင်း အသေးစိတ်အချက်များကို TikTok ၏ သတင်းခန်း ဝက်ဘ်စာမျက်နှာတွင် ဖော်ပြထားသလို အသုံးပြုသူများ ဘေးကင်းစေမည့် အခြားသော လုပ်ဆောင်ချက်များ၊ ကမ်ပိန်းများနှင့် ပတ်သက်သည့် အချက်များ၊ ထုတ်ပြန်ချက်များကိုလည်း အဆိုပါ ဝက်ဘ်စာမျက်နှာမှာပင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

**ကိုစိုး**

**New Product**

## ၁၀၈ မဂ္ဂါပစ်ဇယ် ကင်မရာပါဝင်တဲ့ Redmi note 11 Pro 5G စမတ်ဖုန်းသစ်

Redmi note 11 Pro 5G စမတ်ဖုန်းသစ်ဟာ ပြည်တွင်းဈေးကွက်ကို မတ်လ ဒုတိယပတ်အတွင်းမှာ စတင်ဝင်လာတာဖြစ်ပါတယ်။ အရင်ရောင်းချနေတဲ့ Redmi note 11 Pro နဲ့ယှဉ်ရင် ဒီဇိုင်းပိုင်းရော၊ စွမ်းဆောင်ရည်ပိုင်းရော အတော်များများ တူညီပြီး 5G နက်ဝပ်ရတဲ့အချက်၊ Chipset ပိုင်းနဲ့ ကင်မရာပိုင်းကွာခြားချက် အနည်းငယ်သာရှိပါတယ်။ Redmi note 11 Pro 5G ဖုန်းသစ်ရဲ့ အဓိကကျတဲ့အချက်အချို့ကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အရွယ်အစား | ၆ ဒသမ ၆၇ လက်မ |
| မျက်နှာပြင် အမျိုးအစား | Super AMOLED, 120Hz |
| Resolution | 1080 x 2400 pixels |
| အကာအကွယ် | IP53 ဖုန်နှင့် ရေကာကွယ်မှု |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 11, MIUI 13 |
| Chipset | SM6375 Snapdragon 695 5G |
| CPU | Octa-core |
| RAM နှင့် Memory | 6/64, 6/128, 8/128 |
| ပင်မကင်မရာ | 108+8+2 MP(Triple) |
| ဆယ်လ်ဖီကင်မရာ | 16 MP |
| USB | Type-C 2.0, On-The-Go |
| ဘက်ထရီ | Li-Po 5000 mAh |
| အားသွင်းစနစ် | 67W အမြန်အားသွင်းစနစ် |
| | Power Delivery 3.0 |



ဒီဖုန်းဟာ Snapdragon 695 chipset ကြောင့် အက်ပလီကေးရှင်းနဲ့ ဂိမ်းအမျိုးမျိုးကို ပေါ့ပေါ့ပါးပါး သုံးနိုင်မှာဖြစ်ပြီး ကင်မရာပိုင်း၊ ဘက်ထရီပိုင်းတွေလည်း ကောင်းမွန်ပါတယ်။ နိုင်ငံတကာဈေးကွက်မှာ RAM နဲ့ မင်မိုရီပမာဏ သုံးမျိုးခွဲထွက်ထားတဲ့အနက် ပြည်တွင်းဈေးကွက်မှာတော့ အမြင့်ဆုံးဖြစ်တဲ့ 8/128 GB တစ်မျိုးတည်းကို ရောင်းချတာတွေ့ရပြီး ဈေးနှုန်းက ကျပ် ၅၇၉၀၀၀ ဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

## အိုင်ဖုန်း၏ iOS ဗားရှင်းသစ်တွင် နှာခေါင်းစည်းတပ်ပြီးဖွင့်နိုင်သည့် Face ID စနစ်အသစ် ပါဝင်လာ

**ရန်ကုန် မတ် ၂၆**

အိုင်ဖုန်း၏ နောက်ဆုံးထွက်ဖုန်းများဖြစ်သည့် iPhone 12 နှင့် 13 စီးရီးများအတွက် မတ် ၁၄ ရက်က အပ်ဒိတ်ပေးခဲ့သော iOS ဗားရှင်း 15.4 တွင် နှာခေါင်းစည်းကိုမချွတ်ဘဲ Face ID ဖြင့် ဖုန်းကို လော့ခ်ဖွင့်နိုင်သည့်စနစ် စတင်ပါဝင်လာသည်။

ထိုစနစ်ကိုအသုံးပြုရန်အတွက် ဖုန်း၏ ဆက်တင်ထဲမှတစ်ဆင့် Face ID & Passcode သို့ ဝင်၍ 'Use Face ID With a Mask' ကို ရွေးချယ်ကာ နှာခေါင်းစည်းတပ်ထားသောပုံစံဖြင့် Scan ဖတ်ပေးရမည်ဖြစ်ပြီး ပြီးစီးပါက နှာခေါင်းစည်းတပ်ထားသည့်အချိန်တွင်လည်း ဖုန်းကို Face ID ဖြင့် လော့ခ်ဖွင့်နိုင်မည်ဖြစ်သည်။

Apple အနေဖြင့် အဆိုပါ ဖုန်းလော့ခ်ဖွင့်သည့်စနစ်နှင့် ပတ်သက်၍ နှာခေါင်းစည်းတပ်ထားသည့်အချိန်တွင် မျက်နှာ၏အောက်ပိုင်းကို scan မဖတ်နိုင်သော်လည်း မျက်လုံးနှင့် မျက်လုံးဧရိယာတစ်ဝိုက်ရှိ ထူးခြားမှုများကို scan ဖတ်၍ ဖုန်းဖွင့်ပေးခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ထားကာ အဆိုပါစနစ်၏ လုံခြုံရေးပိုင်းနှင့်ပတ်သက်၍ အသေးစိတ်ပြောကြားထားခြင်း မရှိသေးပေ။ လက်တွေ့စမ်းသပ်အသုံးပြုပြီးသူများကမူ လုံခြုံစိတ်ချရကြောင်းနှင့် နှာခေါင်းစည်းတပ်ထားသည့်တိုင် ပိုင်ရှင်၏မျက်နှာကို အတိအကျ scan ဖတ်ပေးနိုင်ပြီး ပိုင်ရှင်မဟုတ်သူများကိုလည်း လော့ခ်ဖွင့်ပေးခြင်း မရှိကြောင်း ထောက်ခံပြောကြားထားသည်။ iOS ဗားရှင်း 15.4 ကို မြန်မာနိုင်ငံတွင်လည်း ရနေပြီဖြစ်ရာ iPhone 12 နှင့် 13 စီးရီးများကို အသုံးပြုနေသူများအနေဖြင့် နှာခေါင်းစည်းတပ်ထားသော်လည်း Face ID ဖြင့် ဖုန်းလော့ခ်ဖွင့်သည့်စနစ်ကို iOS အပ်ဒိတ်လုပ်ပြီး စမ်းသပ်အသုံးပြုနိုင်ပြီဖြစ်သည်။ **ကျော်ဇင်ဦး(ကိုးကား-cnet.com)**

## ဟွာဝေးဖုန်းများကို လျှော့ဈေးဖြင့်ပြုပြင်နိုင်မည့် Service Carnival အစီအစဉ် ပြုလုပ်

**ရန်ကုန် မတ် ၂၆**

ပြည်တွင်း၌ တရားဝင်တင်သွင်းရောင်းချထားသော ဟွာဝေးဖုန်းများအတွက် အပိုပစ္စည်းများကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ပြုပြင်နိုင်မည့် Huawei Service Carnival ဝန်ဆောင်မှုအစီအစဉ်ကို ဟွာဝေးက မတ် ၂၁ ရက်မှစ၍ တစ်နိုင်ငံလုံးရှိ ဟွာဝေး ဆားဗစ်စင်တာများ၌ ပြုလုပ်ထားပြီး ဝန်ဆောင်မှုကာလမှာ မေလကုန်အထိဖြစ်ကြောင်း သိရသည်။

ထိုအစီအစဉ်အရ ဟွာဝေးက သတ်မှတ်ထားသည့် ဖုန်းမော်ဒယ်အမျိုးမျိုး၏ အပိုပစ္စည်းများ လဲလှယ်ခြင်းအတွက် အများဆုံး ၂၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ဝယ်ယူပြုပြင်နိုင်မည့်အပြင် ဝယ်ယူပြုပြင်သော အပိုပစ္စည်းများအတွက် ဟွာဝေး၏ တရားဝင် ရက် ၉၀ အာမခံကိုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဖုန်းများကို ရှေ့/နောက် စတစ်ကာများကပ်ခြင်းအတွက်လည်း ဖုန်းမော်ဒယ်နှင့် အမျိုးအစားအလိုက် အများဆုံး ၆၀ ရာခိုင်နှုန်းအထိ လျှော့ဈေးများ ရနိုင်မည်ဖြစ်သည်။ လျှော့ဈေးဖြင့် အပိုပစ္စည်းများဝယ်ယူနိုင်မည့် ဖုန်းမော်ဒယ်နှင့် အမျိုးအစားများ၊ လျှော့ဈေးရရှိနိုင်မည့် ပမာဏများကို ဟွာဝေး၏ Consumer.huawei.com/mm ဝက်ဘ်ဆိုက်တွင်ဖြစ်စေ၊ Huawei Mobile လူမှုကွန်ရက်စာမျက်နှာတွင်ဖြစ်စေ မေးမြန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဝန်ဆောင်မှုကာလအတွင်း မည်သည့် ဖုန်းအမျိုးအစားအတွက် မည်သည့်အပိုပစ္စည်း ဝယ်ယူပြုပြင်မှုကို ပြုလုပ်သည်ဖြစ်စေ ဖုန်းပြင်ရန် ဆားဗစ်စင်တာသို့လာသည်နှင့် ဟွာဝေး၏ Cloud Storage တွင် သိုလှောင်မှုပမာဏ 50 GB ကိုလည်း ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါ ဖုန်းပြုပြင်သည့်ဝန်ဆောင်မှုကို ဟွာဝေး၏ တရားဝင်ဆားဗစ်စင်တာတိုင်းတွင် ပြုလုပ်နိုင်မည်ဖြစ်သလို ဟွာဝေးအနေဖြင့် ဆားဗစ်စင်တာ မရှိသေးသော မြို့များတွင်လည်း ပြုပြင်ရမည့်ဖုန်းကို ဆားဗစ်စင်တာများသို့ အခမဲ့ ပို့ဆောင်ပေးမည့် Delivery ဝန်ဆောင်မှုကို ပြုလုပ်ထားကာ အခမဲ့ ပို့ဆောင်ပေးသည့်ဝန်ဆောင်မှု ပြုလုပ်ပေးသည့် ဆိုင်လိပ်စာများကိုလည်း ဟွာဝေး၏ လူမှုကွန်ရက်စာမျက်နှာတွင် စုံစမ်းမေးမြန်းနိုင်ကြောင်း ဟွာဝေးမှ ထုတ်ပြန်ထားချက်အရ သိရသည်။

**ကိုစိုး**



ဩစတြေးလျတင်းနစ်ကြယ်ပွင့် အက်ရှ်လီဘာတီ

## ဩစတြေးလျတင်းနစ်မယ် ဘာတီ တင်းနစ်ကစားခြင်းမှ အနားယူ

ကမ္ဘာ့နံပါတ်တစ် ဩစတြေးလျ အမျိုးသမီးတင်းနစ်မယ် အက်ရှ်လီဘာတီမှာ တင်းနစ်အားကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ အဆင့်မြင့်ပြိုင်ပွဲကြီးများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိဟုဆိုကာ အနားယူရန် ကြေညာခဲ့သည်။ တင်းနစ်အားကစားသက်တမ်းတစ်လျှောက်ကူညီပေးခဲ့သူများအားလုံးကို ကျေးဇူးတင်ကြောင်း အသက်၂၅ နှစ်အရွယ် အက်ရှ်လီဘာတီက ပြောသည်။ ၁၉၇၈ ခုနှစ်နောက်ပိုင်း ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် အနိုင်ရရှိသည့် ပထမဦးဆုံး ဩစတြေးလျ တင်းနစ်မယ်ဖြစ်လာပြီး နှစ်လအကြာတွင် ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။ မတ်၂၃ ရက် ကြေညာချက်မှာ ဘာတီအဖို့ ဒုတိယအကြိမ်မြောက် တင်းနစ်လောကမှ ထွက်ခွာရန်ကြေညာမှုလည်းဖြစ်သည်။ ၂၀၁၄ ခုနှစ်ကလည်း ခရစ်ကတ်ကစားရန် တင်းနစ်လောကမှ ထွက်ခွာဖူးသည်။ ယင်းနောက် ၂၀၁၆ ခုနှစ်တွင် ပြန်လည်ဝင်ရောက်လာခဲ့သည်။

အောင်

## ကိုဗစ်- ၁၉ စိုးရိမ်ရမှုများကြောင့် ယန်လင်းမာရသွန်ပြိုင်ပွဲ ရွှေ့ဆိုင်း

၂၀၂၂ ခုနှစ်အတွက် ယန်လင်းမာရသွန်ပြိုင်ပွဲကို ဧပြီ ၁၀ ရက်တွင်ကျင်းပရန် ရည်ရွယ်ထားသော်လည်း ကိုဗစ်- ၁၉ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစည်းကမ်းများကြောင့် ရက်ရွှေ့ဆိုင်းလိုက်သည်ဟု ပွဲကျင်းပသူများက မတ်၂၅ ရက်တွင်ပြောသည်။ယန်လင်းခရိုင်သည် အဆင့်မြင့်စိုက်ပျိုးရေးဇုန်ဖြစ်ပြီး တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်ဇီပြည်နယ်တွင် တည်ရှိသည်။ ၂၀၁၅ ခုနှစ်မှစတင်ကာ ယန်လင်းမာရသွန်ပြိုင်ပွဲကို စတင်ကျင်းပခဲ့ပြီး ပြည်တွင်းမှ လူပေါင်း၂၀၀၀၀ကို ဆွဲဆောင်နိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင်မူ ပြည်ပမှ အပြေးသမားများကိုပါ ဆွဲဆောင်နိုင်ခဲ့သည်။ အဆိုပါပွဲကို ၂၀၂၀ တွင်မူ ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ဖျက်သိမ်းခဲ့ရသည်။

အောင်

## လီယွန်နယ်မက်ဆီ ၈၁ ဂိုးမြောက် နိုင်ငံတကာဂိုး သွင်းယူ

အာဂျင်တီးနားက ဗင်နီဇွဲလားကို ဗျူနိုအေရိစ်ကွင်းမှာ ကျင်းပတဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ သုံးဂိုးပြတ်နဲ့နိုင်ခဲ့ပြီး လီယွန်နယ်မက်ဆီဟာ သူ့ရဲ့ ၈၁ ဂိုးမြောက် နိုင်ငံတကာဂိုးကို သွင်းယူခဲ့ပါတယ်။

ဒီပွဲမှာ နီကို ဂွန်ဇာလက်ဇ်ဟာ ၃၅ မိနစ်မှာ အဖွင့်ဂိုးကို သွင်းယူခဲ့ပါတယ်။ လူစားဝင်ကစားသမား အန်ဂျယ်ဒီမာရီယာဟာ ဒုတိယဂိုးကို သွင်းယူခဲ့ပါတယ်။

အသက် ၃၄ နှစ်ရှိတဲ့ ရှေ့တန်းတိုက်စစ်မှူး မက်ဆီဟာ တတိယဂိုးကို သွင်းယူနိုင်ခဲ့ပြီး ယင်းဂိုးဟာ သူ့ရဲ့ ၈၁ ဂိုးမြောက် နိုင်ငံတကာဂိုးဖြစ်ပါတယ်။

ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် အာဂျင်တီးနားက တောင်အမေရိကန်ဇုန် ၁၀ သင်းမှာ ဒုတိယနေရာမှာရှိနေပြီး ၁၆ ပွဲကစားရာမှာ ၃၈ မှတ်ရရှိထားပါတယ်။ ပထမနေရာမှာ ရှိတဲ့ ဘရာဇီးထက် လေးမှတ်နည်းနေပါတယ်။ ဗင်နီဇွဲလားကတော့ နောက်ဆုံးမှာ ၁၀ မှတ် ရရှိထားပါတယ်။

အာဂျင်တီးနားဟာ အင်္ဂါနေ့မှာ တောင်အမေရိကဇုန် ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် အီကွေဒေါနဲ့ တွေ့ဆုံမှာ ဖြစ်ပါတယ်။

ဗင်နီဇွဲလားကတော့ ကိုလံဘီယာကို အိမ်ကွင်းမှာ လက်ခံကစားရမှာ ဖြစ်ပါတယ်။

လင်းခေတ်ဆန်



မက်ဆီနှင့် အာဂျင်တီးနားကစားသမားများ အောင်ပွဲခံနေစဉ်။

## ဖီဖာကမ္ဘာ့ဖလား အာဖရိကခြေစစ်ပွဲ ရှုံးထွက်ပွဲစဉ်မှာ အယ်လ်ဂျီးရီးယားက ကင်မရွန်းကို အနိုင်ရရှိ

ဖီဖာကမ္ဘာ့ဖလား အာဖရိကဇုန် ခြေစစ်ပွဲ ရှုံးထွက်ပွဲစဉ်မှာ အယ်လ်ဂျီးရီးယားက ကင်မရွန်းကို အနိုင်ရရှိခဲ့ပါတယ်။

ကင်မရွန်းအသင်းက နိုင်ပွဲရရှိရေးအတွက် အိမ်ကွင်းပရိသတ်ရှေ့မှာ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့တာ ဖြစ်ပါတယ်။

အယ်လ်ဂျီးရီးယားအနေနဲ့ ခံစစ်ကိုကောင်းမွန်စွာ ကစားနိုင်ခဲ့ပါတယ်။ ရှေ့တန်းတိုက်စစ်မှူး ဆလီမာနီဟာ မိနစ် ၄၀ အရောက်မှာ လှလှပပခေါင်းတိုက် သွင်းယူခဲ့ပါတယ်။

၁၉၈၄ ခုနှစ်ကတည်းက အယ်လ်ဂျီးရီးယားဟာ ဘယ်ပွဲမှာမှ ကင်မရွန်းကို မယှဉ်နိုင်ခဲ့ပါဘူး။ ကင်မရွန်းဟာ နည်းပြသစ်ရဲ့ အောက်မှာ ပထမဆုံးပွဲကို ကစားခဲ့တာဖြစ်ပါတယ်။

"အယ်လ်ဂျီးရီးယား ရှားရှားပါးပါး အခွင့်အလမ်းကောင်းတွေ ရရှိခဲ့ပါတယ်။ မိမိတို့ဟာ ဘောလုံးပိုင်ဆိုင်မှု အများဆုံးရရှိထားသလို ကစားပွဲကိုလည်း အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ကမ္ဘာ့ဖလားအတွက် ဆက်လက်ချီတက်ကြမယ်"လို့ အသင်းခေါင်းဆောင် ဆောင်းက ပြောပါတယ်။

"ကင်မရွန်းက တကယ်မလွယ်တဲ့အသင်းဖြစ်ပါတယ်။ မိမိတို့အတော် ခဲရာခဲဆစ် ကစားခဲ့ရတယ်။ ဂိုးသွင်းနိုင်ခဲ့လို့ ပျော်ရတယ်" ဟု အယ်လ်ဂျီးရီးယားအသင်းနည်းပြ ဘယ်လ်မာဒီက ပြောပါတယ်။

လင်းခေတ်ဆန်

## ကွင်းလယ်ကစားသမား အယ်မီရွန်ကို နယူးကာဆယ် ရောင်းချရန်စီစဉ်

ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းသည် အသင်းမှ ပါရာဂွေးကွင်းလယ်ကစားသမား မီဂွယ်အယ်မီရွန်ကို နွေရာသီတွင် ရောင်းချသွားရန် စီစဉ်နေသည်။ နယူးကာဆယ်အသင်း တာဝန်ရှိသူများသည် နွေရာသီတွင် အသင်းကို ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၂၁ သန်းဖြင့် ခေါ်ယူထားသည့် အယ်မီရွန်ကို ရောင်းချသွားဖွယ်ရှိနေခြင်း ဖြစ်သည်။

အဆိုပါ အသက် ၂၈ နှစ်အရွယ် ကွင်းလယ်ကစားသမားကို ခေါ်ယူမည့်အသင်းများ အနေဖြင့် ပေါင် ၁၅ သန်းခန့် ကုန်ကျဖွယ်ရှိသည်။ အယ်မီရွန်နှင့် နယူးကာဆယ် အသင်းတို့ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၄ ခုနှစ် နွေရာသီအထိ ချုပ်ဆိုထားသည်။ အယ်မီရွန်သည် ဘင်နီတက်ဇ်နှင့် စတိဗ်ဘရုစ်တို့လက်ထက်တွင် အဓိကကစားသမားအဖြစ် ရှိခဲ့သော်လည်း ဟိုဝီလက်ထက်တွင် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးနေသူဖြစ်သည်။ အယ်မီရွန်သည် နည်းပြဟိုဝီ တာဝန်ယူကိုင်တွယ်သည့် ၁၈ ပွဲတွင် ငါးပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိထားသူလည်း ဖြစ်သည်။



## ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ဥရောပ အသင်းကြီးများ ခေါ်ယူလို

ဥရောပ နာမည်ကြီးအသင်းများဖြစ်သည့် ဂျူဗင်တပ်စ်၊ ရီးရဲမက်ဒရစ်နှင့် ပီအက်စ်ဂျီအသင်းတို့သည် နွေရာသီတွင် အိုးထရက်ဖို့ဒ်မှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာဖွယ်ရှိနေသော အသက် ၂၉ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ခေါ်ယူရန် ဆန္ဒရှိနေသည်။ ထို့ပြင် နယူးကာဆယ်နှင့် ဗီလာအသင်းတို့ကလည်း ပေါ့ဂ်ဘာ၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေသည်။

"ပြီးခဲ့တဲ့ ငါးရာသီကိုကြည့်ရင် ကျွန်တော့်အတွက် စိတ်ကျေနပ်စရာ မရှိဘူး။ ဒီနှစ်မှာဆိုရင်လည်း ဖလားလက်မဲ့ရာသီကို ဖြတ်သန်းရတော့မယ်။ ကျွန်တော်ကဖလားတွေကို ဆွတ်ခူးချင်တာလေ " ဟု ပြောကြားသည်။ ပေါ့ဂ်ဘာသည် မန်ယူအသင်းသို့ တစ်ကျော့ပြန်ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၂၂ ပွဲ ကစားထားပြီး ၃၉ ဂိုး သွင်းယူပေးထားသည်။



## ဆင်နီယာကိုဗာ ကို ရှုံးနိမ့်ပြီး မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲမှ ဗြိတိန်တင်းနစ်မယ် ရာဒူကာနူ ထွက်ခွာခဲ့ရ

ဗြိတိန်အမျိုးသမီးတင်းနစ်မယ် အမ်မာရာဒူကာနူသည် မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြိုင်ဘက်ချက်တင်းနစ်မယ် ဆင်နီယာကိုဗာ ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ဆောလျင်စွာ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။ အဆိုပါ ပွဲစဉ်တွင် ရာဒူကာနူသည် ဆင်နီယာကိုဗာ ကို ၃-၆၊ ၆-၄၊ ၇-၅ ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

အသက် ၁၉ နှစ်အရွယ်ရှိ ယူအက်စ်အိုးပင်းတင်းနစ်ချန်ပီယံ ရာဒူကာနူသည် ယခုနှစ်ရာသီတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ခုနစ်ပွဲတွင် နှစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

အခြားသောပွဲစဉ်တွင် ဗြိတိန်တင်းနစ်မယ်ဝက်ဆင်သည် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာ ကို ၄-၆၊ ၆-၃၊ ၇-၆(၇-၄) ဖြင့် အနိုင်ရရှိခဲ့သည်။

အောင်ဇော် - စုစည်းသည်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းတက်ရောက်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ (အလယ်ပိုင်း)နေ ထွန်းသက်ဝင်း (ဘ) ဦးစိန်သောင်းနှင့် မြတ်သီရိလမ်း အမှတ် (၂) ရပ်ကွက်နေ အောင်မြတ်စိုး (ခ) အောင်လေး (ဘ) ဦးဌေးဝင်းတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းတက်ရောက်ခြင်း၊ လက်နက်၊ ခဲယမ်းများ သို့ဝှက်သယ်ဆောင်ပေးခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ဈ)နှင့် ၅၀(ည)တို့အရ ၂၀၂၂ ခုနှစ် မတ် ၂၅ ရက်တွင် ၎င်းတို့နှစ်ဦးကို "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

**အရေးယူဆောင်ရွက်**

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


ထွန်းသက်ဝင်း


အောင်မြတ်စိုး(ခ)အောင်လေး

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)၌ ကြေညာထားခြင်းမရှိဘဲ ပိုမိုပါရှိလာသော လျှပ်စစ်ရေမော်တာများနှင့် PVC ရေပိုက်များ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၆၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်ထားသော ပန်းသီးနှင့် သစ်တော်သီးများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၃၇၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းမှ အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကင်းလှည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေး-ပြင်ဦးလွင် ကားလမ်းမိုင်တိုင်အမှတ် ၁၆ မိုင် ၄ ဖာလုံခန့်တွင် ပိုင်ရှင်မဲ့စုပုံထားသော တရားမဝင် မော်တော်ယာဉ်အပိုပစ္စည်းများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၅၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းမြို့နယ်တွင် (လိုင်စင်မဲ့) ဆိုင်ကယ်တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်အတွင်း တရားမဝင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ၅ ဒသမ ၄၂၁၆ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၁၁၅၄)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ငါးမှု၊ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၉၄၈၇၀၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ထားဝယ်မြို့၊ ကွမ်းလုံနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ထားဝယ်မြို့ ကျောက်မော်ရပ်ကွက် မဟာဗန္ဓုလလမ်းရှိ မနော်ဆဲမူး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅ ပြား သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ နံနက် ၁၀ နာရီခွဲတွင် ထားဝယ်မြို့ ထိန်သစ်ရပ်ကွက် ကျွန်းမွေးရွာပတ်လမ်းနေ မအေးမီသက်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မဝင့်ဝါထွေးအား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ည ၇ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွမ်းလုံမြို့နယ် နမ့်ချင်းဟော်ကျေးရွာရှိ ကျူလောက်ချန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၆ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ယန်းခေါင်ကျေးရွာအနီးတွင် အေးနေ့မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မင်္ဂလာဒုံမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**

မင်္ဂလာဒုံမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၅ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲ(၂)ရပ်ကွက် ဂန္ဓမာလမ်းတွင် နီလင်းအောင်(ခ) မွန်လေး မောင်းနှင်ပြီး ခိုင်မိုးလင်း (ခ) ကိုခိုင် လိုက်ပါလာသည့် Nissan AD Van ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ မင်္ဂလာဒုံမြို့နယ် ပုလဲ(၁)ရပ်ကွက် ခိုင်ရွှေဝါလမ်း အိမ်အမှတ်(၃၁၉)


သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများပိုင်ရှင် အားလို(ခ) အိုက်စိုင်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ ပြည့်စုံအောင်၊ ဇော်မျိုးနိုင် (ခ) ဇေရဲ (ခ) ကုလားနှင့် မယုဝတီအောင်တို့အား စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၈ သိန်းနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု အပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများ တပ်ဆင်ထားရှိပြီး တပ်မတော်နေ့ အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ မင်းမြတ်သုံးပါး ရုပ်တုတို့အား အများပြည်သူ မည်သူမဆို ဝင်ရောက်ကြည့်ရှု အပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ်လ ၂၈ ရက်မှ ဧပြီလ ၁ ရက် အထိ နေ့စဉ် ညနေ ၅ နာရီမှ ည ၉နာရီခွဲအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မတ် ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ရတနာပုံကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ရှိ မဟာလေးထပ်ကျောင်းတိုက်နှင့် မုံရွာမြို့နယ်ရှိ မြို့မဂါတ်ကျောင်းတိုက်တို့သို့လည်းကောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ သာသနာလင်္ကာရပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ဟိုပန်မြို့နယ်ရှိ ရဋ္ဌပါလမဟာဗောဓိ ကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ မိုးကောင်းကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁) ရပ်ကွက်၊ အကွက်အမှတ် (၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ နဝရတ်လမ်း၊ မြေကွက်အမှတ် (၅၁၆)ဟုခေါ်တွင်သော ဧရိယာ ဝဒသမ ဝ၅၅ကေရှိ ဦးခင်မောင်အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးလင်း(ဘ)ဦးကျော်ဌေးက ပြန်လည်ဝယ်ယူရန်အတွက် လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဒေါ်သင်းသင်းသန့် (ဘ)ဦးလှခိုင်အား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ် ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇာနည်(LL.B,D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၆၈)
ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့
ဖုန်း- ၀၉-၄၂၀၃၀၀၂၆၂

# နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၆**





နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများဖြစ်သော ဘဏ္ဍာရေး စည်းမျဉ်း အထူးသင်တန်း အမှတ်စဉ် (၃၁)၊ ပစ္စည်းထိန်းသင်တန်း အမှတ်စဉ်(၈) နှင့် အလုပ်အကိုင်အခွင့် အလမ်းရရှိရေး သင်တန်းဖြစ်သော ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းအမှတ်စဉ်(၂၆) သင်တန်းများဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦး တက်ရောက်၍ သင်တန်းဆင်းပွဲ မိန့်ခွန်းပြောကြားသည်။

သင်တန်းများဆင်းပွဲ အခမ်းအနားကို ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဝန်ထမ်းများကို လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် နယ်စပ်ဒေသ၊ ကျေးလက်ဒေသများရှိ တိုင်းရင်းသူ အမျိုးသမီးငယ်များကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးသည့်အပြင် အလုပ်အကိုင်ရရှိရေးအတွက် အထည်ချုပ်စက်ရုံများနှင့်ချိတ်ဆက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ယနေ့အထိ ခေတ်မီမော်တာ အထည်ချုပ်စက် သင်တန်းဆင်း သင်တန်းသူ ၂၉၈၂ ဦး ကို အထည်ချုပ်စက်ရုံများ တွင် အလုပ်ခန့်အပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

စာအုပ်စာပေ လူ့မိတ်ဆွေ

## သား၊ ချွေးမ၊ မြေးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ်(၆) ရပ်ကွက်၊ အကွက်အမှတ် (၅၅၉)၊ ဦးပိုင်အမှတ် (N-၆) ဒေါ်စိုးစိုးဝါ (ဘ)ဦးတင်ရှိန် ၉/ပသက(နိုင်) ၀၇၄၅၃၅၏ သားဖြစ်သူ မောင်ဟိန်းမင်းစိုး(ဘ)ဦးကျော်စိုးလွင် ၉/ပသက(နိုင်)၁၁၁၄၈၂ သည် မိခင် ဒေါ်စိုးစိုးဝါအား စိတ်ဆင်းရဲမှုဖြစ်စေသည့် အပြောအဆို၊ အပြုအမူများ နေ့စဉ်ပြုမူပြီး ညှိနှိုင်း၍မရသည့်အပြင် မိခင်၏ဩဝါဒကို မနာခံ၊ မိခင်အား တော်လှန်ပြီး ရန်သူသဖွယ် အမြဲတစေပြုမူဆက်ဆံနေသဖြင့် ၎င်း၏အပြောအဆို၊ အပြုအမူအဆက် အဆံများနှင့် ရိုင်းပျမှုတို့ကို ဆက်လက်သည်းခံခွင့်မလွှတ်နိုင်တော့သဖြင့် မောင်ဟိန်းမင်း စိုးနှင့် ၎င်း၏ဇနီး၊ သားသမီးများအား သား၊ ချွေးမ၊ မြေးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းတို့နှင့်ပတ်သက်သမျှ မည်သည့်ကိစ္စကိုမှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်စိုးစိုးဝါ(ဘ)ဦးတင်ရှိန်
၉/ပသက(နိုင်)၀၇၄၅၃၅

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သွယ်သွယ်စန်း (LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၇၁/၁၃-၁၂-၂၀၁၈)
မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၇၇၅၅၀၈၇၅၀၊ ၀၉-၉၇၇၅၁၁၁၈၉

ဒေါ်ဇင်မာသန်း (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၅၁၂၈/၁၃-၁၂-၂၀၁၈)

# ပူတာအိုမြို့၌ လူသုံးကုန်ထုတ်လုပ်မှုသင်တန်းဖွင့်

**ပူတာအို မတ် ၂၆**



ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ဒေသခံပြည်သူများ ကိုယ်ပိုင်တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်စေခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို မတ် ၂၅ ရက်က ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်ရှိ မောန္ဓေလအေဂျီဘုရားကျောင်းဝင်း ဆန်းဒေးစကူးလ် ခန်းမ၌ကျင်းပရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ယင်းသင်တန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်နယ်ဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်မောင်းနှင့် ခရိုင်ဦးစီးမှူး ဦးဆွေလှိုင်ဦးတို့ ကြီးကြပ်မှုဖြင့် ဆပ်ပြာရည်ပြုလုပ်နည်း ငါးမျိုး၊ ခေါင်းလျှော်ရည် ပြုလုပ်နည်း နှစ်မျိုး၊ ဆပ်ပြာခဲပြုလုပ်နည်း နှစ်မျိုးနှင့် လက်သန့်ဆေးရည် ပြုလုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်သည်။ မောန္ဓေလအေဂျီ အသင်းတော်မှ သင်တန်းသူ စုစုပေါင်း ၂၀ တို့ကို သင်တန်းနည်းပြဆရာမ ဒေါ်ခင်ဇာခြည်သန့်က ငါးရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကာန်(ပူတာအို)**

# နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရန် ကွင်းဆင်းဆောင်ရွက်မည့် စိုက်ပျိုးရေးဝန်ထမ်းများအား စွမ်းဆောင်ရည်သင်တန်းပေး

**နေပြည်တော် မတ် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဆီထွက်သီးနှံဖြစ်သည့် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားဆောင်ရွက်လျက်ရှိရာ လယ်ဝေးမြို့နယ်တွင် မိုးရာသီမှစတင်၍ ကွင်းဆင်းဆောင်ရွက်မည့် စိုက်ပျိုးရေးများအား စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို နေပြည်တော် ပြည်ထောင်စုနယ်မြေ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မြမြလွင်၊ ပိုးမွှားတာဝန်ခံ ဦးမျိုးနိုင်၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်ဌေးဌေးရီ၊ မျိုးစေ့တာဝန်ခံ ဦးဇော်နိုင်၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တောင်သူပညာပေး ကွင်းဆင်းဆောင်ရွက်မည့်ဝန်ထမ်းများ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်ပြီး ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

နေကြာသီးနှံသည် သီးသန့်စိုက်ပျိုးနိုင်သကဲ့သို့ ပဲမျိုးနှင့် သီးညှပ်စိုက်နိုင်ခြင်း၊ စပါးပြီး လယ်သီးထပ်စိုက်ပျိုးနိုင်ခြင်းကြောင့် တောင်သူများအနေဖြင့် စီးပွားရေးတွင် တွက်ခြေကိုက်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားအုံးဆီဖြစ်ခြင်း၊ ပျားမွေးမြူရေးအတွက်လည်း အထောက်အကူပြုခြင်း၊ သဘာဝဂေဟဗေဒ စနစ်ကောင်းစေခြင်း စသည့်ကျေးဇူးများရရှိကြောင်း သိရသည်။

**သောင်းကို**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၆၅ ဆူ | ၅၉၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲကျော်မြ
### ညွှန်ကြားရေးမှူးချုပ်
### နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၅၃)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂ရက်(စနေနေ့) နံနက် ၉:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး**
**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲကျော်မြ
### ညွှန်ကြားရေးမှူးချုပ်
### နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၅၃)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂ရက်(စနေနေ့) နံနက်၉:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊**
**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး**
**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲကျော်မြ
### ညွှန်ကြားရေးမှူးချုပ်
### နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက် (၅၃)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂ရက် (စနေနေ့) နံနက် ၉:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲကျော်မြ
### ညွှန်ကြားရေးမှူးချုပ်
### နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက် (၅၃)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂ရက် (စနေနေ့) နံနက် ၉:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲကျော်မြ
### အသက် (၅၃)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂ရက်(စနေနေ့) နံနက် ၉:၂၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၉၇ batch**
**လုပ်ဖော်ကိုင်ဖက်များ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဒေါက်တာ မင်းကိုကိုနိုင်
### Director
### Alliance Eagles Group
### အသက် (၃၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အခန်းအမှတ် (၄၀၃)၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်နေ ဒေါက်တာ ဦးဝင်းနိုင်-ဒေါက်တာ ဒေါ်ကြူကြူတို့၏သားငယ်၊ ဒေါ်ခင်ကြူဝင်း၊ ဒေါက်တာ ဦးဝင်းရီ-ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ခင်မူဝင်း၊ ဦးဝင်းကျော်-Mrs.Elaine၊ ဒေါ်ခင်ဆွေဝင်း၊ ဦးဝင်းအေး-ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်ခင်အေးဝင်း၊ ဦးသက်ဦး-ဒေါ်ခင်မာဝင်း၊ ဒေါက်တာ ဝင်းသူ၊ ဦးဝင်းထွန်း၊ ဒေါက်တာ ကျော်ကျော်-ဒေါ်မိုးမိုးဆွေတို့၏တူငယ်၊ ဒေါ်သွဲ့စုနိုင်၊ ဒေါက်တာဖြိုးကိုကိုနိုင်-ဒေါ်ယွန်းလှဲ့စံတို့၏မောင်၊ ညီငယ်၊ မရွှေနဒီနိုင်၏ ဦးလေးသည် ၂၄-၃-၂၀၂၂ရက် ည ၁၀:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၂ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/2445, Nissan AD VAN 12, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းသိန်း ၉/မလန(နိုင်)၀၈၂၈၀၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဦးရဲကျော်မြ(Ye Gyaw Mra)
### ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံရေးရာ ဦးစီးဌာန
### နိုင်ငံခြားရေးဝန်ကြီးဌာန(နေပြည်တော်)
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ယင်းမာမြိုင်လမ်း၊ အမှတ်(၃၆၅)နေ ဦးဝင်းမြ(သံအမတ်ကြီး-ငြိမ်း)(မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ-ငြိမ်း)၊ ဒေါ်မြမာဝင်း(Margie)တို့၏သားကြီး၊ (ဦးညီညီသန်း)(သံအမတ်ကြီး-ငြိမ်း)၊ ဒေါ်တင်တင်ဦး(Toni)တို့၏သားသမက်၊ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မြသစ္စာသန်း(Bangkok Thailand)၊ ရဲထွဋ်မြ(Minneapolis, USA)တို့၏ ချစ်လှစွာသော ဖခင်၊ ဦးကံထူးမြ(New York)၊ ဦးအောင်ထူးမြ- Karines(New York) တို့၏အစ်ကို၊ Jason နှင့် Carson တို့၏ဘကြီးဖြစ်သူ ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂ရက်(စနေနေ့) နံနက် ၉:၂၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲကျော်မြ
### အသက် (၅၃)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂ ရက် (စနေနေ့) နံနက် ၉:၂၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်ဝန်ထမ်းများ**
**နိုင်ငံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးရဲကျော်မြ
### ညွှန်ကြားရေးမှူးချုပ်
### အာဆီယံရေးရာ ဦးစီးဌာန
### နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၅၃)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂ရက် နံနက် ၉:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အာဆီယံရေးရာ ဦးစီးဌာန၊ အရာထမ်း/အမှုထမ်း ဝန်ထမ်းများအားလုံးမှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အာဆီယံရေးရာ ဦးစီးဌာန**
**အရာထမ်း/အမှုထမ်း ဝန်ထမ်းများအားလုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးရဲကျော်မြ
### ညွှန်ကြားရေးမှူးချုပ်
### အာဆီယံရေးရာ ဦးစီးဌာန
### နိုင်ငံခြားရေးဝန်ကြီးဌာန
### အသက်(၅၃)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂ရက်(စနေနေ့) နံနက် ၉:၂၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်း မိသားစု၊ မြန်မာသံရုံး၊ ရောမမြို့**

## ဒေါ်မြင့်မြင့်တင်
### ဟသ်ာတ/လေးမျက်နှာ
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ် ၁၄၁၂ နေ (ဦးတင်ရွှေ-ဒေါ်မြတင်)တို့၏ သမီး ကြီး၊ (ဦးကျော်ဟိန်း-ဒေါ်မြရီ)တို့၏ သမီးချွေးမ၊ ဦးငွေဌေး(ဒု-လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ စက်မှု-၁)၏ဇနီး၊ (ဦးဌေးဇင်-ဒေါ်တင်တင်အိ)၊ ဦးမောင်မောင်တိုး-ဒေါ်လှလှထွေး၊ ဒေါ်ခင်ဝင်းစိုး၊ ဒေါ်ခင်ဝင်းဌေး၊ဒေါ်ကြည်ကြည်ညွန့်တို့၏ အစ်မ၊ ဒေါ်သီတာဌေး(တရားလွှတ်တော်ရှေ့နေ)၊ ဦးဝံသ၊ ဦးမောင်မောင်အောင်သူ-ဒေါ်ဇင်ဖြူဖြူမောင်တို့၏ မွေးသမိခင်သည် ၂၅-၃-၂၀၂၂ ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၂၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အများသိစေရန်ကြေငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၆)၊ မြေကွက်အမှတ်-(၂၄၇) ဦးကျော်အုန်းအမည်ပေါက် ပါမစ်မြေမိတ္တူခြမ်းပေ(၂၀-၆၀)မြေကွက်အား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးထွန်းအောင်ကျော် (၁၂/ကမရ(နိုင်)၁၅၀၇၂၆)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

ရုံး/အိမ်(၀၉၃၀နာရီမှ ၁၆၃၀နာရီအတွင်း)
အမှတ် (၂)၊ ရဲရန်နိုင်လမ်း၊ (၃၆)ရပ်ကွက်
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း- (၀၉)- ၇၈- ၀၆၇- ၃၀၆၇

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်ထူးလှိုင်
အထက်တန်းရှေ့နေ
စဥ်- ၂၄၂၉၂

## ဗိုလ်မှူး စိန်လှမောင်(ငြိမ်း)၊ ကြည်း-၁၈၂၄၇
### DSA(25)
### မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
### အသက်(၆၁)နှစ်

မန္တလေးမြို့နေ(ဦးစိန်မောင်-ဒေါ်တင်မေ)တို့၏ သား၊ ဒေါ်ညိုညို၊ ဒေါ်ကျော့ကျော့စိန်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၂၉)ရပ်ကွက်၊ အောင်တံခွန် (၄)လမ်း၊ အမှတ် ၁၇၄နေ ဦးတင်ဖေ-(ဒေါ်အမာ)တို့၏သား သမက်၊ ဒုတိယ ဗိုလ်မှူးကြီး ငွေးလှိုင်(ငြိမ်း)-ဒေါ်သန်းသန်းအေး၊ ဗိုလ်ကြီး သန်းဦး(ငြိမ်း)(မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ဖြူဖြူဝင်း၊ ဦးတင်အောင်မိုး-ဒေါ်အေးအေးသန်း၊ ဗိုလ်ကြီးတင်အောင်တိုး(ငြိမ်း)-ဒေါ်ယဉ်ယဉ်မော် တို့၏ညီမ၊ အစ်မ ၊ ဒေါ်တင်တင်မိုး၏ ခင်ပွန်း၊ မဖူးမြတ်နေခြည်၏ ချစ်လှစွာ သောဖခင်ဖြစ်သူ ဗိုလ်မှူး စိန်လှမောင်(ငြိမ်း)သည် ၂၆-၃-၂၀၂၂ရက် နံနက် ၂နာရီတွင် နေပြည်တော်၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါ သဖြင့် ယင်းနေ့ မွန်းလွဲ ၂:၃၀နာရီတွင် တပ်မတော် စစ်သင်္ချိုင်းသို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။

ဗိုလ်မှူး စိန်လှမောင်(ငြိမ်း) ဆေးရုံတက်ရောက်ကုသစဉ် အထူးဂရုစိုက်စောင့်ရှောက်ပေးကြပါသော တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံနှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်တို့မှ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးဝန်ထမ်းများအား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူး စိန်လှမောင်(ငြိမ်း)
### D.S.A (25)
### အသက် (၆၁)နှစ်

သူငယ်ချင်း ဗိုလ်မှူး စိန်လှမောင်(ငြိမ်း)သည် ၂၆-၃-၂၀၂၂ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ် (၂၅)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

## ဒေါ်မြင့်မြင့် (စမ်းချောင်း)
### အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ ဦးဂွယ်လမ်း၊ အမှတ် (၁၁)၊ ၃လွှာနေ ဦးခင်စိုး(ညွှန်မှူး- ငြိမ်း၊ ရသုံးဦးစီးဌာန၊ စီမံဘဏ္ဍာ)၏ဇနီး၊ ဦးကိုကိုဦး-ဒေါ်စမ်းဝေဦး၊ ဦးစောဂျူးလိယက်စ် (EAI Organization)-ဒေါ်ဝင့်ရှုပါစိုး (PAIS School)၊ ဒေါက်တာ အိဖြူဇော် (HANA Microfinance)၊ ဒေါက်တာ ပြည့်ဖြိုးဇော် (M.B.,B.S)၊ ဒေါက်တာ ထင်ကျော်စိုး(M.B.,B.S)- ဒေါက်တာ ဝတ်ရည်စိုး (B.D.S)၊ မတင်မမ(Blue Stone Solution)တို့၏အဘွား၊ မောင်စောထူးဝေနိုင်၊ မောင်စောဉာဏ်မင်းထက်၊ မသံစဉ်ကိုကိုတို့၏ဘွားဘွားကြီး ဒေါ်မြင့်မြင့်သည် ၂၅-၃-၂၀၂၂ရက် (သောကြာနေ့) ည ၈နာရီတွင် အကယ်ဒမီဆေးရုံ၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၂၂ရက် (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မြင့်မြင့် (စမ်းချောင်း)
### အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း (တောင်)ရပ်ကွက်၊ ဦးဂွယ်လမ်း၊ အမှတ် (၁၁)၊ ၃လွှာနေ ဦးခင်စိုး(ညွှန်မှူး- ငြိမ်း၊ ရသုံးဦးစီးဌာန၊ စီမံဘဏ္ဍာ)၏ဇနီး၊ (ဦးလှဝေစိုး)-ဒေါ်လွင်လွင်စိုး၊ ဦးပြည်စိုး-ဒေါ်လှလှရွှေ (ဦးသက်မောင်ဦး-ဒေါ်ဆွေဆွေစိုး) လုမ္ဗိနီ (Express/Yangon Airways)၊ (ဦးကိုကိုဇော်-ဒေါ်သန်းသန်းဌေး)၊ ဦးအေးချို (ETO, CMA SHIPS SINGAPORE Pte. Ltd.)-ဒေါ်မြတ်မော်စိုး၊ ဦးဇေယျာမိုး-ဒေါ်မြတ်ဥမ္မာစိုး (TWJS Co.,Ltd.)တို့၏မွေးသမိခင်၊ မြေး ခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်မြင့်မြင့်သည် ၂၅-၃-၂၀၂၂ရက် (သောကြာနေ့) ည ၈နာရီတွင် အကယ်ဒမီဆေးရုံ၌ လူကြီး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၂၂ရက် (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်နုနုရီ
### မြန်မာ့စီးပွားရေးဘဏ် (၃)
### အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ (၈၇)လမ်း၊ အမှတ် (၂၄)၊ (၈)လွှာနေ (ဦးသောင်းကြည်)- ဒေါ်ခင်မေတို့၏သမီး၊ ဦးခင်ထွန်း-ဒေါ်စန်းစန်းဝင်း၊ (ဦးမျိုးသိန်း)၊ ဦးသိန်းထွန်း-ဒေါ်မာမာဝင်း၊ (ဦးသန်းဝင်း)၊ (ဦးခင်မောင်စိုး)၊ ဒေါက်တာ စောပြုံးနိုင်-ဒေါ်ခင်ဥမ္မာထွေးတို့၏အစ်မကြီး၊ ကိုတင်အောင်ဝင်း၊ မအိအိမင်း၊ မမေသဇင်တို့၏မိခင်၊ မောင်ဈာန်ရဲနိုင်၊ မအင်ကြင်းပွင့်အောင်တို့၏အဘွားသည် ၂၅-၃-၂၀၂၂ရက် (သောကြာနေ့) နံနက် ၄:၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/5092, Hino XZU 341 Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပိုးအိဖြူ ၅/မရန(နိုင်)၂၅၈၇၂၀ က (ကမ-၃) ပျောက် ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၂၃၂၉၃, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းနိုင်ဦး ၆/မအရ(နိုင်)၀၉၇၈၉၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### အမည်ပြောင်း

မြိတ်မြို့၊ ရေပုန်းရပ်၊ ငြိမ်းချမ်းရေး(၅)လမ်း၊ အိမ်အမှတ် (၂၄၇)နေ ဦးဟုတ်ရီ၏သမီး မအေးဖြိုးသူအား ယနေ့မှစ၍ မဖြူစင်သွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဖြူစင်သွန်း**

### ဖခင်အမည်မှန်

ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ယိုးဒယားတက် အထကမှ ကျောင်းဝင်အမှတ် (၅၂၃၄) ဖြစ်သူ မောင်ကြယ်စင်ထွဋ်၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းစိုးနိုင် ၁၄/ကကန(နိုင်)၀၉၉၆၇၂ ဖြစ်ပါကြောင်း။ **ဦးဇော်လင်းစိုးနိုင်**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရွှေဘိုမြို့နယ်၊ ပဂိုးကုန်းကျေးရွာနေ ကျွန်မ၏သား မောင်ကျော်နိုင်ဦး ၅/ရဘန(နိုင်)၁၅၅၆၃၈ သည် အမေမုဆိုးမဖြစ်သူ၏ တရားသဖြင့် ဆိုဆုံးမမှုကို မလိုက်နာသည့်အပြင် ကျွန်မအား စိတ်ဆင်းရဲစေရန် အမျိုးမျိုးလုပ်ဆောင်နေပါသဖြင့် ၎င်းအား ဤကြော်ငြာပါသည့် ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဒေါ်တင်ကြည်**
**၅/ရဘန(နိုင်)၁၃၇၇၉၈**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်နေ ဦးကျော်မြင့် ၁၄/ညတန(နိုင်)၀၃၆၅၁၃ -ဒေါ်သန်းသန်းဌေး ၁၄/ညတန(နိုင်)၀၃၆၅၁၂ တို့၏သား မောင်ခန့်ဇော်လတ် ၁၂/ထတပ (နိုင်)၁၀၄၂၇၉ သည် ၁-၄-၂၀၂၁ရက်မှစ၍ မိဘများ၏ ဆိုဆုံးမမှုအား နာခံမှုမရှိဘဲ နေအိမ်မှ ထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်မြင့်-ဒေါ်သန်းသန်းဌေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးမှာ လူလူချင်း လေးစားခြင်း၊ တန်ဖိုးထားခြင်းဟာ အရေးကြီးဆုံးအချက်ဖြစ်ပါတယ်။ နိုင်ငံရှိမှလည်း နိုင်ငံသားတို့ရဲ့ ရပိုင်ခွင့်ကို တောင်းဆိုနိုင်ပါတယ်။ နိုင်ငံပျက်သုဉ်းသွားသော်လည်းပဲ နိုင်ငံသားတစ်ဦးချင်းရဲ့ ရပိုင်ခွင့်ကို ကာကွယ်နိုင်တဲ့ နမူနာမျိုး ကမ္ဘာမှာ မရှိသေးပါဘူး။ အဖျက်အမှောင့်၊ အနှောင့်အယှက်များ ကင်းဝေးမှသာ နိုင်ငံသားအခွင့်အရေးကို တောင်းဆိုနိုင်မှာပါ။**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က (၁) နှစ်ပြည့် နိုင်ငံတော် တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အီဂျစ်အသင်း အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်တွင် ဆီနီဂေါအသင်းကို အနိုင်ရရှိ

အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်မှ အီဂျစ်အသင်းနှင့် ဆီနီဂေါအသင်းတို့ ပွဲစဉ်ကို မတ် ၂၆ ရက် နံနက်ပိုင်းက ကာရီယိုကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ အီဂျစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်သည် ဆီနီဂေါအသင်းအနိုင်ရရှိခဲ့သည့် အာဖရိကနိုင်ငံများဖလား ဗိုလ်လုပွဲစဉ်ပြီးနောက် ဒုတိယအကြိမ် ပြန်တွေ့သည့် ပွဲစဉ်ဖြစ်သည်။

လီဗာပူးတိုက်စစ်မှူး နှစ်ဦးဖြစ်သည့် ဆာလာနှင့် မာနေးတို့၏ အားပြိုင်မှုကို မြင်တွေ့ရပြီး အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှု၊ ဂိုးကန်သွင်းမှုများဖြင့် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ ပွဲချိန်လေးမိနစ်တွင် ဆီနီဂေါအသင်းမှ ဆစ် ကိုယ့်ဂိုးကိုယ် သွင်းယူမိသလိုဖြစ်ခဲ့၍ အီဂျစ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ထို့နောက်တွင် ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် အီဂျစ်အသင်းက *စာမျက်နှာ ၁၆ ကော်လံ ၁* ●





ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ DENKO စက်သုံးဆီအရောင်းဆိုင်အား အကြမ်းဖက်သမားများ ဖျက်ဆီးထားသည်ကို တွေ့ရစဉ်။

## ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ DENKO စက်သုံးဆီအရောင်းဆိုင်နှင့် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းပေါ်ရှိ မြမေတ္တာမွန်စက်သုံးဆီ အရောင်းဆိုင်တို့အား အကြမ်းဖက်သမားများက သေနတ်ပစ်ဖောက် ခြိမ်းခြောက်လုယက်၍ မီးရှို့ဖျက်ဆီး

**နေပြည်တော် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ DENKO စက်သုံးဆီ အရောင်းဆိုင်သို့ အကြမ်းဖက်သမား ခြောက်ဦးက မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ပစ်ဖောက် ခြိမ်းခြောက်ကာ ဆီရောင်းချငွေ ကျပ်သိန်း ၆၀ ကို လုယက်ယူဆောင်၍ ဆီပန့်များအား လက်ပစ်ဗုံးဖြင့်ဖောက်ခွဲကာ မီးတုတ်များဖြင့် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၅ ရက် ည ၈ နာရီ ၁၀ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) *စာမျက်နှာ ၁၆ ကော်လံ ၁* ▼


ယနေ့ သတင်းအညွှန်း

ကာကွယ်ဆေးထိုးပြီးခရီးသည်များအတွက် အသွားအလာစောင့်ကြည့် ကန့်သတ်မှု စင်ကာပူ ဖြေလျှော့ပေးမည် — နိုင်ငံတကာသတင်း စာ - ၁၇

မတ် ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၅ ဦး တွေ့ရှိ — ပြည်တွင်းသတင်း စာ - ၁၈

TikTok က မြန်မာဖန်တီးသူသုံးဦးနှင့်ပူးပေါင်း၍ ဒစ်ဂျစ်တယ် အသိပညာစင်တာကို စတင်မိတ်ဆက်ထား — နည်းပညာနှင့်သတင်းအချက်အလက် စာ - ၂၂

# မြန်မာ့အလင်း

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

၂၀၂၂ ခုနှစ်၊ မတ် ၂၇ ရက်၊ တနင်္ဂနွေနေ့



# ၇၇ နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။

## မွန်မြတ်သည့် စိတ်ရင်းစေတနာနှင့် လုပ်ဆောင်နေ

တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှသည် တပ်မတော်အတွက် မဟုတ်ဘဲ အမိနိုင်ငံနှင့် တိုင်းရင်းသား ပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး အချုပ်အခြာ အာဏာပိုင်ဆိုင်သည့် နိုင်ငံနှင့် လူမျိုးအဖြစ် ကမ္ဘာ့အလယ်တွင် ဆက်လက်ရပ်တည်သွားနိုင်ရေး ကိုယ်ကျိုးမငဲ့ မွန်မြတ်သည့် စိတ်ရင်းစေတနာနှင့် လုပ်ဆောင်နေခြင်းဖြစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်

# ချီလေသည့် တပ်မတော်

**မင်းခေါင်**

လတပေါင်း၏ တောက်ပသော ထွန်းသစ်စ နေရောင်ခြည်အောက်တွင် ဂျီ - ၃၊ ဂျီ - ၄ သေနတ်ထိပ်ဖျားမှ လှံစွပ်များသည် တလက်လက် တဖျပ်ဖျပ် လင်းလက်နေသည်။

"မျိုးမြန်မာပြည်ရွာ၊ တို့စောင့်ရှောက်ဖို့ပါ။ သေပစေလည်း မကြောက်ပါ။ ရင်မြေ ကတုတ်ပမာ"

"ဖန်နေဝန်းသို့ချီ၊ ထွန်းလင်းပြောင်ပေသည်။ ဒါတို့တိုင်းပြည် တို့ပြည်တို့ကာကွယ်မည်။ ထူးမြတ်တဲ့ တို့တိုင်းပြည်၊ တိုင်းရင်းသား ငါတို့လူမျိုး ပိုင်ရမည်"

"ဗမာပြည်ကာကွယ်မည်၊ တပ်မတော်ချီလာပြီ။ သေသည်ရှင်သည် တို့မမှုတော့သည်။ အာဇာနည်ပီပီ၊ တိုက်ဖို့လိုက်ခဲ့သည်၊ ဗမာပြည် ဗမာပြည် သွေးနဲ့နှီးခဲ့သည်"

"မိုးတွေကလည်း မစဲဘဲ ရွာသွန်းတယ်။ မြစ်ချောင်းအင်းအိုင် ရေတွေပြည့်လို့ ငါတို့တိုက်ရတယ်။ ဘယ်မှာလဲ အိပ်ရတယ်ရှိလိမ့်မယ်။ အမြဲတမ်း ချီတက်လို့သာ တိုက်ခိုက်နေရတယ်"

ကြည်း၊ ရေ၊ လေ တပ်မတော် စစ်ကြောင်းများက တစ်သုတ်ပြီး တစ်သုတ် ညီညာဖြိုဖြိုး ချီတက်နေကြသည်။

"မျိုးမြန်မာပြည်ရွာ"၊ "ဖန်နေဝန်း"၊ "ဗမာပြည် ကာကွယ်မည်"၊ "တူယှဉ်ကာ တိုက်စို့" စသည့် စစ်ကြောင်းများအလိုက် သံပြိုင်သီဆိုသွားကြသည့် စစ်ချီတေးသံများကလည်း ဝန်းကျင်တစ်ခိုပွဲတင်ထပ်မျှဟိန်းထနေသည်။ လမ်းဘေးဝဲယာတစ်လျှောက်မှာတော့ ပြည်သူလူထုကြီးက ရှေ့ကိုတိုးမပေါက်အောင် လူတန်းကြီးက အထပ်ထပ်။ တပ်မတော်သားတို့၏ လည်ပင်းမှာလည်း စံပယ်၊ ခရေစသည့် ပန်းကုံးများကလည်း အထပ်ထပ်၊ လက်ထဲမှာလည်း သပြေညို၊ အောင်သပြေပန်းတွေနှင့်။

အချိန်ကာလက ၁၉၈၄ ခုနှစ် မတ် ၂၇ ရက် (တပ်မတော်နေ့)။ ရန်ကုန်မြို့ မိုင်ဒါကွင်းမှ တော်လှန်ရေးပန်းခြံသို့ တပ်မတော်စစ်ကြောင်းများ စစ်ရေးပြချီတက်မှုကို ကြည့်ရှုဖို့အရေး စာရေးသူတို့ သူငယ်ချင်းများသည် မတ် ၂၆ ရက် ညကတည်းက စမ်းချောင်းမြို့နယ်နေ သူငယ်ချင်းတစ်ဦး၏ အိမ်တွင် ညအိပ်စောင့်ဆိုင်းခဲ့ကြရသည်။

ရန်ကုန်မြို့ ဦးဝိစာရလမ်းအတိုင်း တစ်သုတ်ပြီးတစ်သုတ် ချီတက်လာသော တပ်မတော်စစ်ကြောင်းများသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ မိန့်ခွန်းကိုနာခံရန် တော်လှန်ရေး ပန်းခြံအတွင်းသို့ ဝင်ရောက်သွားကြသည်။

**"တပ်မတော်အစိုးရ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အခင်းအကျင်းများနှင့်အတူ ပေါ်ပေါက်လာသော ပထမအကြိမ် ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သည် နိုင်ငံတကာအလယ်တွင် မျက်နှာပန်းလှခဲ့သည်။ တပ်မတော်အစိုးရခေတ်က အစပျိုးခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအရလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် NCA စာချုပ်တွင် သမိုင်းဝင် လက်မှတ်ရေးထိုးနိုင်ခဲ့ပေသည်"**



(၇၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြသည့် စစ်ကြောင်းကြီးများ။

**တပ်မတော်၏ချီလေသည့် ချီလေခရီးစဉ် ပြီးဆုံးမည်မဟုတ်**

တပ်မတော် စစ်ကြောင်းများ၏ တပ်မတော်နေ့ စစ်ရေးပြချီတက်မှု အခမ်းအနားအစီအစဉ်က ဤတွင် ပြီးဆုံးသွားခဲ့သော်လည်း မျိုးချစ်မြန်မာ့တပ်မတော်၏ ချီလေသည့် ချီလေခရီးစဉ်ကား ဘယ်သောအခါမျှ ပြီးဆုံးရပ်တန့်သွားလိမ့်မည်မဟုတ်ပါ။ တစ်ခုသော လတပေါင်းမှ ပြန်ပြောင်းမှ အမှတ်ရစရာတို့မှသည် ချီလေသည့် တပ်မတော်၏ အတိတ်၊ ပစ္စုပ္ပန်ခရီးကို လှမ်းမျှော်ကြည့်မိလေသည်။

"ကျွန်ုပ်တို့သည် ယနေ့မှစ၍ အသက်ကိုစွန့်လျက် မကြောက်မရွံ့၊ မတွန့်မဆုတ်၊ အရိုးကြေကြေ၊ အရည်ခန်းခန်း တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်မည်ဟု သစ္စာအဓိဋ္ဌာန်ပြုပါ၏" ဟူသော ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ယိုးဒယား (ထိုင်း)နိုင်ငံ ဘန်ကောက်မြို့၌ ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း) အမှူးပြုသော ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)၏ ပထမအကြိမ် လက်မောင်းသွေးဖောက်၍ သွေးသစ္စာပြုပွဲကြီးနှင့် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ရဲဘော်သုံးကျိပ်ဝင်အားလုံး၏ ဒုတိယအကြိမ် လက်မောင်းသွေးဖောက် သွေးသစ္စာပြုပွဲမှစ၍ ချီလေသည့် တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ယခုတိုင် မမောနိုင် မပန်းနိုင် ဆက်လက်ချီတက်နေစမြဲပင်။

အတိတ်ကာလတွင် တပ်မတော်သည် နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝရောက်ခဲ့ရသည့် အမိနိုင်ငံတော်၏ လွတ်လပ်ရေးအတွက် နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ရလေသည်။

လွတ်လပ်ရေး ရပြန်တော့လည်း လွတ်လပ်ရေး၏ ဖွားဖက်တော်အဖြစ် ပေါ်ပေါက်လာသော ဆူပူသောင်းကျန်းမှုရန်ကို ကာကွယ်ရပြန်သည်။ ကွန်မြူနစ်တို့က လက်နက်စွဲကိုင် ပုန်ကန်ကြသည်။ ရဲဘော်ဖြူတို့က တောခိုသည်။ လက်နက်ကိုင် ကေအင်ဒီအိုတို့က ပါလီမန်အစိုးရအား အတိအလင်း ပုန်ကန်ခြားနားကြပြန်သည်။

ဝန်ကြီးချုပ်ဦးနု ခေါင်းဆောင်သော ပါလီမန်အစိုးရဖဆပလသည် ပြည်တွင်းစစ်ကို ရှောင်ရှားနိုင်ရန် ဒီမိုကရေစီနည်းလမ်းအရ ကွန်မြူနစ်များနှင့် စေ့စပ်ဆွေးနွေးနိုင်ရန် နုမူ ၁၄ ချက်ကိုတင်ပြ၍ ဖိတ်ခေါ်သည်။ ဗြိတိသျှလေဘာပါတီအစိုးရ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဘီဗင်က မြန်မာပြည်အပေါ်ထားခဲ့သော ဗြိတိသျှအစိုးရ၏ သဘောထားကို ပြောင်းရလိမ့်မည်ဟု ခြိမ်းခြောက်သည်။ ပြည်သူ့ရဲဘော်အဖွဲ့ကြီးလည်း ရဲဘော်ဖြူ၊ ရဲဘော်ဝါဟူ၍ နှစ်ပိုင်းကွဲထွက်သွားသည်။ ရဲဘော်ဖြူတို့ တောခိုသွားကြသည်။

ကေအင်ဒီအိုခေါင်းဆောင် စောဘဦးကြီးက ဝန်ကြီးချုပ် သခင်နုနှင့်တကွ ဖဆပလခေါင်းဆောင်များကို သူတို့အတွက် စိတ်မပူရန် ကတိတွေ အမျိုးမျိုးပေးခဲ့သည်။ သို့ရာတွင် ၁၉၄၈ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် သထုံခရိုင် တစ်ခုလုံး ကေအင်ဒီအိုများ၏ လက်အောက်သို့ ကျရောက်သွားပြီး ကော်သူးလေ အစိုးရဟူ၍ ဖွဲ့စည်းတည်ထောင်ကြတော့သည်။

ကေအင်ဒီအိုတို့သည် လက်နက်ကိုင်ပြီး မြို့သိမ်းခြင်း၊ ငွေတိုက်ဖောက်ခြင်းတို့အပြင် အပြစ်မဲ့ပြည်သူများကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ၁၉၄၉ ခုနှစ် မေလတွင် ပဲခူးခရိုင် ဆိတ်ပျံကြီးရွာတွင်

*အချပ်ပို (၇)သို့*



တပ်မတော်(လေ)၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင်လေတပ်စခန်း၌ာနချုပ်၌ပြုလုပ်စဉ်။ (၁၅-၁၂-၂၀၂၁ ရက်)

*အချပ်ပို (ခ)မှ*

အမျိုးသား ၁၅၇ ဦးတို့အား တစ်နေရာတွင် စုဝေးစေပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်လိုက်ကြသည်။ တစ်ရွာလုံးမုဆိုးမဖြစ်ခဲ့ရသည်။ အလားတူ ကျောက်တံခါးမြို့နယ်အတွင်းရှိ ရွာများတွင် ယောကျ်ားမှန်သမျှ သတ်ဖြတ်ခဲ့ကြသည်။ ဖြူးမြို့နယ်တွင်လည်း မြို့သူမြို့သား ၂၀၀၀ ကျော်ကို မြို့ပြင်သို့ ခေါ်သွားပြီး အမျိုးသမီးများကို မတရားပြုကျင့်သတ်ဖြတ်၍ အမျိုးသားများကို သေနတ်နှင့်ပစ်သတ်ရုံမက ဓားနှင့်ပါ ခုတ်သတ်ခဲ့ကြသည်။ ကလေးပင် မချန်ပေ။

ဖဆပလအစိုးရ အာဏာစက်သည် ရန်ကုန်၊ ပဲခူး၊ သာစည်၊ စစ်ကိုင်း၊ ရွှေဘို၊ မြစ်ကြီးနားနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ အနည်းငယ်မျှသော ခရိုင်မြို့ကြီးများသာ ကျန်ရှိတော့သည်။ မော်လမြိုင်၊ သထုံ၊ ညောင်လေးပင်၊ တောင်ငူ၊ မိတ္ထီလာ၊ မန္တလေး၊ ပခုက္ကူ၊ မြင်းခြံ၊ ရေနံချောင်း၊ မင်းဘူး၊ မကွေး၊ ပြည်နှင့် မြစ်ဝကျွန်းပေါ်မှ မြို့ကြီးအချို့မှာ သူပုန်တို့၏ လက်ထဲမှာ။

### ပြည်ထောင်စုမပြိုကွဲရေး အသက်သွေး၊ ချွေးမြောက်မြားစွာပေးဆပ်

တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ မဆုံးရှုံးစေရေးအတွက် အသက် ၊ သွေး၊ ချွေးပေါင်း မြောက်မြားစွာကိုပေးဆပ်၍ ပြည်ထောင်စုအလံတော်ကို လေ့ခွက်ချည်းကျန် အလံမလှဲစေရန် ဟိုတစ်ကွက်၊ သည်တစ်ကွက် ကြံ့ကြံ့ခံခဲ့ကြသည်။

ထိုမှတပြီး ရန်သူနှင့်နှိုင်းယှဉ်ပါက အရေအတွက်အားဖြင့် အဆပေါင်းနည်းပါးရုံမက ကျည်ဆန်ခဲယမ်း၊ မီးကျောက်တို့ကို တစ်တောင့်ချင်းလက်ချိုးရေတွက်ပြီး တိုက်ခိုက်နေရသည့် ထိုတပ်မတော်သည် ရောင်စုံသူပုန်ရန်သူမျိုးစုံတို့အား အကြိတ်အနယ်ပြန်လည်ခုခံခဲ့ရာမှ တစ်စတစ်စဖြင့် တန်ပြန်ထိုးစစ်ကို ဆင်နွှဲခဲ့သည်။

၁၉၄၉ – ၁၉၅၀ ခုနှစ်အတွင်းမှာပင် ရန်သူတို့လက်မှ မိတ္ထီလာ၊ မေမြို့(ပြင်ဦးလွင်)၊ အင်းစိန်၊ မန္တလေး၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ရေနံချောင်း၊ တွံတေး၊ သထုံ၊ မလှိုင်၊ သာယာဝတီ၊ လက်ပံတန်း၊ လားရှိုး၊ သိန္နီ၊ လှိုင်လင်၊ သုံးခွ၊ ခရမ်း၊ ညောင်တုန်း၊ တောင်ကြီး၊ ဓနုဖြူ၊ စာဘူးတောင်း၊ ကျောက်ပန်းတောင်း၊ ကွမ်းလုံ၊ ပွဲ့နတ်ဆာ၊ ညောင်လေးပင်၊ ဖြူး၊ တောင်ငူမြို့တို့ကို တပ်မတော်သားများ၏ အသက်၊ သွေးပေါင်းများစွာ ပေးဆပ်၍ တစ်မြို့ပြီးတစ်မြို့ ပြန်လည်သိမ်းယူခဲ့ရလေသည်။

ချီလေသည့် တပ်မတော်သည် ပြည်တွင်းရန်ကို ထိုသို့ တစ်ဖက်ကရင်ဆိုင်တိုက်ခိုက်နေရင်း တရုတ်ဖြူတပ်များ၏ ပြည်ပကျူးကျော်မှုကို တွန်းလှန်တိုက်ခိုက်ရန် ရှမ်းရိုးမတောအထပ်ထပ်တောင်အသွယ်သွယ်သို့ ဆက်လက်ချီတက်ရပြန်ပါသည်။

အမေရိကန်၏ အထောက်အပံ့သာမက အနောက်နိုင်ငံ စာနယ်ဇင်းမီဒီယာများ၏အားပါ ရယူနိုင်ခဲ့သော တရုတ်ဖြူတပ်များကို မြန်မာ့တပ်မတော်သည် တပ်မဟာများကိုပေါင်း၍ တပ်မအဆင့်ဖြင့် လည်းကောင်း၊ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များနှင့် အတူပူးပေါင်း၍ လည်းကောင်း နဂါးနိုင်၊ ဘုရင့်နောင်၊ ရန်ကြီးအောင်၊ မဲခေါင် စသောစစ်ဆင်ရေးတို့ဖြင့် ဆက်တိုက်ဆင်နွှဲကာ မြန်မာ့မြေပေါ်မှ တွန်းလှန်တိုက်ခိုက်ခဲ့ရပြန်ပါသည်။

ချီလေသည့် တပ်မတော်သည် နိုင်ငံတော်၏ ကာကွယ်ရေးသာမက ဖဆပလအဖွဲ့ကြီး၏ အကွဲအပြဲကြောင့် ၁၉၅၈ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ ၁၉၆၀ ပြည့်နှစ် ဧပြီ ၃ ရက်အထိ နိုင်ငံတော်၏တာဝန်များကို အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူခဲ့ရပြန်ပါသည်။

တပ်မတော်သည် အိမ်စောင့်အစိုးရ တာဝန်ရယူစဉ်ကာလအတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အထွေထွေရွေးကောက်ပွဲကျင်းပရန် လိုအပ်သော အခြေအနေများနှင့် အခင်းအကျင်းများဖြစ်ပေါ်စေရေး၊ တရုတ်–မြန်မာနယ်ခြား နယ်နိမိတ်သတ်မှတ်ရေး၊ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ပုံမှန်စည်းကမ်းတကျရှိစေရေး စသည်တို့ကို အာရုံစိုက်ဆောင်ရွက်ခဲ့ပေသည်။

ထို့အပြင် ၁၉၄၉–၅၀ ခုနှစ် ဝန်းကျင်ကတည်းက နယ်မြို့များမှ ရန်ကုန်မြို့သို့ စစ်ဘေးရှောင်ရင်း ကျူးကျော်ရပ်ကွက်များတွင် ဆင်းရဲချို့တဲ့စွာ အခြေချနေထိုင်ခဲ့ကြရသည့် ပြည်သူများ အဆင်ပြေပြေနေထိုင်နိုင်ရန် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတမြို့သစ်များကို တည်ဆောက်ပေးခဲ့ပြန်သည်။ တပ်မတော်သားများနှင့် စစ်သမီးတို့က မြို့သစ်တည်ဆောက်ရေးလုပ်ငန်းခွင်တို့၌သာမက ရန်ကုန်မြို့ကြီးသန့်ရှင်းသာယာလှပရေးအတွက်လည်း လုပ်အားပေး ပါဝင်ခဲ့ကြသည်။

၁၉၅၈ ခုနှစ်က အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ယူစဉ်ကပင် တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲကျင်းပပေးရန် ကတိပြုခဲ့သည့်အတိုင်းပင် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီ ၆ ရက်တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ခြင်းဖြင့် အိမ်စောင့်အစိုးရ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။

### နိုင်ငံတော်တာဝန်ပေးထားသည့် ကတိအတိုင်း ကျေပွန်စွာထမ်းဆောင်

သမိုင်းဝင် တရုတ်–မြန်မာနယ်နိမိတ်စာချုပ်ကိုလည်း ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီ ၂၈ ရက်တွင် အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့လေသည်။ ထိုသို့နိုင်ငံတော်၏ တာဝန်ကို ပေးထားသည့်ကတိအတိုင်း ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့၍ ပြည်သူကလည်း တပ်မတော်ကို ယုံကြည်အားကိုးခဲ့ကြသည်။

၁၉၆၀ ပြည့်နှစ် ဒုတိယအကြိမ် ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သခင်နု ဦးဆောင်သော သန့်ရှင်းဖဆပလက အနိုင်ရသည်။ သန့်ရှင်းဖဆပလကို ပြည်ထောင်စုပါတီအမည်ဖြင့် ပြန်လည်ဖွဲ့စည်းသည်။ သို့ရာတွင် ဦး၊ ဗိုလ်၊ သခင်အုပ်စု ကွဲပြန်သည်။

ဝန်ကြီးချုပ်ဦးနု အစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခဲ့သဖြင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ကချင်၊ ကရင်၊ ချင်းတိုင်းရင်းသားများနှင့် အခြားဘာသာဝင် လူနည်းစုတို့က မကျေမနပ်ဖြစ်ခဲ့ကြရာမှ ကေအိုင်အေ လက်နက်ကိုင် ပုန်ကန်မှုအသစ်တစ်ခု ထပ်တိုးလာသည်။ ရှမ်းစော်ဘွားများနှင့် ပြည်နယ်အချို့ကလည်း ဖက်ဒရယ်မူကို အကြောင်းပြ၍ ပြည်ထောင်စုမှခွဲထွက်ရန် ကြံစည်လှုပ်ရှားလာကြပြန်သည်။ သို့နှင့် ၁၉၆၂ ခုနှစ် မတ် ၂ ရက်တွင် တပ်မတော်သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူခဲ့ရပြန်သည်။

တော်လှန်ရေးကောင်စီအစိုးရသည် ပါလီမန်ဒီမိုကရေစီစနစ်နှင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အားနည်းချက်များကို ရှောင်ရှားဖယ်ခွာနိုင်ရန် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲအတည်ပြု၍ နိုင်ငံတော်ကို ခေတ်ကာလအခြေအနေအရ လိုက်လျောညီထွေဖြစ်နိုင်မည်ဟု ယူဆထားသည့် ဆိုရှယ်လစ်လမ်းစဉ်အတိုင်း လျှောက်လှမ်းခဲ့ပေသည်။ သို့ရာတွင် တိုင်းပြည်အတွင်း ပေါ်ပေါက်လာသည့် အထွေထွေအကျပ်အတည်းများကြောင့် ၁၉၈၈ ခုနှစ်တွင် ၈၈ အရေးအခင်းကြီးနှင့်အတူ လူထုဒီမိုကရေစီ တောင်းဆိုမှုများပေါ်ပေါက်လာခဲ့သည်။

၈၈ လူထုဒီမိုကရေစီအရေးတောင်းဆိုမှုသည် ကနဦးကာလတွင် ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုခဲ့ရာမှ တစ်စတစ်စခေါင်းဖြတ်လူသတ်၊ လုယက် အကြမ်းဖက်မှုများဖြင့် ထိန်းမနိုင် သိမ်းမနိုင်ဖြစ်ပေါ်လာသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရက သုံးလအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးပါမည်ဟူ၍ လိုက်လျောပေးသည့်တိုင် နိုင်ငံရေးသမားများနှင့် ဆူပူအကြမ်းဖက်လိုသူများက ကြားဖြတ် အစိုးရဖွဲ့စည်းရန်သာ ရာဇသံပေးခဲ့ရုံမက မြန်မာ့သမိုင်းစဉ်တွင် အစဉ်အလာကြီးမားခဲ့သော တပ်မတော်ကို ဖြိုခွဲရန် ကြိုးပမ်းလာကြရုံမက လူအုပ်စုဖြင့် အကြမ်းဖက်၍ ရန်ပြုလာကြသည်။ ရန်ကုန်မြို့ ကုန်သွယ်ရေးရုံးအတွင်း လုံခြုံရေးတာဝန်ကျတပ်စုကို လူအုပ်ဖြင့် ဝိုင်း၍လက်နက်များ သိမ်းယူခဲ့ကြသည်။

တစ်ဖက်မှာလည်း ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ကေအင်ယူတို့က တပ်မတော်၏ မိုင်းယန်းနှင့် မဲသဝေါ စခန်းများကို အင်အားအလုံးအရင်းဖြင့် တိုက်စစ်ဆင်ခဲ့ကြသည်။

ဤသို့ဖြင့် နိုင်ငံတစ်ဝန်းလုံး အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေအရပ်ရပ်ကို အချိန်မီထိန်းသိမ်းနိုင်ရန် တပ်မတော်သည် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် နိုင်ငံတော်၏ အာဏာအဝဝကို ဒုတိယအကြိမ် လုံးဝတာဝန်ယူခဲ့ရပြန်ပါသည်။

### လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရ လက်ထက်တွင် နိုင်ငံတကာ၏ ပိတ်ဆို့မှုများကြားမှ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်အတွက် လိုအပ်နေသည့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံ အရပ်ရပ်ကို ကဏ္ဍအလိုက် အကောင်အထည်ဖော်တည်ဆောက်ခဲ့သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတား၊ ဆည်မြောင်း တာတမံများ၊ လေယာဉ်ကွင်းများ၊ တက္ကသိုလ်များ စသဖြင့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့သည်။ လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူနိုင်ခဲ့၍ နိုင်ငံတစ်ဝန်းငြိမ်းချမ်းသာယာလာခဲ့သည်။

နိုင်ငံရေး လုပ်ငန်းစဉ်များအဖြစ် ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်(Road Map) ချမှတ်ကာ အမျိုးသားညီလာခံပြန်လည်ကျင်းပခြင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲခြင်း၊ အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း၊ လွှတ်တော်မှ ရွေးကောက်ပွဲတင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ခြင်းတို့ကို တပ်မတော်အစိုးရသည် ကဏ္ဍအလိုက် စနစ်တကျကြိုးပမ်းဆောင်ရွက်ခဲ့လေသည်။

တပ်မတော်အစိုးရ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အခင်းအကျင်းများနှင့်အတူ ပေါ်ပေါက်လာသော ပထမအကြိမ် ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သည် နိုင်ငံတကာအလယ်တွင် မျက်နှာပန်းလှခဲ့သည်။ တပ်မတော်အစိုးရခေတ်က အစပျိုးခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအရလည်း

*အချပ်ပို (ဃ)သို့*



(၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ယန္တရားစစ်ကြောင်း ချီတက်စဉ်။

**“မြန်မာ့လွတ်လပ်ရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေးပေါင်းမြောက်မြားစွာပေးဆပ်၍ အပင်ပန်း အဆင်းရဲခံခဲ့သော တပ်မတော်၏ ချီလေသည့် ခရီးစဉ်သည် ယခုဆိုလျှင် စိန်ရတုအလွန်ကာလသို့ပင် ကျော်လွန်ဖြတ်သန်းရင်း ၇၇ နှစ်တိုင် တိုင်ခဲ့လေပြီ”**






(၇၄)နှစ်မြောက် တပ်မတော်(ရေ)နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်)နှင့် စစ်ရေယာဉ်များကို တွေ့ရစဉ်။ (၂၄-၁၂-၂၀၂၁ရက်)

*အချပ်ပို (ဂ)မှ*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် NCA စာချုပ်တွင် သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပေသည်။

ဒုတိယအကြိမ် ဒီမိုကရေစီအစိုးရသက်တမ်းကာလတွင်မူ မူလအာဃာတအငြိုးအတေးများကြောင့် အရပ်ဘက်-တပ်ဘက် ဆက်ဆံရေးသည် အဖုအထစ်များ ပေါ်ပေါက်လာသည်။ တပ်မတော်သည် စည်းကမ်းပြည့်ဝသောအဖွဲ့အစည်းပီပီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စည်းကမ်းဘောင်အတွင်း၌ ရပ်တည်ခဲ့သည်။ ဘောင်မကျော်ခဲ့ချေ။

သို့သော် ဒီမိုကရေစီအရေး အကြောင်းပြပြီး အာဏာင်နီး ဖမ်းနေကြသူများသည် ဆိုရှယ်မီဒီယာအပါအဝင် နည်းလမ်းအမျိုးမျိုးသုံး၍ တပ်မတော်ကို ပုတ်ခတ်စော်ကားလာကြသည်။ ငြိမ်းချမ်းရေးဘောလုံးပွဲအမည်ခံကျင်းပပြီး တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုနှစ်စုကြားတွင် ကလေးသူငယ်များကလက်အုပ်ချီတောင်းပန်နေသည့် ပါဖော့မတ်ကို သရုပ်ပြသရင်း တပ်မတော်နှင့်ပြည်သူကို သွေးခွဲခဲ့ကြသည်။

တကယ်တော့ မြန်မာနိုင်ငံ၏ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခသည် တပ်မတော်က စခဲ့သည်မဟုတ်။ လွတ်လပ်စ ပါလီမန်ဒီမိုကရေစီအစိုးရခေတ်ကတည်းက လွတ်လပ်ရေး၏ ဖွားဖက်တော်အဖြစ် ပေါ်ပေါက်လာခဲ့သော သမိုင်းကြွေးတစ်ခုသာဖြစ်သည်။ တပ်မတော်သည် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် အသက်၊ သွေး၊ ချွေးပေါင်း မြောက်မြားစွာပေးဆပ်၍ တရားသောစစ်ကိုဆင်နွှဲနေရခြင်းသာဖြစ်သည်။

ထိုသို့ အရပ်ဘက်-တပ်ဘက် ဆက်ဆံရေး လိပ်ခဲတည်းလည်းအခြေအနေဖြင့် ၂၀၂၀ ပြည့်နှစ် တတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပချိန်ရောက်လာသည်။ အများသိကြသည့်အတိုင်းပင် ရွေးကောက်ပွဲ မသမာမှု အရှုပ်အထွေးများ ပေါ်ပေါက်လာသည်။ တပ်မတော်က တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် အာဏာရပါတီအား မဲစာရင်းမှားယွင်းမှုများနှင့် မဲမသမာမှုများကို တရားဝင်ရှင်းလင်းပေးရန် တောင်းဆိုသည်။ အာဏာရပါတီက ပြဿနာများကိုမဖြေရှင်းဘဲ ပြဿနာတန်းလန်းနှင့် လွှတ်တော်ကို ဇွတ်ခေါ်၍ အစိုးရသစ်တစ်ရပ် ဖွဲ့စည်းရန် လုပ်ဆောင်လာခဲ့သည်။ ဤသို့ဖြင့် တပ်မတော်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်၏ တာဝန်ကို ထပ်မံထိန်းသိမ်းခဲ့ရပြန်ပါသည်။

## ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအိမ်စောင့်အစိုးရသည် "တစ်နိုင်ငံလုံးထာဝရ ငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်သွားမည်"၊ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"ဟူသည့် လုပ်ငန်းစဉ်များအပါအဝင် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ချီလေသည့် တပ်မတော်၏ ခရီးလမ်းကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ထိုထိုသော သမိုင်းအစဉ်အလာ သာဓကများကို တွေ့မြင်နိုင်မည်ဖြစ်သော်လည်း နိုင်ငံကြီးများသည် ပထဝီနိုင်ငံရေးအရလည်းကောင်း၊ ကိုယ်ကျိုးစီးပွားများအရလည်းကောင်း၊ မသိကျိုးကျွန်ပြုမမြင်ဟန်ဆောင်၍ မြန်မာနိုင်ငံကို အဘက်ဘက်မှ ဖိအားပေးလုပ်ဆောင်နေကြသည်။ ပြည်တွင်းပုဆိန်ရိုးများကလည်း အာဏာ၊ ဂုဏ်သိန်စည်းစိမ်များအတွက် တပ်မတော်ကို ပြိုကွဲအောင် မြေပေါ်၊ မြေအောက်ညှပ်၍ အဘက်ဘက်က ထိုးနှက်တိုက်ခိုက်လျက်ရှိကြသည်။ တပ်မတော်နှင့် ပြည်သူ၊ တပ်မတော်နှင့် လူငယ်မျိုးဆက်များ စည်းလုံးညီညွတ်မှုပြိုကွဲစေရန်လည်း မဟုတ်မမှန် လုပ်ကြံ၍ သွေးထိုးလှုံ့ဆော်လျက်ရှိကြသည်။

မည်သို့ဆိုစေ မြန်မာ့လွတ်လပ်ရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေး ပေါင်း မြောက်မြားစွာပေးဆပ်၍ အပင်ပန်းအဆင်းရဲခံခဲ့သော တပ်မတော်၏ ချီလေသည့် ခရီးစဉ်သည် ယခုဆိုလျှင် စိန်ရတုအလွန်ကာလသို့ပင် ကျော်လွန်ဖြတ်သန်းရင်း ၇၇ နှစ်တိုင် တိုင်ခဲ့လေပြီ။

နိုင်ငံတော်နှင့် ပြည်သူတို့အကျိုးအတွက် ချီလေရာ ခရီးစဉ်တိုင်းကား ပန်းခင်းသောလမ်းဟူ၍မရှိခဲ့။ စိန်ခေါ်မှုများ၊ အခက်အခဲများ၊ ဆူးငြောင့်ခလုတ်တံသင်း အတားအဆီးမျိုးစုံနှင့်။ သို့သော် ချီလေသည့်တပ်မတော်သည် မုန်တိုင်းကိုမမှု၊ အန်ကိုတုလျက် ချီမြဲချီဆဲ။ အဘယ်ကြောင့်ဆိုသော် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် သစ္စာအဓိဋ္ဌာန် ရင်ဝယ်ပိုက်၍ သမိုင်းအစဉ်အလာနှင့်အညီ ပေါ်ပေါက်ခဲ့သော မျိုးချစ်တပ်မတော်တစ်ရပ် ဖြစ်သောကြောင့်ပင်။

ခေတ်အဆက်ဆက် အသက် သွေးချွေး စဉ်မနှေး၊ ပေးဆပ်သည်မှာ တပ်မတော်ပါ။ ။

# မဟာဂုဏ်ဒြပ်နှင့် တပ်မတော်

☆ နွေပန်းချီသစ်၊ လေပြည်လှစ်စဉ်
ရင်နှစ်မျက်ဖျော်၊ တပ်မတော်၏
မြတ်မော်ကွန်းဝင်၊ သမိုင်းစဉ်ကို
ပီပြင်လှစွာ၊ တွေးမိပါသည်
ချိန်ခါညောင်းလည်း မဟောင်းအို . . .။
ခုနစ်ဆယ့်ခုနစ် ချိန်ခါဆို . . .။

☆ နိုင်ငံ့အရေး၊ လွတ်လပ်ရေးဟု
အရေးပင်မ၊ အခြေစလျက်
မြန်မာ့ရင်နှစ်၊ သားစစ်စစ်တို့
မိပစ်ဖပစ်၊ အိမ်ရာပစ်၍
တစ်စစ်တစ်မက်၊ ပြည့်အတွက်ဟု
ဖက်ရွက်ပမာ၊ သက်ခန္ဓာကို
သူငါမနှေး၊ နှင်းဆက်ပေးသည်
လေးစားဖွယ်တည့် ဂုဏ်မြင်းမိုရ် . . .။
"ဘီအိုင်အေ"အစ ဖွင့်ကာဆို . . .။

☆ လွတ်လပ်ရေးမှ၊ နှောင်းကာလဝယ်
ရေးကစဉ်လာ၊ ဆက်ခံကာလျှင်
ပြည်ရွာအနှံ့၊ တောမီးပျံ့သို့
ယှက်ဖြန့်ရောင်စုံ၊ အဖုံဖုံတည့်
သူပုန်ရန်ညစ်၊ ပြည်တွင်းဖြစ်နှင့်
ကျူးစစ်ပြည်ပ၊ အဝဝကို
စွမ်းစထင်းထင်း၊ ဖြိုဖျက်ခွင်း၍
ရှင်းလင်းသုတ်သင်၊ သမိုင်းစဉ်လည်း
မြင်လာထင်ရှား၊ ဂုဏ်မြင့်မားသည်
လေးစားယုံကြည် လောက်ဖွယ်ကို . . .။
ထိန်းသိမ်းလွတ်ရေး ဖွဲ့ညွှန်းဆို . . .။

☆ လွတ်လပ်ရေးမှာ၊ စတင်ကာလျှင်
ပြည်ရွာအတွက်၊ စဉ်ဦးရွက်သည့်
ရင့်ကျက်တွေ့ကြုံ၊ အဖုံဖုံပြင်
ကုံလုံစွမ်းရည်၊ ပြည့်စုံတည်လျက်
တိုင်းပြည်မျက်နှာ၊ မြဲကြည့်လာသည့်
ရှည်ကြာခိုင်ဖြိုး၊ အဖွဲ့စည်းကား
ကြီးမားခိုင်မာ၊ အစဉ်လာတို့
ယှဉ်ကာထွန်းပေါ်၊ တပ်မတော်တည့်
ထပ်ဖော်ဆိုညွှန်း ဝင့်တယ်ကို . . .။

☆ သို့နှင့်သို့နှင့်၊ ဂုဏ်ရည်တင့်ခဲ့
ကမ်းဆင့်ဝန်တာ၊ ကျေပွန်စွာလျှင်
ပြည်ရွာမွန်းနစ်၊ ဆိုးသနစ်တို့
မဖြစ်စေရေး၊ ဦးစားပေးလျက်
အရေးကြုံတိုင်း၊ တုံ့မဆိုင်းဘဲ
ကျောခိုင်းမနေ၊ ထိန်းခဲ့ပေသည်
ရွှန်းဝေဂုဏ်ရောင် လွှမ်းတယ်ကို . . .။

☆ အလို . . .
သမိုင်းစဉ်ဆက်၊ ပြည်သူ့ဘက်မှ
သမိုင်းစဉ်ဆက်၊ နိုင်ငံဘက်မှ
ရက်ရက်မရွံ့၊ နောက်မတွန့်ဘဲ
စွန့်စားရွက်ထမ်း၊ မပျက်တမ်းလျှင်
လမ်းမှန်တည့်စွာ၊ လျှောက်လှမ်းလာသည့်
မဟာဂုဏ်ဒြပ်၊ အထပ်ထပ်တို့
မပြတ်ထင်ပေါ်၊ တပ်မတော်ကား
ခုသော်နောင်များ၊ မဖောက်ပြားမို့
လေးစားညွှန်းဆို လောက်ဖွယ်ကို . . .။
လက်ာသီဖွဲ့ ဂုဏ်ပြုဆို . . .။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**